PDF Compressor Free Version

# သစ်တောကြေးမုံ

၂၀၂၄ ခုနှစ်၊ ဇွန်လ



"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှား ဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"

"Land Restoration, Desertification and Drought Resilience"

WORLD ENVIRONMENT DAY

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (ဇွန်လ ၅၊ ၂၀၂၄ ခုနှစ်)

World Environment Day

PDF Compressor Free Version

# မာတိကာ

**မျက်နှာဖုံး**

✧ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစိုက်ခင်း(ညောင်ဦးမြို့နယ်) (ဓါတ်ပုံ– အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး) မျက်နှာဖုံး

**ခေါင်းကြီး**

✧ သဲကန္တာရတိုက်ဖျက်ရေး ပြည်သူအားလုံးပါဝင်ပေး ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ ည်းများဖမ်းဆီးရမိခြင်းသတင်းများ ၂–၄

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ နွေရာသီအပူဒဏ်ကာကွယ်နိုင်ဖို့ ဒေသမျိုးရင်းသစ်မျိုးများစိုက်ပျိုးကြပါစို့ - **ဒေါက်တာ သောင်းနိုင်ဦး** ၁၄–၁၈

**အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ**

✧ မြန်မာအတိုင်းအတာများနှင့် ဘိုးတော်ဆုပ်ပတ် တိုင်းနည်း - **ဝင်းချစ်(အမျိုးသားစာပေဆုရ)** ၅–၁၀

✧ ဒီရေတော၏ လေရှူမြစ်များ - **ရန်စိုးအောင် (ဦးစီးအရာရှိ)** ၂၂–၂၄

✧ ပြုံးမိတယ် - **အုန်းလွင်လေး** ၃၈–၄၀

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး … –**ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း)** ၁၁–၁၃

✧ စိမ်းလန်းသာယာ ပြည်မြန်မာ – **မောင် (၂၀၀၁)** ၃၅–၃၇

**ဘဝတစ်ကွေ့ကဏ္ဍ**

✧ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (တိုးချဲ့) ဖွဲ့စည်းရေး .... - **သိုက်ဝင်းထွန်း** ၁၉–၂၁၊ ၂၄

✧ ရေဆင်းမြေမှာလေးနှစ်ကြာ(၆) - **အောင်ခင်(သစ်တော)** ၂၆–၂၉

✧ သစ်တောစိုက်ခင်းသမားတစ်ယောက်ရဲ့ဘဝအစိတ်အပိုင်းများ(၉) - **အောင်ကျော်စိုး (ဂ၃)** ၃၀–၃၄

✧ ကျား ကျား ဘာကျားလဲ - **စိန်လှိုင်** ၂၅

✧ မိခင်တစ်ယောက်အကြောင်း - **တင်ဝင်း** ၄၇–၄၈

**ကဗျာ / ကာတွန်းကဏ္ဍ**

✧ ကမ္ဘာမြေ ချစ်သူများ (ကဗျာ) - **စိုပြည်-ကောမှူး** ၄၉

✧ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့(ကာတွန်း) - **အော်ပီကျယ်** ၄၉

**အင်္ဂလိပ်ကဏ္ဍ**

✧ Some Miscellaneous Notes of Myint Swe - **Myint Swe(1975)** ၄၁

✧ An Old Forest Looks Back.(25)- -------- - **U Sein Thet** ၄၂–၄၅

**နောက်ကျောဖုံး**

✧ ကရမက်ပင် - **ဦးဟုတ်လင်း** ၄၆ နောက်ကျောဖုံး

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးစိုးမြင့်သိန်း
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ–၀၀၄၀၀)

**စာတည်း**

ဦးခိုင်ညွှန့်–ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးမင်းလင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)
ဦးချမ်းမြေ့အောင်(၁) ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ–၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ–၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်
ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
fdextension39@gmail.com

# သဲကန္တာရတိုက်ဖျက်ရေး ပြည်သူအားလုံးပါဝင်ပေး

PDF Compressor Free Version

သစ်တောများသည် လူသားများအတွက် သစ်၊ ထင်း၊ ဝါး၊ ဆေး၊ အစားအစာစသည့် သစ်တောထွက်ပစ္စည်းများသာမက ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေနှင့်လေသန့်စင်ပေးခြင်း၊ ကမ္ဘာ့လေထုအား ပူနွေးစေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များစုပ်ယူသိုလှောင်ပေးခြင်း၊ သဲကန္တာရ ဖြစ်ထွန်းမှုအား တားဆီးပေးခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုစဉ်ဆက်မပြတ်ထောက်ပံ့ပေးလျက်ရှိသဖြင့် သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အတွက်ဖြစ်သည်ဆိုသော ညွှန်းဆိုချက်သည် ဧကန်မလွဲပေ။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝှမ်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ကြုံတွေ့လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း တစ်နှစ်ပြီးတစ်နှစ် အပူချိန်ညွှန်းကိန်းကိုကျော်လွန်၍ ပိုမိုပူပြင်းလာလျက်ရှိသည်မှာ လက်တွေ့ပင်ဖြစ်သည်။ ဆက်စပ်ဆိုရလျှင် နှစ်စဉ်ကမ္ဘာတစ်ဝှမ်းကျင်းပလေ့ရှိသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ၂၀၂၄ ခုနှစ် ဆောင်ပုဒ် (Theme) မှာ "Land Restoration, Desertification and Drought Resilience (*သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး*) ဖြစ်ပြီး ရာသီဥတု ပြောင်းလဲမှု၊ မိုးခေါင်ရေရှားမှုနှင့် သဲကန္တာရဖြစ်ထွန်းနိုင်မှုများအား ထိထိမိမိ မီးမောင်းထိုးပြနေကြောင်း တွေ့ရှိရပါသည်။

ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD) အဖွဲ့မှ သတ်မှတ်ထားသည့် သဲကန္တာရဖြစ်ထွန်းမှု ဝိသေသနလက္ခဏာများမှာ မိုးရွာသွန်းမှု ပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေနည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ လေထုနှင့် မြေထုအပူချိန်မြင့်မားမှုဒဏ်ကြာရှည်စွာခံစားရခြင်း၊ အပူချိန်အတက်အကျလွန်ကဲခြင်း၊ မြေဆီလွှာရေငွေ့ပျံမှုနှုန်းမြင့်မားခြင်း၊ စိုထိုင်းဆနိမ့်ခြင်း၊ မြေဆီခမ်းခြောက်ခြင်းနှင့် မြေယာအရည်အသွေး အဆင့်အတန်းကျဆင်းခြင်း၊ ရေနှင့်လေတိုက်စားမှုများကြောင့် အပေါ်ယံမြေဆီလွှာတိုက်စားမှုများပြားခြင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးဆိုင်ရာ 'ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း' အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့် အညီအပူပိုင်းဒေသများအပါအဝင် နိုင်ငံအဝန်းနည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာများတိုးမြှင့်သုံးစွဲနိုင်ရေးဆောင်ရွက်ခြင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးနှင့် သစ်ပင်စိုက်ပျိုးရေးဆိုင်ရာအသိပညာများအား ပြည်သူများအကြားတိုးချဲ့ပညာပေးခြင်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အထိခိုက်လွယ်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ပြင်းထန်လွန်ကဲသော မိုးလေဝသအခြေအနေများကြောင့် သဘာဝဘေးအန္တရာယ်များ နေရာအနှံ့ ကြုံတွေ့ခဲ့ရပါသည်။ အဆိုပါ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် အကောင်းဆုံး နည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ မိုးရာသီမှစ၍ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများကို တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများမှ ချစ်ခင်စည်းလုံး ညီညွတ်စွာဖြင့် အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

**(၁) ကာကွယ်ခြင်း**

**ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပန်းကျင်ကို ကာကွယ်ရမည်။**

**(၂) ထာဝစဉ်တည်တံ့စေခြင်း**

**လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

**(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

**ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။**

**(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။**

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

**သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။**

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။**

## သတင်းများကဏ္ဍ

PDF Compressor Free Version

### ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် (၂-၅-၂၀၂၄)ရက်နေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံကြား ရာသီဉတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များ၊ သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • •

### နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ (စတုတ္ထအကြိမ်) အစည်းအဝေးကျင်းပခြင်း



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို (၁၃-၅-၂၀၂၄)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဦးခင်မောင်ရီက အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ၊ ရေထွက်သယံဇာတများ ရေရှည်တည်တံ့အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် လိုအပ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောပင်နှင့်အရိပ်ရပင်များ (Green Belt) တိုးမြှင့်စိုက်ပျိုးရေး၊ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးရေး၊ ရေအောက်သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများအား ထိန်းသိမ်းရန်အတွက်အရေးကြီးသော Hot Spot နေရာများ သတ်မှတ်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊

ထို့ပြင် မြန်မာနိုင်ငံတွင် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ရေးအစီအစဉ်ကို ရေးဆွဲအကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စွန့်ပစ်အမှိုက်များပင်လယ်တွင်းရောက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးလုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဦးမင်းနောင်က Blue Economy ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ကဏ္ဍအလိုက်ဖော်ထုတ်ချမှတ်နိုင်ရေး၊ ကမ်းရိုးတန်းသယံဇာတကိုမထိခိုက်သောစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါသယံဇာတထိန်းသိမ်းရေး၊ သုတေသနနှင့်နည်းပညာဖလှယ်ရေးပူးပေါင်းအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ငါးမဖမ်းရ နယ်မြေများသတ်မှတ်ဆောင်ရွက်ရေး၊ ငါးမဖမ်းရ ရာသီကာလ

သတ်မှတ်ရေး၊ တရားမဝင် ငါးဖမ်းဆီးမှုများကာကွယ်ရေး၊ သဘာဝမှရရှိသောသယံဇာတများကို မှီခိုထုတ်လုပ်မှုလျော့နည်းစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်းတိုးတက်လာစေရေးတို့ကိုဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသရှိ သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များ၊ ကျွန်းနှင့်ကျွန်းစုများထိန်းသိမ်းကာကွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဟန်ချက်ညီညီဖြစ်စေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း မှာကြားသည်။

PDF Compressor Free Version

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ကော်မတီ၏လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြောင်း သိရှိရသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အပူပိုင်းဒေသရှိ ခရိုင်များအတွင်း တစ်ရွာ (၂) ဧက ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကွင်းဆင်းစစ်ဆေးခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ၁၈-၅-၂၀၂၄ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ တောင်ကန်ကြီးကျေးရွာရှိ ၂၀၂၄ ခုနှစ် မိုးရာသီကျေးရွာထင်းစိုက်ခင်း တစ်ရွာ (၂) ဧကတည်ထောင်မည့်မြေနေရာများ ပြုပြင်ဆောင်ရွက်ထားမှုကိုကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပေါက်ပင်အိုင့်ကျေးရွာရှိ ၂၀၂၄ ခုနှစ် မိုးရာသီအကြို ဘက်စုံသုံးတစ်ရွာ(၂) ဧကစိုက်ပျိုးထားရှိမှုနှင့် ကျေးရွာစာကြည့်တိုက်များကိုလည်းကောင်း၊ ရေငံကျေးရွာ ၂၀၂၄ မိုးရာသီ ကျေးရွာထင်းစိုက်ခင်းတစ်ရွာ (၂) ဧက တည်ထောင်မည့်မြေနေရာ ပြုပြင်ဆောင်ရွက်ထားမှုအခြေအနေကိုလည်းကောင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ နတ်ပလင်ကျေးရွာရှိ ၂၀၂၄ မိုးရာသီအကြို ဘက်စုံသုံး တစ်ရွာ (၂) ဧက စိုက်ပျိုးထားရှိမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးရွာလူထုနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧက (၂၂၀၀၀) ကျော်တွင် အပင်ပေါင်း (၂၂.၃) သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် (၁၃)ခုတွင် အထူးစီမံချက်ဖြင့် တစ်ရွာ (၂)ဧက ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမည့် သစ်မျိုးများကိုလည်း ပျိုးပင်သက်တမ်း (၂) နှစ်အထက် ပျိုးပင်အမြင့် (၂)ပေအထက်ရှိသည့် ဒေသမျိုးရင်းသစ်မျိုးနှင့် အရိပ်ရလေကာသစ်မျိုးများကို တစ်ပင်စိုက် တစ်ပင်ရှင်အောင် တစ်ရွာလျှင် ဝန်ထမ်းတစ်ဦးသတ်မှတ်တာဝန်ပေးပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံကျေးရွာလူထုကလည်း မိမိတို့ရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန် အတူတကွပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ်ရှိ နဘူးတောပျိုးဥယျာဉ်အတွင်း သစ်မျိုး (၁၆) မျိုးဖြင့် ပျိုးပင် (၆၇၀၀၀) ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက အပူပိုင်းဇုန် ခရိုင် (၁၃) ခုအတွင်း တစ်ရွာ (၂) ဧက ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းတည်ထောင်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စု

PDF Compressor Free Version

ဝန်ကြီးက လုပ်ငန်းအဆင့်အလိုက် အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန်နှင့် တစ်ရွာ(၂)ကေ စိုက်ခင်း တည်ထောင်ခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်ရှိ ရွှေပုံတောင် ပျိုးဥယျာဉ်အတွင်း သစ်မျိုး (၃၂) မျိုးဖြင့် ပျိုးပင် တစ်သိန်းကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ချောက်မြို့နယ် ကိုင်းထောက်ကန်ကျေးရွာ (၁/၂၀၂၄) ကျေးရွာထင်းစိုက်ခင်း ၂၀ ကေ စိုက်ပျိုးမည့်နေရာ မြေပြုပြင်ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ကိုင်းထောက်ကန်ကျေးရွာ ၂၀၂၄ ခုနှစ် မိုးရာသီကျေးရွာထင်းစိုက်ခင်း တစ်ရွာ (၂)ကေ စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ၂၀၂၃ မိုးရာသီအထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း အပင်(၃၀၀၀) ရှင်သန်အောင်မြင်မှုအခြေအနေကိုလည်းကောင်း၊ ကိုင်းထောက်ကန်ကျေးရွာ ၂၀၂၄ မိုးရာသီ ဘက်စုံသုံးစိုက်ခင်း တစ်ရွာ(၂) ကေ စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့်တွေ့ဆုံ၍ ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ယာကြီးပြင်ကျေးရွာ ၂၀၂၄ မိုးရာသီအကြို ကျေးရွာထင်းစိုက်ခင်း တစ်ရွာ (၂) ကေ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ဂျုတ်ပင်ကျေးရွာ ၂၀၂၄ မိုးရာသီကျေးရွာထင်းစိုက်ခင်း တစ်ရွာ (၂) ကေ စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မကွေးမြို့နယ်ရှိ အင်တိုင်းကြီးရွာ ၂၀၂၄ မိုးရာသီ ဘက်စုံသုံးစိုက်ခင်း တစ်ရွာ(၂)ကေစိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာစာကြည့်တိုက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံများနှင့်တွေ့ဆုံ၍ ရာသီဥတုပြောင်းလဲမှု၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သစ်တောသစ်ပင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၆-၅-၂၀၂၄) ရက်မှ (၁၂-၅-၂၀၂၄) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၃၉.၉၃၂၀)တန်၊ သစ်မာ (၁၁၈.၈၇၂၈)တန်၊ အခြား(၂၆.၈၁၄၈)တန်၊ စုစုပေါင်း (၁၈၅.၆၁၉၆)တန်၊ ယာဉ်/ယန္တရား(၁၈)စီး၊ တရားခံ(၃၃)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၁၁-၅-၂၀၂၄ ရက်နေ့၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ သူရဲတန်း(ခ)ဘီနယ်၊ ကျောက်ဖူးချောင်းဘေးမြေကွက်လပ်နေရာ/ ဦးမျိုးသူအောင်၏နေအိမ်ခြံဝင်းအတွင်း/ ဦးလှရွှေ၏ နေအိမ်ခြံဝင်းအတွင်း/ ညောင်ခြေထောက်ကျေးရွာမှ (၄.၅)မိုင်ခန့်အကွာနေရာတို့မှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ ဘင်္ကသစ်လုံး/ ခွဲခြမ်း/ ခွဲသား/ ပုံတို/ စုစုပေါင်း (၂၀၅၉)ချောင်း (၇၇.၂၉၁၀) တန်၊ အင်ဂျင်(၁)လုံး၊ လွှစိုင်း (၁)စိုင်း၊ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပါသည်။






PDF Compressor Free Version

# မြန်မာအတိုင်းအတာများနှင့် ဘိုးတော်ဆုပ်ပတ်တိုင်းနည်း

ဝင်းချစ် (အမျိုးသားစာပေဆုရ)

အမရပူရမြို့နန်းတည် ဘိုးတော်ဘုရား (ဗဒုံမင်း – နန်းသက် – ခရစ်နှစ် ၁၇၈၂ မှ ၁၈၁၉) လက်ထက်တွင် မြန်မာအတိုင်းအတာယူနစ်များနှင့် သစ်လုံးတစ်လုံး၏ အသား(သစ်သား) ပမာဏကို ခန့်မှန်းသည့် ဆုပ်ပတ်တိုင်းနည်းတို့ကို ထုတ်ပြန်ခဲ့သည်။

အရှည်ကိုတိုင်းတာသည့် မြန်မာယူနစ်များတွင် အငယ်ဆုံးယူနစ်သည် ဆံခြည်မျှင်ဖြစ်ပြီး အကြီးဆုံး ယူနစ်သည် ယူဇနာဖြစ်သည်။ ယင်းယူနစ်များ၏ ဆက်စပ်ပုံများကို အောက်တွင် ဖော်ပြထားပါသည်။

| | | | |
|---|---|---|---|
| ၁၀ | ဆံခြည် | ......... | ၁ နှမ်း |
| ၆ | နှမ်း | ......... | ၁ မုယော |
| ၄ | မုယော | ......... | ၁လက်သစ် |
| ၈ | လက်သစ် | ......... | ၁ မိုက် |
| ၃ | မိုက် | ......... | ၁ တောင် |
| ၇ | တောင် | ......... | ၁ တာ |
| ၂၀ | တာ | ......... | ၁ ဥသဘ |
| ၂၀ | ဥသဘ | ......... | ၁ ကောသ |
| ၄ | ကောသ | ......... | ၁ ဂါဝုတ် |
| ၄ | ဂါဝုတ် | ......... | ၁ ယူဇနာ |

ရင်းမြစ် - မြန်မာအဘိဓာန် (ဒုတိယအကြိမ်)




အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ –ဗြိတိသျှအတိုင်းအတာယူနစ်များတွင်လည်း လက်မ – inch၊ လက်ဝါး – hand၊ ခြေထောက် – foot နှင့် ကိုက် – yard များပါဝင်သည်။ မြန်မာယူနစ်များတွင် – လက်သစ်၊ မိုက်၊ ထွာ၊ တောင် နှင့် လံ များပါဝင်သကဲ့သို့ပင် ဖြစ်ပါသည်။ one inch ကို အစဦးသတ်မှတ်ခဲ့စဉ်က ယောကျ်ားကြီးတစ်ဦး၏ လက်မအကျယ် ( an inch was the width of a man's thumb) ဖြစ်ပြီး one hand နှင့် one foot သည်လည်း ယောကျ်ားကြီးတစ်ဦး၏ လက်ဝါး၏အကျယ်/ဖျက်နှင့် ခြေထောက်၏အလျား (ဖနောင့်မှခြေမထိပ်အထိ) များဖြစ်သည်။ သုံးလက်ဝါးတွင် ၁ပေ ရှိသည်။ အရပ်ဖြေပေဝန်းကျင်ရှိကြသည့် အင်္ဂလိပ်ယောကျ်ားကြီးများ၏ ခြေထောက်သည် ၁ပေ အထိရှိနိုင်ပါသည်။ (တွက်ချက်မှုအမျိုးမျိုးနှင့်စံနှုန်းများ၊ စာ – ၆၄) one yard သည် အင်္ဂလန်ပြည့်ရှင် ဟင်နရီ – ၁ ၏ နှာခေါင်းမှ ဆန့်တန်းထားသည့်လက်၏ လက်မအထိရှိသည့် အတိုင်းအတာဖြစ်သည်။ (In the 12th century, King Henry I of England fixed the yard as the distance from his nose to the thumb of his outstretched arm.) တစ်လက်မသည် ယောကျ်ားကြီးတစ်ဦး၏ လက်မ – (လက်သည်းအောက်ခြေတွင်ရှိသည့် လက်မ)၏ ဖျက်ဖြစ်သည်။ အနီးစပ်ဆုံးအမှန်ဖြစ်စေရန်အတွက် မထွားကြိုင်းသူ၊ အသင့်အတင့်ရှိသူ၊ ထွားကြိုင်းသူသုံးဦး၏လက်မဖျက်များကိုတိုင်းပြီး ပျမ်းမျှကိုယူထားခဲ့ခြင်းဖြစ်ပါသည်။ ခရစ်နှစ် ၁၁၅၀ က စကော့တလန်ပြည့်ရှင် ဒေးဗစ် – ၁ က သတ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ (The old English ynce was defined by King David I of Scotland about 1150 as the breadth of a man's thumb at the base of the nail. To help maintain the consistency of the unit, the measure was usually achieved by adding the thumb breadth of three men - one small, one medium, and one large- and then dividing the figure by three. The unit derives from the Old English ince, or ynce, which in turn came from the Latin unit unica, which was "one-twelfth of a Roman foot.")

မြန်မာအတိုင်းအတာများတွင် အထက်ဖော်ပြပါယူနစ်များအပြင်**ထွာ**၊ **လံ**၊ **ရာတွင်း** (ယခွင်း ဟုအသံထွက်သည်)နှင့် တိုင်ဆိုသည့်ယူနစ်များလည်း ရှိသေးသည်။ (၁ ထွာတွင် ၁၂ လက်သစ်ရှိသဖြင့် ၁ တောင်တွင် ၂ထွာရှိသည်။ ၁ လံ တွင် ၄ တောင်ရှိသည်။ ခြေစုံရပ်ပြီး လက်နှစ်ဖက်ကို ဘေးသို့တည့်တည့်ဆန့်ထုတ်သည့်အနေအထားတွင် ဘယ်ဘက်လက်ခလယ်ထိပ်မှ ညာဘက်လက်ခလယ်ထိပ်အထိ အကွာအဝေးသည် တစ်လံဖြစ်သည်။ (‘**တစ်နေ့တစ်လံ ပုဂံဘယ်ရွေ့မလဲ**’ ဆိုသည့်

ဆိုရိုးစကားရှိသည်။ တစ်နေ့ကို ၄ တောင်တည်းသာ သွားနိုင်သည်ပဲဖြစ်စေ ပုဂံတာဘယ်ကိုမှ ရှေ့မသွားသည့်အတွက် တစ်နေ့နေ့ကျရင်တော့ ပုဂံကိုရောက်သွားမှာပဲဟုဆိုလို ရင်းဖြစ်ပါသည်။) ထို့ကြောင့်ပင် တစ်လံသည် အထက်တွင်ဖော်ပြခဲ့သည့် အင်္ဂလိပ်အတိုင်းအတာ Yard၏ နှစ်ဆဖြစ်နေခြင်းဖြစ်သည်။ တစ်လံ၏အလယ်ဗဟိုသည် ရင်ညွန့်ဖြစ်ရာ နှာခေါင်းသည် ရင်ညွန့်နှင့်တစ်တန်းတည်း ကျနေခြင်းကြောင့်ဖြစ်သည်။ လူမျိုးအလိုက် တိုင်းတာသည့်စနစ်များမတူကြသော်လည်း လူ့ခန္ဓာကိုယ်မှ လက်၊ ခြေထောက်စသည်များ၏ ဆက်စပ်မှုများဖြင့် သတ်မှတ်ထားကြခြင်းဖြစ်ပါသည်။ မြန်မာစနစ်တွင် လက်သစ်ကို အခြေခံကာ အင်္ဂလိပ်စနစ်တွင် လက်မကို အခြေခံသည်။ ထို့ကြောင့်ပင် စနစ်များကွဲပြားကြသော်လည်း ယူနစ်များ ကြီးသွားသည့်အခါတွင် ကိုက်ညီနေကြခြင်းဖြစ်သည်။ ၁ တိုင်သည် ၂ မိုင်နီးပါးရှိသကဲ့သို့ ဖြစ်ပါသည်။

PDF Compressor Free Version

တောထဲတွင် ထင်းခုတ်ရောင်းသူများက ထင်းပုံကို –အလျားတစ်လံ၊ အနံတစ်လံနဲ့ အမြင့်တစ်လံ ပုံလေ့ရှိကြသည်။ **လံပုံထင်း**ဟုခေါ်သည်။ ၄ တောင် (၆ ပေ)စီရှိသည့်အတွက် ထင်းပုံ၏ထုထည်သည် ၂၁၆ ကုဗပေရှိသည်။ ဝါးရုံမှ ဝါးတစ်လုံးကိုခုတ်ပြီး မိမိလက်နဲ့ ၄ တောင်တိုင်းဖြတ်ကာ ထင်းပုံကို ထိုဝါးလုံးနဲ့တိုင်း၍ပုံကြခြင်း ဖြစ်သည်။ (ပေကြိုးများ – tape အသုံးပြုမှု မတွင်ကျယ်မီယခင်ခေတ်ကလက်သမားဆရာများနှင့် ကျေးလက်နေပြည်သူများသည် မိမိ၏တစ်တောင်သည် စံထားသည့်တောင် – ၁၈ လက်မနှင့် လက်သစ်မည်မျှကွာသည်ကိုသိရှိရန် တိုင်းထားလေ့ရှိကြပါသည်။ တိုင်းတာစရာရှိပါက အလွယ်တကူခန့်မှန်းနိုင်ရန်ဖြစ်ပါသည်။)

လံ နည်းတူ **လက်ခုပ်တစ်ဖောင်** ဆိုသည့် မြန်မာအတိုင်းအတာယူနစ်တစ်ခုရှိသေးသည်။ လူတစ်ယောက်၏ ခြေဖဝါးမှ မတ်တပ်ရပ်လျက်မြှောက်ထားသည့်လက်ထိပ်အထိ အမြင့်ကို လက်ခုပ်တစ်ဖောင်ဟု ခေါ်ဆိုသည်။ လက်ကိုအထက်တည့်တည့်သို့ မြှောက်ထားသည့်အခါ လက်သည် ဦးခေါင်း၏အထက်တွင် တစ်တောင်ထွက်နေသည်။ အရပ် ၅ ပေ ၆လက်မရှိသူတစ်ဦး၏ တစ်တောင်သည် ၁၈ လက်မရှိပါက – လက်ခုပ်တစ်ဖောင်သည် ၇ ပေရှိမည်ဖြစ်သည်။ အရပ် ၆ ပေ ရှိသူ တစ်ဦး၏တစ်တောင်သည် ၁၈ လက်မရှိလျှင် – လက်ခုပ်တစ်ဖောင်သည် ၇ ပေ – ၈ လက်မရှိမည်ဖြစ်သည်။ အရပ်ပေါ်တွင်မူတည်၍ လက်ခုပ်တစ်ဖောင်၏ အတိုင်းအတာသည် ကွာခြားသွားမည်ဖြစ်သည်။ လက်ခုပ်တစ်ဖောင်ကိုအကြမ်းဖျင်း ၇ ပေ ရှိ သည်ဟုမှတ်သားထားကြသည်။

၁ ရာတွင်းတွင် တာ ၁၀၀ ရှိပြီး ၁ တိုင်တွင် တာ ၁,၀၀၀ ရှိသည် (၁ တိုင် = ၁၀ ရာတွင်း)။ (တွက်ချက်မှုအမျိုးမျိုးနှင့်ပတ်သက်သည့် စံနှုန်းများ၊ စာ – ၆၃) ရှေးခေတ်က ရွာတစ်ရွာနှင့် တစ်ရွာအကွာအဝေးကို ရာတွင်းဖြင့်လည်းကောင်း၊ တိုင်ဖြင့်လည်းကောင်း ညွှန်းဆိုလေ့ရှိခဲ့ကြသည်။ စာရေးသူငယ်စဉ်က မိဘဘိုးဘွားများထိုသို့ပြောဆိုကြသည်ကို ကြားဖူးခဲ့ပါသည်။

၁ တောင်တွင် ၁၈ လက်မဖြင့်တွက်ပါက–၁ ရာတွင်း၌ ၀.၁၉၈၈၆ မိုင်ရှိပြီး၊ ၁ တိုင်တွင် ၁.၉၈၈၆ မိုင်ရှိပါသည်။

ငယ်စဉ်ကပင်မှတ်သားခဲ့သော ၁ တိုင်တွင် ၂မိုင်ရှိသည်ဆိုခြင်းနှင့်ကိုက်ညီနေပါသည်။ (၂၀၀၉ မေလထုတ် မန္တလေး အနှစ် ၁၅၀ ပြည့် မဂ္ဂဇင်းတွင် ပါရှိသည့် ဆရာကြီးရွှေပြည်ဦးဘတင်၏ 'မန္တလေးရတနာပုံ နေပြည်တော်ဒေသန္တရ ရာဇဝင်ပညာ'ဆောင်းပါး၌ မန္တလေးနန်းတော်မြို့ရိုး၏ မျက်နှာတစ်ဖက်သည် တာ ၆၀၀ ရှိကြောင်းဖော်ပြထားပါသည်။) ထို့ပြင် ၁ ယူဇနာတွင် ၁၂.၇၂ မိုင်ရှိရာ ဆရာတော်ကြီးများက မြတ်စွာဘုရား မဇ္ဈိမဒေသ၌ ဒေသစာရီကြွချီတော်မူသည့်အကြောင်းကို ဟောကြားသောတရားတော်များတွင် ခရီးအကွာအဝေးကို ယူဇနာဖြင့်ဟောပြီး တစ်ယူဇနာလျှင် ၁၃ မိုင်ခန့်ရှိကြောင်း ဟောကြားခဲ့ကြသည်များနှင့်လည်း ကိုက်ညီနေပါသည်။

အထက်ဖော်ပြပါ မြန်မာယူနစ်များတွင် ဆံခြည်မျှင်သည် အခြေခံအကျဆုံးဖြစ်နေသဖြင့် ကျန်ယူနစ်များ၏ အတိုင်းအတာများသည် ဆံခြည်၏အရွယ်ပေါ်တွင် မူတည်လျက် အပြောင်းအလဲရှိမည်ဖြစ်သည်။ ဆံခြည်၏ အရွယ်သည်လည်း လူမျိုး၊ ဆံပင်သန်သူ၊ ဆံပင်မသန်သူ စသည်တို့ပေါ်တွင် မူတည်၍ပြောင်းလဲနေပါသည်။ ဥပမာ – ဥရောပတိုက်သားများ၏ ဆံခြည်အချင်းသည် ၀.၀၄ မှ ၀.၀၆ မီလီမီတာရှိပြီး အာရှတိုက်သားများ၏ ဆံခြည်အချင်းသည် ၀.၀၈ မှ ၀.၁၂ mm ရှိကြောင်း၊ သာမန်ဆံပင်များ၏ အချင်းသည် ၀.၀၆ မှ ၀.၀၈ mm ရှိကာ တုတ်သည့်ဆံပင်များ၏အချင်းသည် ၀.၀၈ မှ ၀.၁၂ mm ထိ ရှိကြောင်းသိရှိရပါသည်။ (မြေးတို့ဖတ်ဖို့၊ စာ – ၃၁မှ ၄၀)

**သံတောင်နှင့်ဆင်တောင်**

မြန်မာမင်းများလက်ထက်က တောင်နှစ်မျိုး ရှိခဲ့သည်။ ''သံတောင်''နှင့် ''ဆင်တောင်''ဖြစ်သည်။ မြန်မာအဘိဓာန်တွင် သံတောင်တွင် ၁၉ လက်မနှင့် ဆင်တောင်တွင် လက်မ ၂၀ ရှိကြောင်း ဖော်ပြထားပါသည်။ ၁၉ လက်မရှိသည့် သံတောင်ဖြင့် တွက်ကြည့်မည်ဆိုပါက – ဆံခြည်မျှင်၏အချင်းသည် ၀.၀၈၃၈၇၄ mm [၁၉÷ (၃×

၈× ၄ × ၆ × ၁၀) = ၀.၀၀၃၂၉၈၆ လက်မ= ၀.၀၈၃၇၈၄ mm] ရှိ [illegible] ဆိုပါက – ၀.၀၀၃၄၇၂၂ လက်မ = ၀.၀၈၈၁၉၄ mm ရှိပါသည်။ အထက်တွင်ဖော်ပြခဲ့သောဆံပင်အမျိုးမျိုး၏ အချင်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ဘိုးတော်ဘုရားစံထားခဲ့သည့် ဆံခြည်မျှင်သည် တုတ်သည့်အစားထဲမှ ဖြစ်နေပါသည်။

PDF Compressor Free Version

လူတစ်ယောက်၏အရပ်အမြင့်နှင့် တစ်တောင်၏ ဆက်စပ်မှုကို အကြမ်းဖျင်းသိလိုသဖြင့် စာရေးသူ၏ ဆွေမျိုးနှင့် တပည့် ၂၀ ၏ တစ်တောင်များကို လက်တွေ့တိုင်းကြည့်ခဲ့ရာ – အရပ် ၅ ပေ – ၇ လက်မ ရှိသူများ၏ တစ်တောင်သည် ၁၇.၅ လက်မဝန်းကျင်တွင်ရှိကြပြီး အရပ် ၅ ပေ – ၈ လက်မ ရှိသူများသည် ၁၈လက်မကျော်ကျော်ရှိကြသည်။ အရပ် ၅ ပေ – ၁၀ လက်မ ရှိသူများသည် ၁၈.၅ လက်မ မှ ၁၉ လက်မထိရှိကြကာ အရပ် ၅ ပေ – ၁၁ လက်မရှိသူများသည် ၁၉ လက်မမှ ၁၉.၅ လက်မရှိကြသည်ကို တွေ့ရှိခဲ့ရပါသည်။ ၎င်းပြင် အရပ် ၆ ပေရှိသူနှစ်ဦး၏ တစ်တောင်သည် ၁၉.၅ လက်မစီ ရှိကြပြီး ရှားရှားပါးပါး အရပ် ၆ပေ – ၁ လက်မ ရှိသူတစ်ဦးသည် လက်မ ၂၀ တိုင်ရှိနေပါသည်။ (အရပ် အနိမ့်အမြင့် အမျိုးမျိုးရှိသည့် လူ ၁၀၀၀ ၏ အရပ်နှင့် တစ်တောင်များကို သေချာစွာတိုင်းကြည့်ပါက အရပ်အမြင့်နှင့် တစ်တောင်တို့၏ဆက်စပ်မှုကို အနီးစပ်ဆုံးသိရှိနိုင်မည်ဖြစ်ပါသည်။) ထို့ကြောင့် မြန်မာမင်းများက တောင် အပါအဝင် အတိုင်းအတာများကိုသတ်မှတ်ခဲ့ရာတွင် မည်သည့်ပစ္စည်း (ဆံခြည်၊ နှမ်း၊ မုယော)၊ မည်သည့်ပုဂ္ဂိုလ်ကို စံအဖြစ်ထားကာ အခြေခံခဲ့သည်ဆိုသည်မှာအဓိကကျနေပါသည်။ ဘိုးတော်ဘုရား၏ တစ်တောင်သည် ၁၉ ၃/၈ လက်မ (၁၉ လက်မနှင့်တစ်မူး)ရှိပြီး မင်းတုန်းမင်း၏တစ်တောင်သည် ၁၈ လက်မရှိကြောင်း– မြန်မာ့ကျွန်းရတနာစာအုပ်၊ စာမျက်နှာ ၁၁၈ တွင်ဖော်ပြထားပါသည်။ ထို့ကြောင့် စာရေးသူ၏လေ့လာထားမှုအရဆိုလျှင် ဘိုးတော်ဘုရား၏ အရပ်သည် ၅ ပေ – ၁၁ လက်မ ဝန်းကျင်တွင်ရှိနိုင်ပြီး မင်းတုန်းမင်း၏အရပ်သည် ၅ ပေ–၇လက်မ ဝန်းကျင်၌ရှိဖို့များပါသည်။ မင်းတုန်းမင်း၏ဓာတ်ပုံများအရလည်း မင်းတုန်းမင်းသည် အရပ်မပုသော်လည်း အရပ် သိပ်မမြင့်သည်ကိုမူ ခန့်မှန်း၍ရပါသည်။ (ဘိုးတော်ဘုရားသည် အလောင်းမင်းတရား၏ စတုတ္ထသားတော်ဖြစ်ပြီး မင်းတုန်းမင်းသည် ဘိုးတော်ဘုရား၏ မြစ်တော်ဖြစ်ပါသည်။)

အမရပူရမြို့မှ ပယ်ပုံတော်ဝင်းအတွင်းရှိ ဘိုးတော်ဘုရား၏ မင်းပယ်ပုံကျောက်စာနှင့် ပကတိပယ်ပုံကျောက်စာနှစ်ခု၏ထိပ်တွင် တစ်တောင်၏ အတိုင်းအတာကို ထွင်းထု၍ ပြသထားသည့်မျဉ်းကြောင်းများကို တွေ့ရှိရပါသည်။ ထိုမျဉ်းနှစ်ကြောင်း၏အလျားများသည် ၁၉.၀၅ လက်မစီရှိကြပါသည်။ ထို့ကြောင့် သံတောင်ဖြစ်ပါသည်။ သို့ရာတွင် ကျောက်စာတွင်တောင်အသုံးအနှုန်းကိုသာ တွေ့ရှိရပြီး သံတောင်အသုံးအနှုန်းကိုလုံးဝမတွေ့ရပါ။ ၎င်းပြင် ရှေးစာပေများတွင် သံတောင်အသုံးအနှုန်းကိုသာ ပို၍တွေ့ရှိရပါသည်။ (ထိုကျောက်စာများ၏အကြောင်း အသေးစိတ်ကို – မြေးတို့ဖတ်ဖို့စာအုပ်တွင်ပါရှိသည့် 'မြန်မာအတိုင်းအတာယူနစ်များနှင့် ဗြိတိသျှအတိုင်းအတာယူနစ်များ၏ ဆက်စပ်မှု' နှင့် 'မြန်မာအတိုင်းအတာ– တောင်၊ သံတောင်နှင့်ဆင်တောင်' ဆောင်းပါးများတွင် ဖော်ပြထားပါသည်)

တောင်ကို လက်မနှင့်ဖော်ပြမှုသည် အင်္ဂလိပ်မြန်မာပထမစစ်ပြီးနောက်တွင် မြန်မာပြည်၌ ဗြိတိသျှစနစ်များ (British System) ကို တစ်စထက်တစ်စ အသုံးပြုမှုများလာသည့်အခါကျမှသာ ဆက်စပ်မှုကို တွက်ချက်ပြီး ထွက်ပေါ်လာခြင်းဖြစ်နိုင်ပါသည်။ ဖော်ပြပါကျောက်စာများတွင် ထွင်းထားသော ၁၉.၀၅ လက်မရှိသည့် တောင်သည် ဘိုးတော်ဘုရား၏တစ်တောင်၏ အတိုင်းအတာဖြစ်ဖို့ရာများပါသည်။ ပညာရှိများအနေဖြင့် စံအဖြစ်ထားမည့် တောင်အဖြစ် တစ်ဦးဦး၏တစ်တောင်ကို ကိုးကားရမည်ဆိုပါက – တိုင်းပြည်၏အထွတ်အထိပ်ဖြစ်သူ ရှင်ဘုရင်ကိုသာ ပထမဦးစားပေးဖို့များပါသည်။ ၎င်းပြင် ဘိုးတော်ဘုရားသည် အတိုင်းအတာယူနစ်များကို ပြဋ္ဌာန်းခဲ့သူလည်းဖြစ်နေပါသေးသည်။ ထို့ပြင် စံအဖြစ် သတ်မှတ်ခဲ့သော ဆံခြည်သည်လည်း ဘိုးတော်ဘုရား၏ ဆံခြည်ဖြစ်နိုင်ခြေများပါသည်။

ထို့ပြင် ၁ တောင်ကို ၁၈ လက်မအဖြစ် သတ်မှတ်မှုသည်လည်း အင်္ဂလိပ်များ မြန်မာနိုင်ငံ စတင်အုပ်စိုးပြီးမှသာ ပေါ်ထွက်လာခြင်းဖြစ်နိုင်ဖွယ်ရှိပါသည်။ ခေတ်ဟောင်းကအင်္ဂလန်နှင့် အမေရိကတွင် အဝတ်စများကို ရောင်းချရာတွက် ကိုက် –Yard ကို အခြေခံကြသည်။ တစ်ကိုက်ထက်နည်းပါက ကိုက်ဝက်၊ တစ်ကိုက်၏ လေးပုံတစ်ပုံ၊ တစ်ကိုက်၏ရှစ်ပုံတစ်ပုံအဖြစ်နှင့်သာ ရောင်းချလေ့ ရှိကြောင်း ပေ၊ လက်မတို့ဖြင့် ရောင်းချလေ့မရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာပြည်တွင်လည်း နိုင်ငံခြားကုန်သည်များက ဖော်ပြပါအတိုင်းပင်ရောင်းချခဲ့ကြပါသည်။ ထိုအခါ ကိုက်ဝက်သည် ၁၈ လက်မရှိရာ မြန်မာယူနစ် သံတောင်(၁၉ လက်မ)နှင့် အလွန်နီးစပ်နေသဖြင့် ကိုက်ဝက်ကို လွယ်လွယ်ကူကူ တစ်တောင်ဟု ခေါ်ဝေါ်ခဲ့ကြခြင်းသည် ဖြစ်နိုင်ခြေအလွန်များပါသည်။ ထိုနည်းတူပင် တစ်ကိုက်၏လေးပုံတစ်ပုံ (၉ လက်မ) သည်လည်း တစ်ထွာ

(သံတောင် ၁၉ လက်မ ကို အခြေခံပါက ၉.၅ လက်မ)နှင့် အလွန်နီး[illegible]ခဲ့ကြPDF Compressor Free Version ခြင်းဖြစ်ပါမည်။ မည်သို့ပင် ခေါ်ဝေါ်သတ်မှတ်သည် ဖြစ်စေ အဝတ်စ တစ်ကိုက်ကို တစ်ကျပ်နှင့်ရောင်းချပါက – ငါးမူး (ရှစ်ပဲ)ပေးလျှင် ကိုက်ဝက် (၁၈ လက်မ) ရမည် ဖြစ်ကာ တစ်မတ် (၄ ပဲ) ပေးလျှင် တစ်ကိုက်၏လေးပုံတစ်ပုံ (၉ လက်မ)ရမည်သာ ဖြစ်ပါသည်။ တစ်တောင်ကို ၁၈ လက်မဟု သတ်မှတ်လိုက်ခြင်းကြောင့် ဝယ်သူတွင် နစ်နာမှုလုံးဝမရှိသကဲ့သို့ ရောင်းသူတွင်လည်း ပို၍မမြတ်ပါ။ စာရေးသူတို့နိုင်ငံတွင် အဝတ်စများကို ယခုထက်တိုင် ကိုက်၊ တောင်၊ ထွာများဖြင့် ရောင်းချနေကြဆဲဖြစ်ပါသည်။ (နိုင်ငံအများစုက မီတာကို အသုံးပြုနေကြပြီ ဖြစ်ပါသည်။) သစ်လုံး၏ အလျားကို ၁၂ တောင်ဟုသတ်မှတ်ခဲ့စဉ်က တောင်သည် သံတောင် (၁၉ လက်မ) ဖြစ်ပါက – အလျားသည် ၁၉ ပေ – ၇ လက်မ ရှိမည်ဖြစ်ပြီး ၁ တောင်ကို ၁၈ လက်မ သာ ရှိသည်ဟုထားခဲ့ပါက အလျားသည် ၁၈ ပေသာရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် သစ်ရောင်းချသူများတွင် နစ်နာမှုမရှိပါ။ ဝယ်ယူသူများသာ သစ်ထုထည်လျော့နည်း၍ရမည်ဖြစ်ပါသည်။ သို့ရာတွင် သူ့ဈေးနှင့်သူဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံတွင် ဓာတ်ဆီ၊ ဒီဇယ်များကို ယခင်က ဂါလန်ယူနစ်ဖြင့် ရောင်းချခဲ့ကြရာမှ လွန်ခဲ့သော ငါးနှစ် ခြောက်နှစ်မှစ၍ လီတာယူနစ်ဖြင့် ပြောင်းလဲရောင်းချခဲ့ရာတွင် – ယခင်က ဓာတ်ဆီတစ်ဂါလန်ကို ၂၂၅၀ ကျပ်ဖြင့် ရောင်းချခဲ့သည်ဆိုပါက လီတာသို့ ပြောင်းလဲသည့်အခါတွင် တစ်လီတာလျှင် ၅၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြမည် ဖြစ်ပါသည်။ တစ်ဂါလန်တွင် အကြမ်းဖျင်း ၄.၅ လီတာရှိသောကြောင့် ဖြစ်ပါသည်။ ယူနစ်ပြောင်းလိုက်ခြင်းကြောင့် ရောင်းသူ ဝယ်သူ မည်သူမျှမနစ်နာခဲ့ပါ။

၁ တောင်တွင် ၁၈ လက်မရှိသည်ဟု သတ်မှတ်ခဲ့ကြခြင်းသည် မြန်မာပြည်တွင် နို့ဆီဘူးများ စားသုံးမှုတွင် ကျယ်လာသည့်အခါ၌ ဆန်ချင်ရာ၌ ရိုးရာအသုံးပြုနေကျ လမယ်ချင်ခွက် အစား နို့ဆီဘူး များကို လူတိုင်း အသုံးပြုလာကြသည့်နည်းတူပင် ဖြစ်နိုင်ပါသည်။ ၂ လ မယ် – ၁ စလယ်၊ ၂ စလယ် – ၁ ခွက်၊ ၂ ခွက်– ၁ ပြည် အရ – တစ်ပြည်တွင် ၈ လမယ် ရှိပါသည်။ နို့ဆီဘူး ၈ ဘူး သည်လည်း ၁ ပြည်ရှိနေခြင်းကြောင့်ဖြစ်ပါသည်။ (အသက် ၈၀ ရှိနေပြီဖြစ်သည့် စာရေးသူအနေဖြင့် ထမင်းချက်ဖို့ ဆန်ချင်ရာ၌ နို့ဆီဘူးကိုသာ တစ်သက်လုံးသုံးခဲ့ပါသည်။ လမယ်ချင်ခွက်ကို တစ်ခါမျှမသုံးခဲ့ဘူးပါ။ မြင်လည်း မမြင်ခဲ့ဘူးပါ။ ပြည်တောင်း၊ ခွဲတောင်းနှင့် တင်းတောင်းများကိုသာ မြင်ဖူး၊ သုံးဖူးခဲ့ပါသည်။)

**ဘိုးတော်ဆုပ်ပတ်တိုင်းနည်း**

သစ်လုံးတစ်လုံးတွင်ရှိနိုင်သည့် အသား/သစ်သားပမာဏကို ခန့်မှန်းရန် 'ဘိုးတော်ဆုပ်ပတ်တိုင်းနည်း'ဟု ခေါ်ဝေါ်ကြသည့် သစ်လုံးတိုင်းနည်းကို ဘိုးတော်ဘုရားက ထုတ်ပြန်ခဲ့သည်။ ထိုတိုင်းနည်းတွင် သစ်လုံး၏အလျားကို တောင်ဖြင့် တိုင်းပြီး လုံးပတ်၏တစ်ဝက်ကို အဆုပ်ဖြင့်တိုင်းသည်။ အဆုပ်ဆိုသည်မှာ လက်မကို လက်ညှိုးဘေးကပ်၍ ဆုပ်ထားသော လက်အဆုပ်ဖြစ်သည်။ (မြန်မာအဘိဓာန်တွင်အဆုပ်ကို ဖော်ပြထားခြင်းမရှိပါ။ ဆုပ် – ကို လက်ချောင်းများကို ကျစ်ကျစ်ခေါက်သည်၊ တစ်စုံတစ်ရာကို ဆုပ်ကိုင်သည်ဟုသာ ဖော်ပြထားပါသည်။) ၄ ဆုပ်ကို ၁ တောင်၊ ၈ ဆုပ်ကို တသားဟု သတ်မှတ်ထားသည်။ (တသားတွင် ၂ တောင်ရှိသည်။) ထို့ကြောင့် ၁ တောင်တွင် ၁၈ လက်မရှိသည့်အပေါ်၌အခြေခံပါက ၁ ဆုပ်တွင်၄ လက်မရှိသည်။ (စာရေးသူ၏လက်အဆုပ်နှင့် တစ်တောင်တို့ကိုတိုင်းကြည့်ရာ ၄ $\frac{၁}{၂}$ လက်မကျော်ကျော်နှင့် ၁၆.၃ လက်မရှိသည်ကို တွေ့ရှိရပါသည်။)

သစ်လုံး၏အလျားကို ပုံသေ ၁၂ တောင်ထားရှိပြီး လုံးပတ်ကို အဆုပ်ဖြင့် တိုင်းသည်။ လုံးပတ်၏တစ်ခြမ်းကို လက်အဆုပ်ဖြင့် တိုင်းခြင်းဖြစ်သည်။ ထို့ကြောင့် သစ်လုံးသည် ၁ သားရှိသည်ဆိုပါက ယင်း၏လုံးပတ် (အပြည့်) သည် ၂ သား/၄ တောင် ရှိခြင်း ဖြစ်သည်။

အရောင်းအဝယ်လုပ်သည့်အခါတွင် သစ်လုံး၏အလျားကို မတိုင်း၊ အလေးမပြုကြပါ။ ၁၂ တောင် ထက် လျော့၊ မလျော့သာကြည့်သည်။ အဆုပ်မည်မျှရှိသည်ကို သာအလေးထားကြသည်။ အလျားကို တိုင်းသည့်အခါ သစ်လုံး၏အစွန်းနှစ်ဖက်တွင်ရှိသည့် နဖားနှင့်အချွန်ကို ပယ်လေ့ရှိကြသည်။

သစ်လုံး၏လုံးပတ်ကိုတိုင်းရာတွင် မူလက ရောင်းသူ ဝယ်သူ နှစ်ဦးသဘောတူညီသည့် လက်အဆုပ် (ဝယ်သူ/ ရောင်းသူ/ ကြားလူ၏လက်အဆုပ်) ဖြင့်သာ တိုင်းခဲ့ကြသော်လည်း နောက်ပိုင်းတွင် တိုင်းတာသည့်အတံကို တီထွင်အသုံးပြုလာခဲ့ကြပါသည်။

**တောင်တာတံ**

ဆုပ်ပတ်တိုင်းတာနည်းတွင် 'တောင်တာ' ခေါ် 'တိုင်းတာတံ'သည် အရေးအကြီးဆုံးပစ္စည်းဖြစ်သည်။ ယင်းကို 'ဇီဝဇိုး' ဟုလည်းခေါ်ကြသည်။ ထိုအတံကို ရင်းတိုက်သားဖြင့် ပြုလုပ်ထားပြီး အရွယ်မှာ ၁ လက်မ × $\frac{၁}{၂}$ လက်မ (တစ်ငါးမူး – ဗျက် တစ်လက်မနှင့် ဒုလက်မဝက်) ရှိသည်။

PDF Compressor Free Version

မန္တလေးသစ်ဈေးကွက်သုံး – ဗိုဝဖိုး ခေါ်ဘိုးတော် ဘုရားပြခန်းထားသည့် တောင်တာ၏အလျားသည် ၁၉ လက်မဖြစ်သော်လည်း အရပ်ဒေသကိုလိုက်၍ ကွာခြားမှုရှိသည်။ မိုးမိတ်(ရွှေလီ) နယ်တွင် ၂၂.၅ လက်မရှည်ပြီး 'ရွှေလီတောင်တာ' ဟုခေါ်ကာ ရွှေကူ (ဗန်းမော်)နယ်၌ ၂၄ လက်မအထိရှည်ပြီး 'စင်းကားတောင်တာ' ဟုခေါ်သည်။ မန္တလေးဈေးကွက်နှင့် ခရီးကွာဝေးသည်နှင့်အမျှ တောင်တာမှာပိုရှည်လာသည်ကိုတွေ့ရသည်။ ရှည်သောတောင်တာနှင့်ဝယ်ယူခြင်းသည် တိုသော တောင်တာထက် အသားပို၍ရသဖြင့် ပြန်လည်ရောင်းချရာတွင် ငွေပိုမိုရရှိသည်။ ခရီးကွာဝေးသည်နှင့်အမျှ သယ်ယူစရိတ် ပိုများလာသဖြင့် ကာမိစေရန် တောင်တာကိုရှည်ထားသည်ဟု ယူဆရန်ရှိပါသည်။ တောင်တာရှည်နှင့် ဝယ်ယူသည့် အတွက် ပိုမိုရရှိသောသစ်သား (ထုထည်) ကို 'အသားတိုးစားရသည်' ဟု ပြောစမှတ်ပြုကြပါသည်။




**ဆရာဘချစ်သစ်မင်း၏ ခွင့်ပြုချက်အရ မြန်မာ့ကျွန်းရတနာစာအုပ်၊ စာမျက်နှာ ၁၁၅ မှ ကူးယူဖော်ပြခြင်းဖြစ်ပါသည်။**

တောင်တာများသည် အတိုအရှည် မည်သို့ပင်ခြားနားကွဲပြားကြစေကာမူ တောင်တာအားလုံးကို အညီအမျှ လေးပိုင်းပိုင်းထားသည်။ အပိုင်းတစ်ပိုင်း – လေးပုံတစ်ပုံကို 'တစ်ဆုပ်'ဟုခေါ်ပြီး တစ်ဆုပ်၏ ထက်ဝက် သို့မဟုတ် တောင်တာ၏ ရှစ်ပုံတစ်ပုံကို 'ဆုပ်ဝက်' ဟုခေါ်သည်။ ဆုပ်ဝက်ကို 'သမာဓိ'အမှတ်အသားဖြင့်ထက်ဝက်ပိုင်းထားသည်။ ထိုအမှတ်အသားသည် ဆုပ်ဝက်ပေးသင့်/မသင့် ဆုံးဖြတ်ပေးရန်အတွက်ဖြစ်သည်။ (ယခုခေတ်တွင် လုံးပတ်၏အနီးဆုံးလက်မကို တွက်ယူသကဲ့သို့ ယူနိုင်ရန်ဖြစ်သည်) တောင်တာပေါ်ရှိ အမှတ်အသားအားလုံးကို ကြေးမှိုနှင့်မှတ်သားလေ့ရှိသည်။ သစ်လုံး၏ အလျား ၁၂ တောင် ကိုမူ ၁ တောင်လျှင် ၁၈ လက်မဖြင့်သာပုံသေထားခဲ့ကြသည်။ (မြန်မာ့ကျွန်းရတနာ၊ စာ – ၁၁၄ မှ ၁၁၉)

တစ်ဆုပ်တွင် – ဗိုဝဖိုးတောင်တာအရ – ၄.၂၅ လက်မ၊ ရွှေလီတောင်တာအရ – ၅.၆၂၅ လက်မနှင့် စင်းကားတောင်တာအရ – ၆ လက်မ အသီးသီးရှိသည်။

လုံးပတ် ၁ သား (လုံးပတ်အပြည့် ၂ သား/ ၄ တောင်) နှင့် အလျား ၁၂ တောင်ရှိသည့် သစ်လုံးတစ်လုံး၏ထုထည်သည် တောင်တာသတ်မှတ်မှုပေါ်တွင်မူတည်၍ မည်မျှထိအောင် ကွာခြားသွားနိုင်သည်ကို သိရှိလိုသဖြင့်တွက်ချက်ကြည့်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

ဗိုဝဖိုးတောင်တာအရ – သစ်လုံး၏ထုထည်ကို ဟော့ပတ်စ်ပုံသေနည်း $(\frac{G}{4})^2 \times L$ ဖြင့် တွက်ယူပါက – $[(၁၉ \times \frac{၄}{၄})^{၂} \times (၁၂ \times ၁၈)] \div ၁၇၂၈ = ၄၅.၁$ ကုဗပေ (၀.၉၂တန်) ရမည်ဖြစ်ကာ ရွှေလီတောင်တာအရ ဆိုပါက – $[(၂၂.၅ \times \frac{၄}{၄})^{၂} \times (၁၂ \times ၁၈)] \div ၁၇၂၈ = ၆၃.၃$ ကုဗပေ (၁.၂၆ တန်) ရမည်ဖြစ်ပါသည်။ စင်းကားတောင်တာနှင့်ဆိုပါက $[(၂၄ \times \frac{၄}{၄})^{၂} \times (၁၂ \times ၁၈)] \div ၁၇၂၈ = ၇၂$ ကုဗပေ (၁.၄၄ တန်) ရပါမည်။ စင်းကားတောင်တာနှင့်သတ်မှတ်သည့်သစ်လုံးထုထည်သည် ဗိုဝဖိုးတောင်တာနှင့်သတ်မှတ်သည့် သစ်လုံးထုထည်၏ တစ်ဆခွဲကျော်ရှိနေသည်ကိုတွေ့မြင်နိုင်ပါသည်။ ကျွန်းသစ်ဈေးနှုန်းကြီးမြင့်သည်နှင့်အမျှ ကွာခြားမှုများမည်ဖြစ်ပါသည်။ ဝေးလံသည့်ကျေးလက်ဒေသများမှ သစ်ကုန်သည်လေးများကို တမင်သက်သက် ဈေးနှိမ်၍ဝယ်ယူခြင်းလည်း ဖြစ်နိုင်ဖွယ်ရှိပါသည်။(ဟော့ပတ်စ်ပုံသေနည်းကို ၁၇၃၆ ခုနှစ်ကအင်္ဂလိပ်လူမျိုး မြေတိုင်းအရာရှိ Edward Hoppus က တီထွင်ခဲ့ပြီး သစ်ထုထည် ကုဗပေ ၅၀ တွင် ၁တန် ရှိသည်ဟုသတ်မှတ်ခဲ့သည်။ ထိုပုံသေနည်းသည် တွက်ချက်ရာတွင် လျင်မြန်လွယ်ကူသဖြင့် အင်္ဂလန်၌သာမကဘဲ ဥရောပနိုင်ငံအချို့နှင့်ဗြိတိသျှအင်ပါယာနိုင်ငံများတွင်ပါ အသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင် သစ်သားထုထည်ကိုတိုင်းသည့်တန်ဆိုသည့်ယူနစ်ကို အင်္ဂလိပ်များနှင့်ကျွန်းသစ်ကူးသန်းရောင်းဝယ်မှုပြုပြီးသည့်နောက်မှသာ အသုံးပြုလာကြခြင်းဖြစ်သည်)

သစ်လုံး၏လုံးပတ်ကိုတိုင်းရာ၌ – ၁၂ တောင်ရှည်သည့် သစ်လုံးများကို နဖားမှ တောင်တာ ၃ ပြန် နေရာတွင် နှီး(ကြိမ်)ပတ်ပြီးသည့်အခါတွင် နှီးကို တင်းရင်းစွာဆွဲကာ နှီးဖြတ်ရသည်။ (ယခုအခါသစ်လုံး၏ ခါးလယ်လုံးပတ်ကို တိုင်းသကဲ့သို့ပင် ဖြစ်ပါသည်။) ယင်းသို့တိုင်းထားသည့် လုံးပတ်နှီးများကို ထက်ဝက်ခေါက်ချိုးအညီပြု၍ စုပေါင်းသိမ်းဆည်းထားပြီး နောက်မှ တောင်တာပေါ်တွင် ပြန်၍တိုင်းခြင်းဖြစ်သည်။ နှီးကို ထက်ဝက်ခေါက်ချိုးချိုးထားခြင်းမှာ သစ်သားပမာဏသည် ဆုပ်ပတ်တိုင်းနည်း အရ – လုံးပတ်၏ထက်ဝက်ကိုသာ အခြေခံထားခြင်းကြောင့် တောင်တာပေါ်တွင်အဆင်သင့်တိုင်းနိုင်ရန်အတွက်ဖြစ်ပါသည်။ အထူးမှာကြားချက်အရ ၁၂ တောင်ထက်ပို၍ရှည်သော သစ်လုံးများပါလာပါက – တောင်တာ ၃

ပြန်ထက်များသည့်နေရာတွင် တိုင်းကြသည်။ ဥပမာ – အလျား ၅၅ PDF Compressor Free Version တောင်သစ်လုံးကို – နဖားမှ ၄ ပြန်တွင် လည်းကောင်း၊ အလျားအတောင် ၂၀ သစ်လုံးကို – နဖားမှ ၅ ပြန်တွင်လည်းကောင်း အချိုးကျ အပြန်တိုး၍ သစ်လုံးအား နှီးထိုး၍ တိုင်းတာကြသည်။

**စာကြွင်း** – ၁၈၈၉ ခုနှစ်၊ ဇွန်လ ၁၅ရက်နေ့က အင်္ဂလိပ်အစိုးရထုတ်ပြန်ခဲ့သော The Measures of Length Act (India Act II, 1889) အရ မြန်မာနိုင်ငံတွင် စံကိုက် – standard Yard ကို တရားဝင်အရှည်တိုင်းသည့် ယူနစ်အဖြစ် သတ်မှတ်ခဲ့သည်။ (The imperial standard yard for the United Kingdom shall be the legal standard measure of length in the Union and be called the Standard Yard.) ထို့ပြင် စံကိုက်၏သုံးပုံတစ်ပုံကို စံပေ (Standard Foot) ဟုလည်းကောင်း စံကိုက်၏ သုံးဆယ့်ခြောက်ပုံတစ်ပုံကို စံလက်မ (Standard Inch) ဟု လည်းကောင်းသတ်မှတ်ခဲ့သည်။ အဆိုပါဥပဒေသည် အင်္ဂလိပ်– မြန်မာ တတိယစစ်ပြီးသည့်နောက် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိပြီး ၃ နှစ်ကျော်တွင် ထုတ်ပြန်ခဲ့သည့် ဥပဒေဖြစ်သည်။ ထိုအခါမှအစပြု၍ မြန်မာနိုင်ငံတွင် အလျားကို တိုင်းတာသောသံကြိုး၊ ဖာလုံ၊ မိုင်စသည်များနှင့်ဧရိယာကို တိုင်းတာသည့်ကေကို တစ်စထက်တစ်စ အသုံးပြုမှုများလာခဲ့ပါသည်။

**ကိုးကားသောအထောက်အထားများ**


- သစ်တောရတနာ၊ ပြုစုသူ ဦးသိန်းလွင် K. S. M.; B.F.S.I.၊
- ပြင်ဆင်တည်းဖြတ်သူ ဒေါ်အုန်းကြည် B.A.; B.L. စာပေဗိမာန်၊ ၁၉၆၇ ခုနှစ်။ စာမျက်နှာ ၁၆၁ မျက်နှာ။
- မြန်မာ့ကျွန်းရတနာ၊ ဘချစ်သစ်မင်း။ မြန်မာ့သစ်လုပ်ငန်း။ ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၇ ခုနှစ်။ စာမျက်နှာ ၅၆၀ မျက်နှာ။
- တွက်ချက်မှုအမျိုးမျိုးနှင့်စံနှုန်းများ၊ ဘဏ္ဍာရေးနှင့်အခွန်ဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။ အဘိုး ၁ ကျပ် - ၅၀ ပြား၊ စာမျက်နှာ ၂၉၃ မျက်နှာ။
- မြေးတို့ဖတ်ဖို့ ဝင်းချစ် (အမျိုးသားစာပေဆုရ)။ ပထမအကြိမ်၊ ၂၀၂၀ စက်တင်ဘာ။ စာမျက်နှာ - ၁၀၃ မျက်နှာ။
- A Handbook of the Forest Products of Burma. Alex Rodger, O,B,E,F.I.S.I.F.S . Second Revised Edition.1963,176 pages.
- The Burmese units of measurement - https:// en. wikipedia.org/wiki/Burmese - units-of-measurement
- Inch|Length, Width, Measurement - ritannica. httos://www.britannica.com > science- The Burma Code Volume 5 - Myanmar Law Library. https://myanmar-law-library. org >


**ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်၌ ကြယ်လိပ်ဥများ ၁၅၅၀ လုံးဥဥထားရှိခြင်း**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ပုဂံမြို့ သစ်တောဦးစီးဌာန၊ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တွင် ခြံလှောင်စနစ်ဖြင့် မွေးမြူထားရှိသည့် မြန်မာ့မျိုးရင်း ကြယ်လိပ်များ ယခုနှစ်တွင် ထောင်နှင့်ချီ ဥဥထားပြီးဖြစ်ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် တာဝန်ရှိသူများထံကသိရသည်။

ကြယ်လိပ်များ မျိုးဆက်မပျက်သုဉ်းရေးအတွက် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်အထီး ၄၂ ကောင်၊အမအကောင် ၄၀ စုစုပေါင်း ၈၂ ကောင်ကို ၂၀၀၁ ခုနှစ်မှ စတင်မွေးမြူခဲ့ကြောင်း၊ မွေးမြူစဉ်က ခုဂဏန်း၊ ဆယ်ဂဏန်းမျှသာ ပေါက်ဖွားနှုန်းရှိခဲ့သော်လည်း ယခုအခါ နှစ်စဉ် ထောင်နှင့်ချီပေါက်ဖွားလာနေကြောင်း၊ ကြယ်လိပ်များ မိတ်လိုက်ချိန်ဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် မိတ်လိုက်ကြကာ စက်တင်ဘာလမှ မတ်လ ကုန်အထိ ဥဥကြကြောင်း၊ အရွယ်ရောက်ပြီးသား ကြယ်လိပ်မတစ်ကောင်သည် ဥတစ်လုံးမှ ၁၆ လုံးထိ ဥဥကြကာ မေလ ၂၅ ရက် နောက်ပိုင်းမှစတင်ကာ မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် ကြယ်လိပ်များ သားပေါက်ကာ မြေပေါ်သို့တက်လာကြကြောင်းသိရသည်။ ကြယ်လိပ်များ ဥဥရန် ဥကျင်းတူးချိန်၌ ဥယျာဉ်ဝန်ထမ်းများက ဥချသည့်ရက်စွဲ၊ ဥဥသည့် ကြယ်လိပ်မနံပါတ်၊ ဥအလုံးရေတို့အား တိုင်များ ထောင်၍ မှတ်သားထားပြီး ကြယ်လိပ်ပေါက်ချိန် ဥကျင်းများထဲက တက်လာသည့် ကြယ်လိပ်များရေတွက်၍ ဘယ်နှစ်လုံးဥ၍ ဘယ်နှစ်ကောင်ပေါက်သည်ကို သိရှိနိုင်ကြောင်းသိရသည်။ ယခုနှစ်တွင် ကြယ်လိပ်ဥများ ၁၅၅၀ ခန့် ဥဥထားရှိမှတ်သားထားပြီဖြစ်ကြောင်းသိရသည်။

ထို့အပြင် အရွယ်ရောက်ကြယ်လိပ်များအား ကြယ်လိပ်များ၏ နေရင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး/စကုမြို့နယ်ရှိ ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တောဥယျာဉ်သို့ သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်ရန် ပြန်လည်လွှတ်ပေးလျက်ရှိကြောင်းသိရသည်။



PDF Compressor Free Version

# မှန်လုံအိမ်ဓာတ်ငွေ့ (Green House Gases) လျှော့ချရေး အမှိုက်မျိုးစုံလောင်စာသုံး အဆင့်မြင့်မီးဖို သုံးကြစို့လား

ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း)

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိသားစုနေ့စဉ်ထမင်းချက်ပြုတ်ရာတွင်လည်းကောင်း၊ အိမ်တွင်းအသေးစားစက်မှုလုပ်ငန်းများတွင်လည်းကောင်း ထင်းနှင့်အခြားဇီဝလောင်စာကိုသာအသုံးပြုနေကြပါသည်။ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် နေ့စဉ်ထမင်းချက်ပြုတ်ရာတွင်လည်းကောင်း၊ ကချင်၊ ချင်း၊ ရှမ်းပြည်နယ်များကဲ့သို့သော တောင်ပေါ်ဒေသများတွင် ဆောင်းရာသီ၌ အိမ်တွင်းအနွေးဓာတ်ရရှိရန်လည်းကောင်း ထင်းလောင်စာကိုသာအဓိကထားသုံးစွဲနေကြပြီး လယ်ယာထွက်စွန့်ပစ်ပစ္စည်းအနည်းငယ်ကိုသာ သုံးစွဲနေကြောင်း တွေ့ရှိရပေသည်။

ထို့အပြင် သစ်တောဦးစီးဌာန၏ခန့်မှန်းချက်အရ မြန်မာတစ်နိုင်ငံလုံးသုံးစွဲနေသည့် စုစုပေါင်းလောင်စာအားလုံး၏ (၇၇%)ကို ထင်းလောင်စာမှရရှိခြင်းဖြစ်ကြောင်း သိရှိရပြီး မြို့နေအိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ပျမ်းမျှထင်း (၁.၄) တန်ခန့်နှင့် ကျေးလက်နေ အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ပျမ်းမျှထင်း (၂.၄) တန်ခန့် သုံးစွဲကြောင်း သစ်တောဦးစီးဌာန၊ သစ်တောသုတေသနစစ်တမ်းနှင့် သစ်တောဦးစီးဌာန နှစ်(၃၀)စီမံကိန်းတွင်လည်း လေ့လာသိရှိရပါသည်။

ထင်းလောင်စာလိုအပ်ချက်အတွက် နိုင်ငံပိုင်သစ်တောများပေါ်တွင် မှီခိုအားထားနေရမှုမှာ ၆၀% ခန့်ရှိပြီး ၄% ခန့်မှာ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲကြောင်း၊ အိမ်ထောင်စုတစ်စုစီ၏ တစ်နှစ်လျှင် ထင်းမီးသွေးသုံးစွဲမှုမှာ မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဧရာဝတီတိုင်းဒေသကြီး၌ အနည်းဆုံးသုံးစွဲကြောင်းတွေ့ရှိရပြီး ပဲခူးတိုင်းဒေသကြီးတွင်အများဆုံးသုံးစွဲပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယအများဆုံးသုံးစွဲကြောင်း၊ တစ်နိုင်ငံလုံးအတွက် ထင်းနှင့်မီးသွေးသုံးစွဲမှုမှာ မြို့ပေါ်ရပ်ကွက်များတွင် အိမ်ထောင်စုတစ်စုအတွက် ပျမ်းမျှ ထင်း (၁.၃)တန်၊ မီးသွေး(၁.၉)တန်နှင့် ကျေးလက်ဒေသများတွင် အိမ်ထောင်စုတစ်စုအတွက် ပျမ်းမျှထင်း (၂.၆)တန်ခန့် သုံးစွဲကြောင်း လေ့လာသုံးသပ်ထားပါသည်။

မြို့ပြနှင့် ကျေးလက်များတွင် လူဦးရေတိုးပွားလာမှုကြောင့်လည်း လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာသော်လည်း မိရိုးဖလာစွဲ မူလရိုးရာဖိုခနောက်မီးဖိုကို စွန့်လွှတ်နိုင်ခြင်းမရှိသောကြောင့်လည်းကောင်း၊ သစ်တောသစ်ပင်များ၏တန်ဖိုးကိုသိသော်လည်း အခြားအစားထိုးလောင်စာများ အလွယ်တကူအသုံးပြုနိုင်မှုမရှိသေးခြင်းကြောင့်လည်းကောင်း၊ အချို့ကျေးရွာများတွင် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြစ်သည့် စပါးခွံ၊ အုန်းဆံခွံ၊ ပြောင်းဖူးအူတိုင်နှင့် အခြားစိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို ထမင်းဟင်းချက်ပြုတ်ရာတွင် သုံးစွဲသော်လည်း သုံးစွဲမှုပမာဏမှာ နည်းနေသေးသောကြောင့်လည်းကောင်း ထင်းလောင်စာကုန်ကျမှုသက်သာစေရေးအတွက် စွမ်းအားမြှင့်မီးဖိုများ သုံးစွဲခြင်းနှင့်ပတ်သက်၍ ပိုမိုတိုးချဲ့ပညာပေးရန်နှင့် အဆိုပါမီးဖိုများလည်း ပိုမိုထုတ်လုပ်သွားရန် လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် လူဦးရေ(၄၀)သန်းခန့်မှာ နေ့စဉ်ချက်ပြုတ်ရန်အတွက် ထင်းနှင့်မီးသွေးကို အသုံးပြုကြရပါသည်။ ကျေးလက်ဒေသများတွင် မိသားစုအားလုံးနီးပါးမှာ ထင်းနှင့်မီးသွေးအပေါ်မှာ အားကိုးနေရခြင်းဖြစ်ပါသည်။ မြန်မာ့ကျေးလက်ဒေသများတွင် နိုင်ငံလူဦးရေ၏ (၇၁) ရာခိုင်နှုန်းနေထိုင်ကြပြီး အများဆုံးမှာ ဖိုခနောက်သုံးလုံးဆိုင်မီးဖိုကို သုံးစွဲနေကြသည်။ စစ်တမ်းများအရ အိမ်ရှင်မများ၊ မိန်းမပျိုကလေးများနှင့် အချို့ကလေးသူငယ်များသည် ၎င်းတို့၏တစ်နေ့တာအချိန်၏ ရာခိုင်နှုန်းတော်တော်

PDF Compressor Free Version

များများကို ရှာပတ်ဝန်းကျင်တွင် လမ်းလျှောက်၍ ထင်းခွေခြင်းဖြင့် အချိန်ကုန်လွန်စေပါသည်။ ထို့အပြင် ယနေ့အချိန်အခါ မြန်မာနိုင်ငံတွင် အသုံးပြုနေသောထင်းလောင်စာများသည် ပတ်ဝန်းကျင်သစ်တောများမှ စည်းမဲ့ကမ်းမဲ့ခုတ်ယူခြင်းဖြင့်ရရှိပါသည်။ လူဦးရေအလျင်အမြန်တိုးတက်များပြားလာခြင်းနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် မြေကိုအသုံးချရသောကြောင့်သစ်တောများပျက်စီးဆုံးရှုံးမှုသည် အဓိကပြဿနာတစ်ခုဖြစ်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်များအရ ထင်းအသုံးပြုချက်ပြုတ်ခြင်းနှင့် အပူပေးခြင်းများမှ ထွက်ပေါ်လာသောမီးခိုးများကြောင့် အိမ်တွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာစေပြီး နှစ်စဉ် ကမ္ဘာတစ်ဝှမ်းလုံး၌ အမျိုးသမီးများနှင့် ကလေးသူငယ်များ (၁.၆)သန်းခန့် အသက်ဆုံးရှုံးနေကြောင်း သိရှိရပါသည်။ ၎င်းအပြင် စွမ်းအားမြင့်မီးဖိုများကိုအသုံးပြုခြင်းအားဖြင့် ငွေကုန်ကြေးကျ သက်သာ၍ ထင်းအသုံးပြုမှုကိုလျှော့နည်းစေပြီး အိမ်ရှင်မများနှင့်ကလေးငယ်များအတွက် ကျန်းမာရေးထိခိုက်မှုများကိုလျော့ကျစေပါသည်။ ထို့ကြောင့် ထင်းရှာရမည့်အချိန်များတွင် အခြားဝင်ငွေရရှိသောလုပ်ငန်းများကို အိမ်ရှင်မများနှင့်မိန်းမပျိုများလုပ်ကိုင်နိုင်ကြမည် ဟုယူဆရပါသည်။

မြန်မာနိုင်ငံ၏သစ်တောများ သိသိသာသာလျော့ပါးလာခြင်းကြောင့် နိုင်ငံအတွက် ထင်းအစားအခြားလောင်စာများ အစားထိုးရန်လိုအပ်ပါသည်။ ထင်းသုံးစွဲမှုလျော့ကျစေရန် ဇီဝဒြပ်ထုလောင်စာသုံး Improved cookstove များသည် ဝင်ငွေနည်းပြည်သူများအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

ထင်းလောင်စာသည် မြန်မာနိုင်ငံတွင်အသုံးပြုနေကြသော ဇီဝလောင်စာများအနက် အဓိကအကျဆုံးလောင်စာဖြစ်ပါသည်။ ကျေးရွာများတွင် ထင်းသာမက စိုက်ပျိုးသီးနှံများ၏ ဘေးထွက်ပစ္စည်းများဖြစ်သည့် ဝါ၊ နှမ်း နှင့် ပဲစင်းငုံပင်စည်များ၊ ကြံဖတ်ရိုး၊ ကောက်ရိုး၊ စပါးခွံ၊ ထန်းလက်စသည်တို့ကို နေ့စဉ်ချက်ပြုတ်ရာတွင် အသုံးပြုကြပါသည်။

ထင်းလောင်စာများကို ကျေးလက်လူထုက အဓိကအသုံးပြုကြပါသည်။ မြို့နေလူထုသည် ထင်းအစားအခြားအစားထိုးလောင်စာများဖြစ်သည့် လောင်စာတောင့်၊ နေရောင်ခြည်စွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားများကိုရရှိအသုံးပြုနိုင်ကြသောကြောင့် ထင်းနှင့်မီးသွေးအသုံးပြုမှု ကျေးလက်နေပြည်သူများထက် လျော့နည်းပါးသည်။ ထင်းလောင်စာအသုံးပြုမှုပမာဏသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုလိုက်၍ ကွဲပြားခြားနားမှုရှိပါသည်။ ထိုကွဲပြားခြားနားချက်များသည် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများအခြေအနေ၊ အိမ်ထောင်စုအရွယ်အစား၊ အခြားလောင်စာများရရှိနိုင်မှု၊ လူနေမှုအဆင့်အတန်းနှင့် ရာသီဥတုအခြေအနေများပေါ်တွင် မူတည်ပါသည်။

FREDA နှင့် FRI မှ ပူးပေါင်းဖြန့်ဝေခဲ့သည့် ဇီဝလောင်စာအသုံးပြုသည့် စွမ်းအားမြင့်မီးဖို ဂက်စ်စီဖိုင်ယာ (Gasifier) ကို ယေဘုယျအားဖြင့် အောက်ပါဇီဝလောင်စာ(၃) မျိုးဖြင့် အသုံးပြုနိုင်ပါသည်။

(၁) သစ်ကိုင်းခြောက်၊ ထင်းခြောက်များ

(၂) အကိုင်းအခက်များ၊ သစ်မြစ်သစ်ခေါက်များ

(၃) စပါးခွံ၊ ဂျုံခွံ၊ မြေပဲခွံ၊ ပဲစင်းငုံရိုး၊ ပြောင်းရိုး၊ နှမ်းရိုး၊ ပြောင်းဖူးအူတိုင် စသည့်စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများနှင့် အုန်းခွံ၊ အုန်းမှုတ်၊ အုန်းလက်၊ ထန်းလက်၊ ဓနိလက်၊ ထန်းသီးစေ့များ စသည်ဖြစ်ပါသည်။

- ဂက်စ်စီဖိုင်ယာစွမ်းအားမြှင့်မီးဖိုနှင့် မိရိုးဖလာဖိုခနောက်မီးဖို၏ အဓိကကွာခြားချက်သည် ထမင်းချက်ပြုတ်ရာတွင်လောင်စာသုံးစွဲမှုလျော့နည်းပြီး အချိန်ကုန်သက်သာစေခြင်းဖြစ်ပါသည်။
- ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုနည်းခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုများကို လျော့နည်းစေပါသည်။
- ထင်းလောင်စာသုံးစွဲမှုကို လျော့နည်းစေသဖြင့် သဘာဝသစ်တောများအပေါ်အလွန်အမင်း မှီခိုနေမှုများကိုလည်း လျော့ပါးသက်သာစေနိုင်ပါသည်။
- လောင်စာအနည်းငယ်သာထည့်သော်လည်း မီးတောက် အားကျသွားခြင်းမရှိသဖြင့် အချိန်ကုန်သက်သာစေပါသည်။
- ကျေးလက်ဒေသတွင် အလွယ်တကူရရှိနိုင်သောဇီဝလောင်စာစွန့်ပစ်ပစ္စည်းများကိုအသုံးပြုနိုင်ပါသည်။
- ဇီဝဘေးထွက်လောင်စာများဖြင့် အသုံးပြုနိုင်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာစေပါသည်။
- လောင်ကျွမ်းအားကောင်းသောကြောင့် ချက်ပြုတ်ရာအချိန်ကုန်သက်သာစေခြင်း။
- မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ပြီးလုံခြုံစိတ်ချစွာအသုံးပြုနိုင်ခြင်း။
- မီးဖိုကို အလွယ်တကူရွှေ့ပြောင်းနိုင်ခြင်း။
- မိရိုးဖလာအသုံးပြုနေသောဖိုခနောက်မီးဖိုထက် မီးခိုးထွက်နည်းခြင်း။
- သံပုံးနှစ်ပုံးဖြင့် အလွယ်တကူ ပြုလုပ်နိုင်ခြင်းကြောင့် ပြုလုပ်ရလွယ်ကူကာငွေကုန်ကြေးကျသက်သာခြင်းစသောအကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။

PDF Compressor Free Version

မြန်မာနိုင်ငံတွင် လူဦးရေသည် နှစ်စဉ်လျှင်မြန်စွာ တိုးပွားလျက်ရှိပြီး မြို့ပြနှင့် ကျေးလက်နေပြည်သူလူထု၏ အဆင့်အတန်းမှာလည်း နှစ်စဉ်မြင့်မားလျက်ရှိပေသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း တိုးပွားလာသောလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်လာသော လူနေမှုအဆင့်အတန်းအလိုက် နှစ်(၃၀)စီမံကိန်းတွင် ခန့်မှန်းထားသောမြို့ပြနှင့်ကျေးလက်နေပြည်သူလူထု၏ တစ်နှစ်ဇီဝစွမ်းအင်သုံးစွဲမှု အခြေအနေအားလည်း ပြန်လည်လေ့လာသုံးသပ်ထားပါသည်။

ယခုအခါ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရန်အတွက် ပလတ်စတစ်အိတ်ခွံ၊ ကော်ပစ္စည်း၊ ဖော့၊ စက္ကူဘူးခွံ၊ သစ်ရွက်ခြောက်၊ အကိုင်းခြောက်၊ မြက်ခြောက်၊ စပါးခွံ၊ ပြောင်းဖူးရိုး၊ မြေပဲခွံ၊ လွှစာမှုန့် စသော အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်လာပါသည်။ အဆိုပါ အမှိုက်လောင်စာများတွင် အဓိကအားဖြင့် ကာဗွန်၊ ဟိုက်ဒြိုဂျင်နှင့် အောက်ဆီဂျင်တို့ ပါဝင်ပါသည်။ နိုက်ထရိုဂျင်နှင့် ဆာလဖာမှာမူ အနည်းငယ်သာ ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါလောင်စာများကို မီးဖိုအတွင်း၌ ဓာတ်တိုးဓာတ်ပြုမှု၊ ဓာတ်လျော့ဓာတ်ပြုမှုတို့ကို ဖြစ်ပေါ်စေနိုင်သော အဆင့်မြင့်မီးဖို (Gasifier) ကို အသုံးပြု၍ မီးရှို့မည်ဆိုပါက ပတ်ဝန်းကျင်ကိုအန္တရာယ်ဖြစ်စေသော အနံ့အသက်များကင်းဝေးစေမည်ဖြစ်ပါသည်။ ထို့အပြင် မီးရှို့ရာမှထွက်လာမည့် မီသိန်းဓာတ်ငွေ့ကိုအသုံးပြု၍ ချက်ပြုတ်ရာတွင်လည်းကောင်း၊ လျှပ်စစ်ထုတ်လုပ်နိုင်မည့် အင်ဂျင်များ လည်ပတ်ရာတွင်လည်းကောင်း အသုံးပြုနိုင်မည့် ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) ကိုလည်း ရရှိမည်ဖြစ်ပါသည်။

အမှိုက်မျိုးစုံကို လောင်စာအဖြစ်အသုံးပြုသည့် အဆင့်မြင့်မီးဖိုများကိုအသုံးပြုခြင်းဖြင့် စွန့်ပစ်ပစ္စည်းများကိုစနစ်တကျပြန်လည်အသုံးပြုနိုင်ခြင်း၊ အချိန်ကုန်သက်သာ၍စီးပွားရေးတွက်ခြေကိုက်ခြင်း၊ အသေးစားလုပ်ငန်း (ဥပမာ–လက်ဖက်ရည်ဆိုင်)များတွင် ထင်းအစားထိုးလောင်စာအဖြစ်အသုံးပြုနိုင်ခြင်းကြောင့် သဘာဝသစ်တောများပြုန်းတီးမှုမှကာကွယ်ခြင်း၊ လောင်စာစွမ်းအင်ရှားပါးလာမှုပြဿနာအား တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးရန် ခြိမ်းခြောက်လာသည့် ဖော့၊ ကော်၊ ပလတ်စတစ်အိတ်ခွံစသောအမှိုက်များ စုပုံလာပြီး သဘာဝမြေဆီလွှာများ ပျက်စီးမည့် အန္တရာယ်ကို ကာကွယ်ဖြေရှင်းပေးနိုင်ခြင်း၊ သန့်ရှင်း၍ဘေးအန္တရာယ်ကင်းပြီး သာယာလှပသော စိမ်းလန်းသဘာဝပတ်ဝန်းကျင် (Green- Environment)များ ဖန်တီးပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ထင်းလောင်စာလိုအပ်ချက်သည် အချိန်ကာလတစ်ခုအထိ တည်ရှိနေဦးမည်သာဖြစ်ပေသည်။ သို့သော် ထင်းအစားအခြားလောင်စာများ အပါအဝင်လျှပ်စစ်၊ သဘာဝဓာတ်ငွေ့များ တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်မီ ကြားကာလတွင် ထင်းလောင်စာအတွက် နိုင်ငံပိုင်သစ်တောများအား ထိခိုက်မှုအနည်းဆုံးဖြင့် ကာကွယ်ထိန်းသိမ်းသွားရမည့်နည်းလမ်းများကိုလည်း လေ့လာဆန်းစစ်သွားရမည်ဖြစ်သကဲ့သို့ တိုးပွားလာသောလူဦးရေနှင့်အညီ နိုင်ငံပိုင်သစ်တောများမှ မြို့ပြကျေးလက်အလိုက် ထုတ်ယူသုံးစွဲနေသော ထင်းမီးသွေးလောင်စာများ၏ သုံးစွဲမှုအခြေအနေအားလည်းသိရှိရန်မှာ အမှန်ပင် လိုအပ်လျက်ရှိပါသည်။ ၎င်းအပြင် နိုင်ငံပိုင်သစ်တောများ၏ ၆၀% ထင်းလောင်စာလိုအပ်မှုအား အစားထိုးပေးမည့်နည်းလမ်းများကိုသုတေသနပြုပြီး ကျေးလက်နေပြည်သူများကိုလည်း ထင်းအစားထိုးလောင်စာများသုံးစွဲစေရေးအတွက် တိုးချဲ့ပညာပေးရေးအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ပေးရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလျက်ရှိသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များ (Green House Gases) လျှော့ချရေးအတွက် ကြိုးပမ်းလျက်ရှိကြပါသည်။ ခေတ်မီအဆင့်မြင့်မီးဖိုများကို အသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိနိုင်သည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကိုလည်း လျော့နည်းစေနိုင်ပါသည်။ သို့ပါ၍ *အမှိုက်မျိုးစုံလောင်စာအသုံးပြုသည့် အဆင့်မြင့် မီးဖိုများအသုံးပြုကြပါစို့* ဟု နိုးဆော်တိုက်တွန်းလိုက်ရပါသည်။



PDF Compressor Free Version

# နွေရာသီအပူဒဏ်ကာကွယ်နိုင်ဖို့ ဒေသမျိုးရင်းသစ်မျိုးများ စိုက်ပျိုးကြပါစို့

ဒေါက်တာ သောင်းနိုင်ဦး

**အပူချိန်မြင့်မားလာခြင်း**

ယခုအခါ ကမ္ဘာနှင့်အဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ကြုံတွေ့ရလျက်ရှိသည်။ အပူချိန်မြင့်မားလွန်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးများခြင်း၊မိုးခေါင်ခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များကို ရင်ဆိုင်ကြရလျက်ရှိပါသည်။ နေ့အပူချိန်မြင့်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (Ultra-Voilet Index) မြင့်မားခြင်း၊ အပူဒဏ် (Heat Stress)ခံစားရခြင်း၊ လူ၏ခံနိုင်သောအပူချိန်ကို ကျော်လွန်သည့်အပူဒဏ် (High Heat Index) ခံစားရခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ အပူချိန်မြင့်မားလွန်းခြင်းကြောင့် သတိလစ်ခြင်းမှသည် အသက်သေဆုံးသည်အထိ အန္တရာယ်ကြီးပါသည်။

ထို့ပြင် အပူချိန်မြင့်တက်လာခြင်းနှင့်အတူ နောက်ဆက်တွဲအကျိုးဆက်များဖြစ်သော မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတွင်းရေကန်များတွင် ရေလျော့နည်းလာခြင်း၊ ရေခမ်းခြောက်ခြင်း၊ သောက်ရေ၊ သုံးရေရှားပါးမှုပြဿနာများကြုံတွေ့ရခြင်း၊ ပူပြင်းခြောက်သွေ့သဖြင့် မီးလောင်ကျွမ်းမှုများဖြစ်ပွားခြင်း၊ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးခြင်းနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေခြင်း စသည့်အကျိုးဆက်များကိုပါ ခံစားကြရပါသည်။

မြန်မာနိုင်ငံတွင်လည်း တစ်နှစ်ပြီးတစ်နှစ် အပူစံညွှန်းကိန်းကို ကျော်လွန်ကာ ပိုမိုပူပြင်းလာလျက်ရှိပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းဇုန်အတွင်း ကျရောက်သော မြို့နယ်များသည် မိုးရေချိန် လက်မ ၄၀ အောက်သာ ရရှိပြီး တချို့နှစ်များတွင် အပူချိန် ၄၇ ဒီဂရီဆဲလ်ဆီးယပ်ထိ မြင့်မားလာလျက်ရှိကာ ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလအထိတိုင် ကြာရှည်လာသည်ကိုတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်အတွင်း ကျရောက်သော မြို့နယ်များသည် မြေတိုက်စားမှုများပြီး အပေါ်ယံမြေဆီလွှာကုန်ခမ်းပြီး အပင်များ သဘာဝမျိုးဆက်ရန်ပင်ခက်ခဲလှပါသည်။ သစ်ပင်သစ်တောများ နည်းပါးခြင်းကြောင့်အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့်အခြေအနေများ (desert-like formation) ကို တွေ့ မြင်နိုင်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး နိုင်ငံအဆင့် သဲကန္တာရတိုက်ဖျက်ရေးစီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရေး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက်နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များပြုစုထိန်းသိမ်းကာကွယ်ခြင်း















လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

PDF Compressor Free Version

**ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ခြင်း**

အပူချိန်မြင့်မားခြင်းအပါအဝင် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် အဓိကလုပ်ငန်းစဉ်(၂) ရပ်ကို မျှတစွာဆောင်ရွက်မှသာ ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာ တုံ့ပြန်နိုင်မည်ဖြစ်ပြီး အကျိုးဆက်များကို လျှော့ချနိုင်မည်၊ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ပထမ လုပ်ငန်းစဉ်တစ်ရပ်မှာ ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း (Mitigation) ဖြစ်ပြီး ဒုတိယလုပ်ငန်းစဉ်တစ်ရပ်မှာ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ဆောင်ရွက်ခြင်း (Adaptation) ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်း (Mitigation) ဆိုသည်မှာ ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့်ဖန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gas-GHGs) များ လေထု အတွင်းသို့ ထုတ်လွှတ်မှုလျှော့ချခြင်း၊ လေထုထဲမှ ဖန်လုံအိမ်ဓာတ်ငွေ့များကိုဖယ်ရှားခြင်း လုပ်ငန်းစဉ်များဆောင်ရွက်ခြင်းဖြစ်သည်။ ဥပမာသစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း စသည့် သစ်တောကဏ္ဍ လုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍတွင်Climate Smart Agriculture လုပ်ငန်းများ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုစသည့်လုပ်ငန်းကဏ္ဍအသီးသီးတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချသည့်လုပ်ငန်းများစသည်တို့ပါဝင်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ဆောင်ရွက်ခြင်း (Adaptation) ဆိုသည်မှာ ပြောင်းလဲလာသော အပူချိန်၊ မိုးရေချိန်၊ မိုးရွာသွန်းမှုပုံစံတို့နှင့် သဟဇာတမျှတစွာ လိုက်လျောညီထွေပြောင်းလဲလုပ်ကိုင်နေထိုင်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ဥပမာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊စိုက်ပျိုးရေး၊သစ်တော၊ ကျန်းမာရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ ရေအရင်းအမြစ်စသည့် လုပ်ငန်းနယ်ပယ် အသီးသီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုများ၊ ဆုံးရှုံးမှုများလျော့ပါးသက်သာစေရေးအတွက် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သဟဇာတမျှတစွာ၊ လိုက်လျောညီထွေရှိစွာပြင်ဆင်ခြင်း၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းကိုဆိုလိုပါသည်။ ရာသီဥတုပြောင်းလဲမှုကို ချက်ချင်းလျှော့ချရန်မဖြစ်နိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိနေစေရေးပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ လိုက်လျောညီထွေရှိစေရေးအတွက် လုပ်ငန်းကဏ္ဍအသီးသီးတွင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နိုင်သည်၊ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဆောင်ရွက်နိုင်သည့် နည်းလမ်းအမျိုးမျိုးအနက် သစ်တောများထိန်းသိမ်းခြင်း၊ သစ်ပင်များ စိုက်ပျိုးခြင်းသည် အလွန်ထိရောက်သော၊ ကုန်ကျစရိတ်သက်သာသော၊ လူတိုင်းလုပ်နိုင်သော၊ အလွယ်တကူဆောင်ရွက်နိုင်သော၊ ချက်ချင်းဆောင်ရွက်နိုင်သော၊ နေရာမရွေးဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်း (Nature-based Solution) တစ်ရပ်လည်းဖြစ်ပါသည်။

**အပူပိုင်းဒေသ ဒေသမျိုးရင်း သစ်မျိုးများ**

အပူပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးရေချိန်နည်းပါးကာ မြေတိုက်စားမှုများကြောင့် အပေါ်ယံမြေဆီလွှာနည်းပါးသဖြင့် အပင်များ သဘာဝမျိုးဆက်ရန်ပင်ခက်ခဲလှသလို ရှင်သန်အောင်မြင်စေရန် စိုက်ပျိုးရန်လည်းခက်ခဲပါသည်။ အထူးသဖြင့် အပူပိုင်းဒေသ၏ ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီမှုမရှိသည့် အပင်မျိုးစိတ်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်ရန် အလွန်ခက်ခဲပါသည်။ ထို့ကြောင့် ယခင်က အပူပိုင်းဒေသတွင်ရှင်သန်နိုင်သည့် ယူကလစ်သစ်မျိုးများကိုသာ အများဆုံးစိုက်ပျိုးခဲ့ကြပါသည်။ ယူကလစ်သစ်မျိုးသည် ရှင်သန်အောင်မြင်မှုကောင်းသော်လည်း ဇီဝမျိုးစုံမျိုးကွဲတိုးပွားစေခြင်းအပါအဝင် ပတ်ဝန်းကျင်ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများပံ့ပိုးနိုင်မှုရှုထောင့်မှ နှိုင်းယှဉ်ကြည့်ပါက ဒေသမျိုးရင်းသစ်မျိုးများက ပိုမိုစွမ်းဆောင်နိုင်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် ယခုအခါ အပူပိုင်းဒေသတွင် ရှင်သန်အောင်မြင်နိုင်သည့် ဒေသမျိုးရင်း သစ်မျိုးများဖြစ်သော တမာ၊ ထနောင်း၊ မန်ကျည်း၊ မြန်မာကုက္ကို၊ မြန်မာရှား၊ ဒဟတ်၊ သခွပ်၊ မယ်ဇလီ၊ မယ်ဖယ်၊ စန္ဒကူး၊ ဖျောက်ဆိပ်စသည့် ဒေသမျိုးရင်းသစ်မျိုးများကို ပျိုးထောင်စိုက်ပျိုးလာလျက်ရှိပါသည်။ အဆိုပါ ဒေသမျိုးရင်း သစ်မျိုးများသည် နွေအပူဒဏ်ခံနိုင်၍ အရိပ်အာဝါသ ပေးစွမ်းနိုင်ရုံသာမက အသီး၊ အပွင့်၊ အညွန့်၊ အရွက်၊ အခေါက် တို့ကိုလည်း ချက်ပြုတ်စားသုံးနိုင်သကဲ့သို့ ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုနိုင်သည့် အကျိုးကျေးဇူးများ ပံ့ပိုးပေးပါသည်။ ထို့ကြောင့် မိမိအိမ်ပတ်ဝန်းကျင်၊ မြို့နယ်၊ ကျေးရွာလမ်းဘေး ဝဲ၊ ယာ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများ အနီးပတ်ဝန်းကျင်တွင် အဆိုပါ ဒေသမျိုးရင်း သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**အပူပိုင်းဒေသ ဒေသမျိုးရင်း သစ်မျိုးများ၏ ဘက်စုံ အသုံးဝင်မှုများ**

PDF Compressor Free Version

"***နွေထနောင်း၊ ဆောင်းမန်ကျည်း***" ဟူသော စကားသည် မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်အတွင်း ကျရောက်သော ဒေသခံပြည်သူများ အမြဲသုံးနှုန်းသောစကားဖြစ်ပါသည်။ ထနောင်းပင်နှင့် မန်ကျည်းပင်များအပါအဝင် အပူပိုင်းဒေသ ဒေသမျိုးရင်းအပင်မျိုးများသည်အပူပိုင်းဒေသ၏ ရေ၊ မြေ၊ ရာသီဥတုဒဏ်ကိုခံနိုင်ပြီး ကောင်းမွန်စွာရှင်သန်ကြီးထွားနိုင်သဖြင့် အပူပိုင်းဒေသ၊မြေလတ်နှင့်အညာဒေသတွင် ထနောင်းနှင့် မန်ကျည်းပင်များကို အလေးထားစိုက်ပျိုးကြသလို သဘာဝအလျောက် ပေါက်ရောက်နေသောအပင်များကိုလည်း အစဉ်အဆက် ထိန်းသိမ်းလာကြပါသည်။

**မန်ကျည်း** (*Tamarindus indica* L.) အင်္ဂလိပ်အမည်သည် Tamarind ဖြစ်သည်။ မူရင်းဒေသမှာ အာရှနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံနေရာအနှံ့ အများအပြားပေါက်ရောက်ပြီး အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် သဘာဝအလျောက်ပေါက်ရောက်ပါသည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်ပါသည်။ အမြဲစိမ်းအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၅ မှ ၇၅ ပေထိမြင့်သည်။ ပင်စည်သည် တောင့်တင်းခိုင်မာ၍ သက်တမ်းကြာရှည်သောအပင်မျိုးဖြစ်သည်။ မြန်မာလူမျိုးများသည် မန်ကျည်းပင်တစ်ပင်လုံးကို အသုံးပြုကြပါသည်။ ပဲမျိုးရင်းဝင် အပင်မျိုးဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ခြင်းတို့ကြောင့် မြေဆီလွှာထိန်းအပင်အဖြစ်လည်းကောင်း၊ နေ့စဉ်စားသုံးသည့်အစားအစာအာဟာရအတွက်လည်းကောင်း၊ မြန်မာ့ရိုးရာ တိုင်းရင်းဆေးများတွင် ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြသည့်အပင်ဖြစ်ပါသည်။

**ထနောင်း** (*Vachellia leucophloea* Maslin, Seigler & Ebinger) အင်္ဂလိပ်အမည်သည် White-barked acacia ဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံများဖြစ်ကြပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းခြောက်သွေ့တောတွင် ပေါက်ရောက်ပါသည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ ထိမြင့်သည်။ သက်တမ်း ၃၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၂၅ ပေခန့် ရှိသည်။ ဒေသသုံးသစ်အဖြစ် အသုံးပြုခြင်း၊ အခေါက်ကို ဆိုးဆေး၊ သားရေနယ်ပစ္စည်းအဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြပါသည်။

**တမာ** (*Azadirachta indica A. Juss.)* အင်္ဂလိပ်အမည်သည် Neem, Margosa tree ဖြစ်သည်။ မူရင်းဒေသမှာ အိန္ဒိယနှင့် အာဖရိကနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြားပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့်ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်ပါသည်။ အမြဲစိမ်းအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၅ မှ ၆၀ ပေထိမြင့်သည်။ တမာပင်တစ်ပင်လုံးသည် အသုံးဝင်ပါသည်။ အသီး၊ အခေါက်၊ အရွက်၊ အကိုင်းအခက်တို့ကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း၊ တမာအရွက်နုကို အချဉ်တည်၍ တို့စရာအစားအစာအဖြစ် လည်းကောင်း၊ တမာသားကို ဒေသသုံးသစ်အဖြစ် အိမ်ရာဆောက်လုပ်ရာတွင်လည်းကောင်း၊ တမာစေ့မှထုတ်သော အဆီကို သဘာဝပိုးသတ်ဆေးအဖြစ် သီးနှံစိုက်ခင်းများ ပိုးမွှားကျရောက်သည့်အခါ ပက်ဖျန်းအသုံးပြုကြပါသည်။

**မြန်မာရှား** *(Senegalia catechu (L.f.)* Hurter & Mabb.*)* ၏ အင်္ဂလိပ်အမည်သည် Black Cutch ၊ Cutch tree ဖြစ်ပါသည်။ မူရင်းဒေသမှာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောတွင် ပေါက်ရောက်ပါသည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၀ မှ ၄၅ ပေထိမြင့်သည်။ ရှားပင်၏အခေါက်မှ ထွက်သောရှားစေးကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း၊ ဆိုးဆေး၊ သားရေနယ်ပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ထင်းလောင်စာအဖြစ်လည်းကောင်း၊ လယ်ယာသုံးပစ္စည်းပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြပါသည်။

မြန်မာကုက္ကို(ခေါ်)အညာကုက္ကို *(Albizialebbeck(*L.) Benth.*)* ၏ အင်္ဂလိပ်အမည်သည် Frywood ၊ East Indian Walnut၊ Woman's tongue tree ဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယနှင့်မြန်မာနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံ၏ဒေသမျိုးရင်းသစ်မျိုးဖြစ်သည့်အတွက် နေရာအနှံ့အပြားနှင့် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသများတွင် သဘာဝအလျောက်ပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်

ရောက်ပါသည်။ ကြီးမြန်ရွက်ကြွေအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၅၀ မှ ၁၃၀ ပေထိ မြင့်သည်။ ပဲမျိုးရင်းဝင်အပင်မျိုးဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ခြင်းတို့ကြောင့် မြေဆီလွှာထိန်းအပင်အဖြစ်လည်းကောင်း၊ နွေဦးပေါက်ရာသီ ရွက်နုထွက်ချိန်တွင် ကုက္ကိုရွက်သုပ်ကို အစားအစာအာဟာရအတွက် လည်းကောင်း၊ အရွက်၊ အစေ့၊ အပွင့်၊ အခေါက်တို့ကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြသည်။ ကုက္ကိုသားကို လယ်ယာသုံးပစ္စည်းများ၊ ပရိဘောဂများ၊ ပန်းပုထုလုပ်ခြင်းစသည်တို့တွင်အသုံးပြုကြပါသည်။ ထင်း၊ မီးသွေးလောင်စာ အဖြစ်လည်း အသုံးပြုကြသည်။

**ဒဟတ်** *(Tectona hamiltoniana* Wall.*)* ၏ အင်္ဂလိပ်အမည်သည် Dahat Teak ဖြစ်ပါသည်။ မူရင်းဒေသမှာ မြန်မာ၊ မလေးရှားတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောများတွင် ပေါက်ရောက်ပါသည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ ပေထိ မြင့်သည်။ ဒေသတွင်းလယ်ယာသုံးပစ္စည်းအဖြစ်လည်းကောင်း၊ ထင်း၊ မီးသွေးအဖြစ်လည်းကောင်း အသုံးပြုကြပါသည်။

**သခွတ်** *(Dolichandrone serrulata* Seem.*)* ၏ အင်္ဂလိပ်အမည်သည် Mangrove Trumpet treeဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယ၊ ဘူတန်၊ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြားပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်ပါသည်။ ရွက်ကြွေအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ ပေထိ မြင့်သည်။ အပွင့်ကိုစားသုံးကြပါသည်။ ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုကြသည်။

**မဲဇလီ** (*Senna siamea* Irwin et Barneby) ၏ အင်္ဂလိပ်အမည်သည် Pheasant wood ဖြစ်ပါသည်။ မူရင်းဒေသမှာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြားပေါက်ရောက်သည်။ အပူပိုင်းဒေသ ခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်ပါသည်။ အမြဲစိမ်းအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၆ မှ ၄၅ ပေထိမြင့်သည်။ ကြီးမြန်သစ်ပင်မျိုးဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ခြင်းတို့ကြောင့် မြေဆီလွှာထိန်းအဖြစ်လည်းကောင်း၊ ထင်းလောင်စာသုံးအပင်အဖြစ်လည်းကောင်း၊ လမ်းဘေးဝဲယာအလှစိုက်ပင်အဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်အပင်အဖြစ်လည်းကောင်း စိုက်ပျိုးအသုံးပြုကြသည်။

**ဖျောက်ဆိပ်** *(Holoptelea integrifolia* (Roxb.) Planch.*)* ၏ အင်္ဂလိပ်အမည်သည် Indian Elm, Jungle cork tree ဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့ဖြစ်ကြပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင်ပေါက်ရောက်သည်။ အပူပိုင်းခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင်ပေါက်ရောက်သည်။ ရွက်ကြွေအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၆၀ မှ ၈၀ ပေထိမြင့်သည်။ ဖျောက်ဆိပ်သားကို ပရိဘောဂပြုလုပ်ခြင်း၊ ထင်းလောင်စာအဖြစ်လည်းကောင်း၊ အရွက်၊ အပွင့်၊ အခေါက်တို့ကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြသည်။

**မယ်ဇယ်** *(Madhuca longifolia* (Koen.) Macbride) ၏ အင်္ဂလိပ်အမည်သည် Mahua, Mowra-butter tree ဖြစ်ပါသည်။ မူရင်းဒေသမှာ သီရိလင်္ကာ၊ မြန်မာ၊ အိန္ဒိယ၊ နီပေါနိုင်ငံတို့ ဖြစ်ကြပြီး မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းဒေသ၊ ရွက်ကြွေတောတွင် ပေါက်ရောက်ပါသည်။ အမြဲစိမ်းအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ ပေထိမြင့်သည်။ အစေ့မှထုတ်သောအဆီကို ထောပတ်ဆီကဲ့သို့ စားသုံးရာတွင်လည်းကောင်း၊ လောင်စာဆီအဖြစ်လည်းကောင်း အဆီထုတ်ပြီးသောကြိတ်ဖတ်များကို စိုက်ခင်းများအတွက် သဘာဝမြေသြဇာအဖြစ်လည်း အသုံးပြုကြသည်။ ပန်းပွင့်၊ အရွက်၊ အခေါက်တို့ကိုဆေးဖက်ဝင်အဖြစ် အသုံးပြုကြသည်။

**စန္ဒကူး(ခေါ်)နံ့သာဖြူ** *(Santalum album L.)* ၏ အင်္ဂလိပ်အမည်သည် Indian Sandalwood ဖြစ်ပါသည်။ မူရင်းဒေသမှာ ဩစတြေးလျ၊ အိန္ဒိယတောင်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးပင်အဖြစ် နေရာအနှံ့အပြား စိုက်ပျိုးကြသော်လည်း အဓိကအားဖြင့် ပုပ္ပါးဒေသ၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တို့တွင် အများအပြားစိုက်ပျိုးကြသည်။ ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်ပါသည်။ အမြဲစိမ်း အပင်လတ်မျိုးဖြစ်၍ အမြင့်ဆုံးအမြင့်ပေ ၅၄ ပေ အထိ မြင့်နိုင်သော်လည်း ပေါက်ရောက်ရာနေရာအလိုက် ပြောင်းလဲနိုင်ပါသည်။ စန္ဒကူးသားကို ပုတီး၊ သေတ္တာ၊ ယပ်တောင်၊

PDF Compressor Free Version

ပန်းပုရုပ်ထုပြုလုပ်ခြင်း၊ အသားမှ နံ့သာဆီ Essential Oil ထွက်ရှိသဖြင့် အမွှေးကို ရေမွှေး၊ အမွှေးနံ့သာ ထုတ်လုပ်ခြင်းနှင့် အပင်၏ အစိတ်အပိုင်းအသီးသီးကို တိုင်းရင်းဆေးများတွင် အသုံးပြုကြသည်။

PDF Compressor Free Version

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့အနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ နှစ် (၃၀) အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁ ခုနှစ်အထိ)၊ ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (၂၀၁၆–၂၀၁၇ မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ)၊ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇–၂၀၁၈ ခုနှစ်မှ ၂၀၂၆–၂၀၂၇ ခုနှစ်အထိ) များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ အပူပိုင်းဒေသအပါအဝင် ဂေဟစနစ်အမျိုးမျိုးရှိ တောနိမ့်၊ တောပျက်များတွင် စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ တစ်ရွာ(၂) ဧကစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ၊ ဘက်စုံသုံးစိုက်ခင်းများ၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာများ တိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်ခြင်း အပူပိုင်းဒေသ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အပူပိုင်းဂေဟစနစ်ပြန်လည်တည်ထောင်ရေးအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အပူပိုင်းဒေသရှိကျေးရွာတိုင်းတွင် အနည်းဆုံးတစ်ရွာ(၂) ဧကထင်းစိုက်ခင်းများ၊ သစ်တောစိုက်ခင်းများ၊ တစ်အုပ်တစ်မ စိုက်ခင်းများတည်ထောင်နိုင်ရေးနှင့် ဒေသမျိုးရင်းသစ်မျိုးများအသုံးပြုစိုက်ပျိုးနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**နွေရာသီအပူဒဏ်ကာကွယ်နိုင်ဖို့၊ ဒေသမျိုးရင်းသစ်မျိုးများ စိုက်ပျိုးကြပါစို့**

သစ်တောများမှ အထောက်အပံ့ပြုသော သစ်တောထွက်ပစ္စည်းအမျိုးမျိုးသာမက ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုတန်ဖိုးများကို အထူးအလေးထား၍ သစ်ပင်စိုက်ပျိုးခြင်းနှင့်သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင်ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း (Mitigation) နှင့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေခြင်း (Adaptation) အကျိုးကျေးဇူးနှစ်မျိုးစလုံးကို ရရှိစေနိုင်ပါသည်။ လက်ရှိရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှု၊ အပူချိန်တိုးမြင့်လာမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များကို တုံ့ပြန်ဖြေရှင်းနိုင်ရန် သဘာဝကိုအခြေခံသောနည်းလမ်း (Nature-based Solution) တစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးရန်နည်းလမ်းသည် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်သဖြင့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ ကျေးရွာချင်းဆက်လမ်းဘေး၊ ကားလမ်းဘေး၊ ရထားလမ်းဘေး၊ မြစ်၊ ချောင်းဘေး၊ တောင်ထိပ်များနှင့် ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းပြီး ဂေဟစနစ်ကို ပြန်လည်တည်ထောင်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၏ ပူပြင်းခြောက်သွေ့မှုနှင့် အပူချိန်မြင့်မားမှုများကို လျှော့ချရန်နှင့် တုံ့ပြန်ကာကွယ်နိုင်ရန်၊ စိမ်းလန်းစိုပြည်သော၊ ရာသီဥတုမျှတကောင်းမွန်သော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော ဒေသကြီးဖြစ်ပေါ်လာစေရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။

**(၂–၅–၂၀၂၄) ရက်နေ့ထုတ် မြဝတီသတင်းစာ**
**(၃–၅–၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့်**
**(၆–၅–၂၀၂၄) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများတွင်**
**ဖော်ပြပါရှိပြီးဖြစ်ပါသည်။**



လူရဲ့အကောင်းဆုံးမိတ်ဆွေက
သစ်ပင်ပါ။
ရိုရိုသေသေ သုံးပါ။
Frank Lloyd Wright

PDF Compressor Free Version

# မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (တိုးချဲ့) ဖွဲ့စည်းရေး ပဏာမစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့စဉ်က

ညိုဇော်ဝင်းထွန်း



ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အုပ်ချုပ်ရေးမှူးနှင့်တွေ့ဖို့စောင့်နေရသည်။ သူတို့ဌာနမှာက အလုပ်တွေများသည်။ ယခုလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အွန်လိုင်းအစည်းအဝေးတစ်ခုတက်နေသည်။ သူနှင့်အရင်တွေ့ပြီး မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဖွဲ့စည်းရေးအတွက် ပဏာမစိစစ်ရေးအဖွဲ့ပြင်ဆင်ဖွဲ့စည်းဖို့ စည်းဝေးဆောင်ရွက်ရပေမည်။

တွေ့ခွင့်ရပြီဆိုတော့မှ ပဏာမစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး ကြိုတင်ညှိနှိုင်းတာလုပ်ရသည်။ သူသိချင်တာ ဖြေပေးရသလို၊ သူသိသင့်တာတို့ကို ကြိုတင်ရှင်းပြရသည်။ ကိုယ်ဖြစ်စေလိုသည့်အကြောင်း အချက်တို့ကိုလည်း ကြိုတင်ဆွေးနွေးညှိနှိုင်းရသည်။ ပဏာမစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းဖို့အတွက် ကြေးတိုင်အရာရှိ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ကြောင်း ဦးစီးရုံးချုပ်က ညွှန်ကြားချက်ကိုလည်း သူ့အား ထပ်ဆင့်ရှင်းလင်းတင်ပြရသည်။ ထိုသို့ဖွဲ့စည်းပြီးက ကြေးတိုင်လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်။ အုပ်ချုပ်ရေးမှူးကမူ ပဏာမစိစစ်ရေးအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်ထံ အရင်တင်ပြပါဦးမယ်ဟုဆိုသည်။ သူက စိစစ်ရေးအဖွဲ့မူကြမ်းကို တိုင်းဒေသကြီးအစိုးရထံတင်ပြ အမိန့်နာခံပြီးမှ ကြေးတိုင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လိုသည်။

အစည်းအဝေးခန်းတွင် ဖျာပုံနှင့်ဘိုကလေးမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်မှ စပ်ဆိုင်သည့်ဌာနဆိုင်ရာများ၊ CSO, NGO, INGO များ၊ သက်ဆိုင်ရာဒေသမှ ရပ်မိရပ်ဖများ၊ ဒေသခံများရောက်ကြပြီ။ ကျွန်တော်တို့ဌာနက မြောင်းမြခရိုင်သစ်တော၊ ဖျာပုံနှင့် ဘိုကလေး မြို့နယ်ဦးစီးများနှင့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးတို့ ပါဝင်ကြသည်။ ဖျာပုံဦးစီးကအတွင်းရေးမှူး၊ ဘိုကလေးဦးစီးက တွဲဘက်အတွင်းရေးမှူးဖြစ်သည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (တိုးချဲ့)ကို ကုန်းမြေဧရိယာ(၂၇၄၀)ဧက၊ ရေပြင်ဧရိယာမှာ (၆၉၀၀)ဧက၊ စုစုပေါင်း(၉၆၄၀)ဧကအား ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာဖွဲ့စည်းဖို့ဖြစ်သည်။ အဆိုပါဧရိယာတွင် သက်နုကျွန်း နှစ်ကျွန်းပါဝင်ပြီး ကတုံးကလေးကျွန်းမှာ ဘိုကလေးမြို့နယ်၌ လည်းကောင်း၊ ဂယက်ကြီးကျွန်းမှာ ဖျာပုံမြို့နယ်၌လည်းကောင်းပါဝင်သည်။ ခရိုင်အနေနဲ့မူ ဖျာပုံခရိုင်တွင် ပါဝင်သည်။

အဆိုပါကျွန်းများတွင် ရွှံ့နွံတော၊ မြက်ရိုင်းတော၊ သဲသောင်ပြင်တော၊ ဒီရေတောများပါဝင်လျက် ငါး၊ ပုစွန်၊ ကဏန်းတို့၏ မျိုးပွားခိုလှုံ ကျက်စားရာဖြစ်ပြီး ကျား၊ပုစွန်၊ မီးနီပုစွန်တို့တွေ့နိုင်သည်။ ဒီရေတောမှာ သမဲ့၊ ကန့်ပလာ၊ လဘသစ်မျိုးတို့ပေါက်ရောက်ပြီး တောကြောင်မျိုးများ၊ မြွေမျိုးများ၊ လိပ်ပြာမျိုးများ၊ အင်းဆက်မျိုးများကျက်စားသည်။

သဲသောင်ပြင်တောများတွင် လုံးဝကာကွယ်ထားသည့် ပင်လယ်လိပ်လှောင်းတို့၏ ဥချရာနေရာဖြစ်သလို ရွှံ့နွံတောများတွင် ဒေသပြောင်း ကမ်းခြေရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ ကျက်စားသည်။ ထိုအထဲတွင် ရှားပါးသည့် ရေညှောင့်နှုတ်သီးဝိုင်းငှက်၊ ရေညှောင့်ခြေစိမ်းငှက်၊ ခရုစုပ်/ခရုတုတ်ငှက်များ ကျက်စားကြသည်။

မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောဖွဲ့စည်းရန်ရည်ရွယ်ကြောင်းမကြေညာမီ သစ်တောဦးစီးဌာနမှ ၎င်းနယ်မြေအား ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်သည်။ ဂယက်



PDF Compressor Free Version

ကြီးကျွန်းတွင် ခတ္တာကျေးရွာရှိပြီး ကျေးရွာသားတို့တောင်းဆိုသည်မှာ 'ကျေးရွာနှင့်ကပ်လျက် ဒီရေတောခန့်မှန်း ၁၀၀ ဧက ခန့်အား ကျေးရွာသုံးအဖြစ် ခွင့်ပြုစေချင်သည်။ ထို့အပြင် ခတ္တာကျွန်းနှင့် ထောင်ကြီးတန်းကျေးရွာကြားရှိ ပင်လယ်ဂလိုင်အတွင်း ရေလုပ်ငန်းလုပ်ကိုင်စားသောက်ခွင့်ပြုရန်တို့ဖြစ်သည်။ သူတို့၏သဘောထားမှာ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖွဲ့စည်းရေးအား ကန့်ကွက်ရန်မရှိပါ' ဟုဆိုကြသည်။

အစည်းအဝေးစလျှင် ကြေးတိုင်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး)က ဘေးမဲ့တောဖွဲ့စည်းရေး၏ ပဏာမစိစစ်ရေးအဖွဲ့၌ ဖျာပုံနှင့် ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူးများမှာ လူမှန်နေရာမှန် ပါမလာသည့်အတွက် ပြင်ဆင်ဖွဲ့စည်းရေးဆောင်ရွက်ရသည်ကို ရှင်းပြသည်။ ဒေသခံတို့မှ ဘေးမဲ့တောဖွဲ့စည်းမည့်အပေါ် စောဒကတက်ခြင်းများကြောင့် စိစစ်ရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးများကို အရေးကြီးသည့်နေရာမှာ ထည့်သွင်းရန်လိုအပ်ကြောင်း အဖွင့်ဆွေးနွေးသည်။

''မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (တိုးချဲ့) ဖွဲ့စည်းဘို့ ပဏာမစိစစ်ရေးအဖွဲ့မှာ ခရိုင်အုပ်ချုပ်ရေးမှူးကို ကြေးတိုင်အရာရှိတော့ထည့်ပြီး သက်ဆိုင်ရာ ဖျာပုံနဲ့ ဘိုကလေးအုပ်ချုပ်ရေးမှူးတွေက လူမှန်နေရာမှန်ပါမလာဘူး။ ဒီအဖွဲ့နဲ့ ကြေးတိုင်လုပ်ငန်းတွေ လုပ်လိုက်မယ်ဆိုရင်မြို့နယ်အလိုက်သက်ဆိုင်ရာဒေသက လူအမျိုးမျိုးက တွေ့ကြုံလာမယ့် သူတို့အခက်အခဲတွေ တင်ပြလာတဲ့အခါ ခရိုင်အုပ်ချုပ်ရေးမှူးက အလှမ်းကွာနေတယ်''

ခက်တော့ခက်သည်။ ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သော်လည်း ဒေသခံနှင့် လူအမျိုးမျိုးမှ ထုံးစံအတိုင်းတုံ့ပြန်မှုများ ထွက်ပေါ်လာသည့်အခါ ပဏာမစိစစ်ရေးအဖွဲ့မှာ မပြည့်စုံဟူ၍ ကြေးတိုင်လုပ်ငန်းများ မစရသေးခင် ဤပဏာမစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရေးသို့ နောက်ပြန်သွားကြရသည်။ ကြားကာလမှာ ကိုဗစ်ကပ်ရောဂါကြောင့်လည်း အလုပ်တို့နှောင့်နှေးခဲ့ရတာပါသည်။

သို့အတွက် ပဏာမစိစစ်ရေးအဖွဲ့အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ တက်ရောက်သူတို့အသီးသီး ပါဝင်ဆွေးနွေးကြသည်။ ဖျာပုံနှင့် ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူးတို့ကို ဒုဥက္ကဋ္ဌနေရာထားမည်။ ဒါ့အပြင် ငါးလုပ်ငန်းဦးစီးဌာနကို စိစစ်ရေးအဖွဲ့မှာမပါမဖြစ်ထည့်သွင်းဘို့ ကျွန်တော်မှ ရှင်းလင်းဆွေးနွေးပြီး အားလုံးသဘောတူကြသည်။ ရပ်မိရပ်ဖ၊ ကျေးရွာတာဝန်ခံ/ အုပ်ချုပ်ရေးမှူး၊ တတ်သိနားလည်သူပညာရှင်၊ CSO,NGO,INGO တို့ကိုလည်း လိုအပ်သလိုပြန်လည်ပြင်ဆင်ရသည်။

သို့နှင့် ပြင်ဆင်သည့်ပဏာမစိစစ်ရေးအဖွဲ့ ပါဝင်သူစာရင်းအား သဘောတူကြပြီးသော် လိုအပ်တာဝိုင်းဝန်းဆွေးနွေးကြပါဟု ခရိုင်အုပ်ချုပ်ရေးမှူးက လမ်းဖွင့်လိုက်သည်နှင့် အားလုံးက သစ်တောဌာနအပေါ် အာရုံကျလာကြသည်။ နဂိုကတည်းကလည်း မောင်းတင်ထားကြတာဖြစ်ပါလိမ့်မည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ဘိုကလေးမြို့နယ်၊ ကဒုံကနီတွင် ပင်လယ်လိပ်ထိန်းသိမ်းရေး သုတေသနနှင့် ပညာပေးစခန်းရှိပြီး ကတုံးကလေးကျွန်းပေါ်၌ ပင်လယ်လိပ်ထိန်းသိမ်းရေးအကူလုပ်သားအိမ်များရှိသည်။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (တိုးချဲ့) ဖွဲ့စည်းလိုက်လျှင် တားမြစ်ချက်များနှင့် နယ်မြေကန့်သတ်မှုတို့ကြောင့် ဒေသခံတို့ အခက်အခဲဖြစ်လာစေနိုင်သည့် အချက်တို့ကို ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန (လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန) ကလည်းကောင်း၊ ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်သူတို့ကလည်းကောင်း မေးမြန်းကြသည်။ သစ်တောဦးစီးဌာနအနေဖြင့် ကျွန်တော်တို့မှ ဖြေကြားရာတွင် –

''ရှားပါးသော တောရိုင်းတိရစ္ဆာန်နှင့် ရေနေသတ္တဝါများကျက်စားပုံ၊ ဂေဟဗေဒစနစ်၏အရေးပါပုံ၊ရွှေ့ပြောင်းရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၏ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အကျိုးပြုပုံများဖွဲ့စည်းမည့် ဘေးမဲ့တောတွင်ရှိသော ဒီရေတောများ၏ သဘာဝဘေးအန္တရာယ် အသွယ်သွယ်ကို အကာအကွယ်ပေးနိုင်ပုံ၊ ရေသတ္တဝါတို့၏ဘဝစက်ဝန်းတွင် အရေးပါပုံ၊ ငါး၊ ပုစွန်၊ ကဏန်း၊ ဂုံး၊ ကမာ၊ ခရု၊ ရှပ် အမျိုးမျိုးသောရေသတ္တဝါတို့ ရှင်သန်ပေါက်ဖွားရေးအတွက် ဒီရေတောနှင့် ရေတိမ်ဒေသများ၊ ကမ်းခြေများလိုအပ်ပုံ''

''ဤသို့ဘေးမဲ့တော ဖွဲ့စည်းရသည့် ရည်ရွယ်ချက်သည် ဒေသတွင်းလူအများအတွက် သဘာဝဘေးအန္တရာယ်မှကာကွယ်ပေးရန်လည်းဖြစ်ပါကြောင်း၊ ဒါ့အပြင် ယခုနေရာကို ထိန်းသိမ်းရခြင်းသည် ငါး၊ ပုစွန်၊ ကဏန်း အပါအဝင် ရေလုပ်ငန်းကို ရေရှည်အထောက်အကူပေးရန်ဖြစ်ကြောင်း၊ အများအကျိုးအတွက် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း''စသည်ဖြင့် စုံစေ့အောင်ရှင်းပြကြသည်။

ဒါ့အပြင် ကျွန်တော်တို့၏ အခြားအတွေ့အကြုံတို့နှင့်စပ်ယှဉ်ပြရသည်။

''တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နဲ့ မျက်နှာချင်းဆိုင် တစ်ဘက်ကမ်းပင်လယ်ဘက်ခြမ်းမှာ ပထော်ပထက်တောင်တန်းရှိပါတယ်၊ အဲဒီတောင်က မြိတ်မြို့ကို

PDF Compressor Free Version

သဘာဝဘေးအန္တရာယ်တို့ကနေ ကာကွယ်ပေးပါတယ်။ အခုလည်း ကဒုံကနီမြစ်နဲ့ ဘိုကလေးမြစ်တို့ရဲ့ထိပ်ဝ၊ ဘင်္ဂလားပင်လယ်အော်ထဲက ဘေးမဲ့တောဖွဲ့စည်းရာမှာပါတဲ့ ကတုံးကလေးကျွန်းနဲ့ ဂယက်ကြီးကျွန်းဟာ အလျား ဆယ်မိုင်လောက်ရှိပါတယ်၊ ကဒုံကနီမြစ်နဲ့ ဘိုကလေးမြစ်ကြောင်းတွေတစ်လျှောက်မှာရှိတဲ့ ဘိုကလေးမြို့နယ်နဲ့ ဖျာပုံမြို့နယ်ထဲက ကျေးရွာတွေ၊ မြစ်နားချောင်းနားအသီးသီးက ကျေးရွာတွေကို သဘာဝဘေးအန္တရာယ်ပေါင်းစုံက အများဆုံး ကာကွယ်ပေးနိုင်တယ်၊ နာဂစ်လို ဘေးအန္တရာယ်အပါအဝင်ပေါ့''

နာဂစ်ကျရောက်စဉ်က ကဒုံကနီမြစ်နှင့်ဘိုကလေးမြစ်တို့ဆုံရာရှိ ယခင်ကဖွဲ့စည်းထားပြီးဖြစ်သည့် မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၏ အကာအကွယ်ပေးနိုင်ပုံ၊ ပင်လယ်နှင့်နီးကပ်ပြီး ထိုမြစ်တို့၏ အဝနားတွင်ရှိသည့် ကဒုံကနီကြိုးဝိုင်းနှင့်ပျဉ်ဒရယ်ကြိုးဝိုင်းတို့၏ သဘာဝဒီရေတောများ၊ ဒီရေတောစိုက်ခင်းများ၊ သဘာဝဒီရေတောများက အကာအကွယ်ပေးနိုင်ပုံတို့ကို ရှင်းပြရသည်။

ထို့အပြင် ဒီရေတောများကို အကြောင်းအမျိုးမျိုးဖြင့် ခုတ်ထွင်ရှင်းလင်းပြီး ဆားလယ်၊ စပါးလယ်၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးကန်များအဖြစ် အသုံးချခြင်း၊ အခြားနည်းလမ်းအမျိုးမျိုးဖြင့် ဒီရေတောများကို အသုံးချခြင်းသည် သဘာဝဘေးအန္တရာယ်တို့ကို လက်ယပ်ခေါ်သလိုဖြစ်ကြောင်း၊ သဘာဝကပေးထားသောအကာအကွယ်နှင့် သဘာဝကပေးထားသည့် ဝန်ဆောင်မှုတို့ကို တစ်ဦးတစ်ယောက်အကျိုးရလိုမှုအတွက် ပျက်စီးစေခြင်းသည် ထိုဒေသနှင့် ဆက်စပ်ဒေသများအတွင်း မှီတင်းနေထိုင်သူ လူများစုအတွက် အန္တရာယ်ကြီးကြောင်းတို့ကို ရှင်းပြရသည်။

ထိုသို့ ရှင်းပြရာတွင် လပွတ္တာ၊ ဖျာပုံ၊ဘိုကလေးမြို့နယ်အတွင်း ရောက်ရှိလေ့လာမှတ်သားခဲ့သည့် ဒေသများမှ နာဂစ်အတွေ့အကြုံတို့ကိုလည်း ထည့်သွင်းရှင်းလင်းသက်သေထူရသည်။ အများစုသိပြီးဖြစ်သော်လည်း ဖွေးပေးရခြင်းပါ။

**လပွတ္တာမြို့နယ်၊ ကွကွလေးဒီရေတောပျိုးဥယျာဉ်စခန်း**

ပျိုးဥယျာဉ်လုပ်သားခေါင်းဆောင်– ''ကွကွလေးစခန်းအနီးမှ ကျေးရွာတစ်ခုလုံး နာဂစ်မှာရေမျောပျောက်ဆုံးသွားသည်မှာတဲအိမ်တွေရော၊ လူတွေရောတံမြက်စည်းသိမ်းသကဲ့သို့ဖြစ်ကြောင်း၊ တစ်ရွာလုံးပျောက်ကွယ်သွားကြောင်း၊ ကွကွလေးသစ်တောပျိုးဥယျာဉ်စခန်းမှာ ဒီရေတောစိုက်ခင်းများရှိသည့်အတွက် ဝန်ထမ်းနှင့်လုပ်သားပေါင်းလျှင် လူခုနစ်ဆယ်လောက်ရှိရာမှာ ခြောက်ယောက်သာ ရေမျောပျောက်ဆုံးကြောင်း၊ သူ့မိသားစုမှနှစ်ဦးပါသွားကြောင်း''

**ဘိုကလေးမြို့နယ်၊ ဖြုံးမွေးကျွန်း ဒီရေတောပျိုးဥယျာဉ်**

ပျိုးဥယျာဉ်မှလုပ်သားများ –''မိန်းမလှကျွန်း၊ ဖြုံးမွေးကျွန်းပေါ်ရှိ ဒီရေတောများကြောင့် အနီးမှကျေးရွာများသည် အသက်အန္တရာယ်မှ လွတ်ကင်းခဲ့ကြတာရှိကြောင်း၊ ပင်လယ်လှိုင်းနှင့် လေမုန်တိုင်းကြောင့် လွင့်မျောပါကြသူများမှာ ဒီရေတောကိုဖက်တွယ်ပြီး အသက်ရှင်ခဲ့ကြရသူများစွာရှိကြောင်း''ဒီရေတောများတံမြက်စည်းလှည်းသလိုတိုက်ချနေသော ပင်လယ်လှိုင်းတို့ကိုအားပျော့သွားစေသည်။

**ဖျာပုံမြို့နယ်၊ ဒေးဒရဲ၊ ကံဆိပ်ကျေးရွာအုပ်စု၊ ညီနောင်ကျေးရွာ၊ ဒီရေတော(ကျေးရွာထင်းစိုက်ခင်း)စိုက်ခင်း**

ဒေသခံကျေးရွာသားစိုက်ခင်းလုပ်သား– ''နာဂစ်မှာ တက်လာတဲ့ ပင်လယ်လှိုင်းကြီးတွေအမြင့်သည် ရွာစေတီကိုပင် ကျော်ကြောင်း၊ တစ်ရွာလုံးကလူတွေ တံမြက်စည်းလှဲလိုက်သလိုအကုန်ပါသွားကြောင်း၊ မြို့ရောက်နေတဲ့လူ အချို့ပဲလွတ်ကြောင်း''

ထိုရွာအနီးပင်လယ်ကမ်းခြေမှာ ကမ်းတက်ဒီရေတော သုံးရာ့ငါးဆယ်ဧကခန့်ဖြစ်ထွန်းနေရာ ဒီရေတောစိုက်ခင်းများတည်ထောင်ရင်း ဒီရေတောကြိုးပြင်ကာကွယ်တောလုပ်ဖို့ ဆောင်ရွက်နေရာ၌ ကျေးရွာသားတို့က သူတို့ကိုယ်ပိုင်မြေအဖြစ် စိုက်ပျိုးမြေသုံးလိုကြသည်။ ၎င်းကျေးရွာသည် ပင်လယ်နှင့် နီးကပ်လျက်ရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် ယခင်လိုပင် အရင်ဆုံးရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် တွေ့ကြုံခံစားခဲ့ရဖူးသည့် နာဂစ်လို သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရန်မှာ ဒီရေတောများသာဖြစ်သည်ကို ရှင်းပြခဲ့ရပါသည်ဟု ချပြသည်။

ဒါတွေက တက်ရောက်လာသည့် ဌာနဆိုင်ရာများမှကြားသိပြီးဖြစ်သလို ဒေသခံများက ကိုယ်တိုင် တွေ့ကြုံခဲ့ကြရပြီးဖြစ်ပေမည်။ သူတို့အားလုံး နာဂစ်ကို မြင်၊ သိ၊ ကြားပြီးသားလူချည်းဖြစ်သည်။ သို့မို့ ရှားပါးသောတောရိုင်းတိရစ္ဆာန်များအကြောင်း၊ဂေဟဗေဒစနစ်အကြောင်း၊ ဒေသခံတို့၏ ရေလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးစေရေး၊ ရွှေ့ပြောင်းငှက်များက စိုက်ပျိုးရေးကိုအကျိုးပြုပုံတို့ကို ရှင်းပြပြီးသော် သဘာဝဘေးအန္တရာယ်၏ အသက်ဘေးနီးစေတာကို အပိတ်ပြောရသည်။ လူတို့သည် အသက်ဘေးနှင့် ရင်ဆိုင်ရမှာကိုတော့ အကြောက်ဆုံးဖြစ်ပေမည်။

*စာမျက်နှာ (၂၄) သို့ ➤*



PDF Compressor Free Version

ရန်စိုးအောင် (ဦးစီးအရာရှိ)

ဒီရေတောဆိုသည်မှာ ပင်လယ်ပြင်နှင့် ကုန်းမြေအကြား လူသားတို့အတွက် သဘာဝတရားက ပေးခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် လက်ဆောင်တစ်ခုဖြစ်ပါသည်။ နေ့စဉ် ဒီရေ အတက်အကျရှိသော ဒေသ (ဒီရေ အမြင့်ဆုံးနှင့် အနိမ့်ဆုံးအကြား) ပေါက်ရောက်ရှင်သန်နေသည့် အမြဲစိမ်းသစ်တောများဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ဒီရေတောများအား မြောက်လတ္တီတွဒ် 30˚ နှင့် တောင်လတ္တီတွဒ် 30˚ အကြားတွင် အများဆုံးပေါက်ရောက်ပါသည်။

မြန်မာနိုင်ငံတွင် အဓိကတွေ့ရှိရသော ဒီရေတောအမျိုးအစားများမှာ မြစ်ဝကျွန်းပေါ်ဒီရေတော (Delta Mangrove)နှင့် ပင်လယ်ကမ်းခြေဒီရေတော (Coastal Mangrove) တို့ဖြစ်ပါသည်။

**မြစ်ဝကျွန်းပေါ် ဒီရေတော** *(Delta Mangrove)*

မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကြီးမှ သယ်ယူလာသည့် နုန်းမြေများသည် ပင်လယ်ပြင်နှင့် ထိတွေ့သော မြစ်ဝနေရာများတွင်ပို့ချရာမှ ဖြစ်ပေါ်လာသော ဒီရေတောများဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒီရေတောများကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲတို့တွင် အများဆုံးတွေ့ရှိရပြီး မုတ္တမပင်လယ်ကွေ့ဒေသများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်လည်းတွေ့ရှိရပါသည်။ မြေဆီလွှာအနေဖြင့် ရွှံ့စေးမြေအများဆုံးဖြစ်ပြီး သဲဆန်သော နုန်းမြေအနည်းငယ်အားတွေ့ရှိရပါသည်။ ဆားအငန်နှုန်းအနေဖြင့် မြစ်ကြီးများ၏ ရေချိုဖိအားကြောင့် နွေရာသီနှင့် မိုးရာသီအတွင်း ဆားအငန်နှုန်းကွာခြားမှုများပါသည်။ နွေရာသီတွင် ဆားအငန်နှုန်း အမြင့်ဆုံး ၃.၅ ရာခိုင်နှုန်းရှိပြီး မိုးရာသီတွင် ၀ မှ ၁.၅ ရာခိုင်နှုန်းအထိ ကွာခြားပါသည်။

**ပင်လယ်ကမ်းခြေ ဒီရေတော** *(Coastal Mangrove)*

ပင်လယ်ကမ်းခြေဒီရေတောများကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ကမ်းရိုးတန်းနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် တွေ့ရှိရပါသည်။ မြေဆီလွှာအမျိုးအစားများအနေဖြင့် သဲနုန်းမြေအမျိုးအစားအားတွေ့ရှိရပါသည်။ ဆားအငန်နှုန်းအနေဖြင့် နွေရာသီနှင့် မိုးရာသီကွာခြားမှုနည်းပါးပါသည်။ နွေရာသီတွင် ဆားအငန်နှုန်း ၃.၅% ရှိပြီး၊ မိုးရာသီတွင် ၂.၅% ရှိပါသည်။

ဒီရေတောများတွင် အောက်ဖော်ပြပါ ထူးခြားသောသဘာဝများရှိပါသည်။

(၁) လေရှူမြစ်များရှိခြင်း
(၂) ဆားအငန်ဓာတ်ရှိသောရေတွင် ရှင်သန်နိုင်ခြင်း
(၃) အပင်ထက်မျိုးပေါက်သည့်သဘာဝရှိခြင်း

အထက်ဖော်ပြပါ ဒီရေတောများ၏ ထူးခြားသော သဘာဝများအနက် လေရှူမြစ်များနှင့်ပတ်သက်၍ သစ်မျိုးများအနက် လေရှူမြစ်များ၏ ကွဲပြားခြားနားမှုများအား ရေးသားဖော်ပြအပ်ပါသည်။

**(၁) လေရှူမြစ်များရှိခြင်း**

ဒီရေတောအပင်များသည် အမြစ်ပိုင်းမှ အစာနှင့်ရေကိုစုပ်ယူရန်အတွက် လိုအပ်သောလေဖိအားရရှိရန် လေထဲမှ အောက်ဆီဂျင်ကိုစုပ်ယူရန်လိုအပ်ပါသည်။ ဒီရေတောမြေတွင် အောက်စီဂျင်ပါဝင်မှုအလွန်နည်းခြင်းကြောင့် ရေကျချိန်လေထဲမှစုပ်ယူရန်အတွက် လေရှူမြစ်များ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မြေကြီးထဲမှ လေထဲသို့ထွက်ပေါ်

နေပါသည်။ သစ်မျိုးအလိုက် ပုံသဏ္ဍာန်ကွဲပြားကြပါသည်။

**(က)ထောက်မြစ်များ (Prop Root)**

PDF Compressor Free Version

ပြူးခြေထောက်သစ်မျိုးများ၏ လေရှူမြစ်များသည် အပင်၏ပင်စည်မှ ထောက်မြစ်ပုံသဏ္ဍာန်များ ထွက်ပေါ်လာပါသည်။ လေထုထဲမှ အောက်ဆီဂျင်ကို စုပ်ယူခြင်းသာမက အပင်အတွက် မြေကြီးတွင်ထောက်ကူပေးထားသည့်လုပ်ငန်း နှင့်အစာချက်လုပ်ခြင်းကိုပါ ဆောင်ရွက်ပေးပါသည်။ ပြူးခြေထောက်အဖို (*Rhizophora apiculata* )နှင့်ပြူးခြေထောက်အမ(*Rhizophora mucronata*) တို့တွင် တွေ့ရှိရပါသည်။





**(ခ) ဒူးခေါင်းပုံလေရှူမြစ်များ (Knee Root)**

မြေကြီးထဲတွင် အပင်မှရေပြင်ညီအတိုင်းသွားနေသောအမြစ်များမှ လေထဲသို့ လူ့ဒူးခေါင်းထောင်ထားသကဲ့သို့ ထွက်ပေါ်နေသောလေရှူမြစ်များ ဖြစ်ပါသည်။ ပြူးအုပ်ဆောင်းအုပ်စုများဖြစ်သည့် ပြူးအုပ်ဆောင်း *Bruguiera gymnorhiza*, နှံပြူး *Bruguiera cylindrical*, ဆောင်းဖို *Bruguiera hanesii*, ဝါးကြိတ်လိမ်(ငုက်) *Bruguiera parviflora*, ပြူးကြက်တက် *Bruguiera sexenxgula*, အိပ်မသွယ်အနီ(သျှား) *Lumnitzera littorea* တို့တွင် တွေ့ရှိရပါသည်။





**(ဂ) ကတော့ချွန်ပုံလေရှူမြစ်များ (Pneu -matophores)**

လမုအုပ်စု(Sonneratiaceae), သမဲ့အုပ်စု (Avecnniaceae) အပင်မျိုးများသည် မြေပြင်မှရေပြင်ညီအတိုင်း မြေအောက်မှသွားနေသော အမြစ်များသည် လေထဲသို့ ကတော့ ချွန်ပုံ၊ ခဲတံပုံသဏ္ဍာန်အမျိုးမျိုးဖြင့်ထွက်ပေါ်နေသော လေရှူ မြစ်များဖြစ်ပါသည်။ ကတော့ချွန်ပုံလေရှူမြစ်များအား အောက်ပါအတိုင်း နှစ်မျိုး ခွဲခြားတွေ့ရှိရပါသည်။

**(၁) ကတော့ချွန်ပုံ(Conical shape)**

လမု *Sonneratia caseolaris*, လဘ *Sonneratia griffithii*, လမုတသတ် *Sonneratia alba*, ကန့်ပလာ *Sonneratia apetala* တို့တွင် တွေ့ရှိရပါသည်။



**(၂) ခဲတံချောင်းပုံ (Pencil like)**

သမဲ့ကြီး *Avicennia officinalis*, သမဲ့ဖြူ *Avicennia marina*, သမဲ့ကြက်တက်*Avicennia alba*, သမဲ့ကြက်သွန် *Avicennia lanata*, သင်ပေါင်း *Phoenix paludosa* တို့တွင်တွေ့ရှိရပါသည်။



**(ဃ)သပ်ချောင်းပုံလေရှူမြစ်များ (Peg root)**

မြေအောက်တွင် ရေပြင်ညီအတိုင်းသွားနေသော အမြစ်များမှလေထဲသို့ သပ်ချောင်းများ ပုံသဏ္ဍာန်ဖြင့် ထွက်ပေါ်နေခြင်းဖြစ်ပါသည်။ အမြင့် ၂ ပေခန့်ရှိပါသည်။ ကျနပင်၏ လေရှူမြစ်မှာအမြင့် ၆ ပေအထိတွေ့ရှိရပါသည်။ ကနစို *Heritiera fomes*, ကျန *Xylocarpus moluccensis*, စကားလွန်း *Intsia bijuga*, ပန့်သကာ *Amoora cucullata* တို့တွင် တွေ့ရှိရပါသည်။





**((င) ပျဉ်ပြားပုံလေရှူမြစ်များ** ***(Plank root)***

PDF Compressor Free Version

မြေအောက်တွင်သွားနေသော အမြစ်ပိုင်း၏ အပေါ်ပိုင်းသည် မြေကြီးထဲမှ ပျဉ်ပြားဒေါင်လိုက် ထောင်ထားသကဲ့သို့ ထွက်ပေါ်နေခြင်းဖြစ်ပါသည် ပါးပျဉ်းထွက်ပေါ်သည်ဟုခေါ်ကြသည်။ ကုန်းကနစို၏ လေရှူမြစ်သည် လူနှစ်ဦး ဝင်ရပ်နိုင်သည်အထိ ကြီးမားပါသည်။ ပင်လယ်အုန်း *Xylocarpus granantum*, ကုန်းကနစို *Heritiera littoralis* တို့တွင် တွေ့ရှိရပါသည်။



**(စ) ထောက်ကူမြစ်များ** ***(Buttress)***

ပင်စည်၏အခြေမှ ကြီးမျှားသဖွယ် ထွက်ပေါ်လာပြီး မြေကြီးထဲထောက်ဝင်နေသောကြိုး ပုံသဏ္ဍာန် လေရှူမြစ်များဖြစ်ပါသည်။ မဒမမျော *Ceriops tagal*, မဒမ *Ceriops decandra* ပြူးဘိုင်းတောင့် *Kandelia candel* တို့တွင် တွေ့ရှိရပါသည်။



**(ဆ) ပုံသဏ္ဍာန် မထင်ရှားသောလေရှူမြစ်များ**

အချို့သော ဒီရေတောသစ်မျိုးများနှင့် တွဲဘက်သစ်မျိုးများတွင် လေရှူမြစ်ရှိသော်လည်း ပုံသဏ္ဍာန်အတိအကျမရှိကြဘဲ သစ်မျိုးအလိုက်ကွဲပြားခြားနားကြသည်။ သရော *Excoecaria agallocha*, ဓနိ *Nypha fruticans* နှင့် မြင်းက(မင်းက) *Cynometra ramiflora* တို့တွင် တွေ့ရှိရပါကြောင်းရေးသားဖော်ပြအပ်ပါသည်။



စာမျက်နှာ (၂၁) မှအဆက် ➤

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖွဲ့စည်းမည့်အပေါ်အဖွဲ့အစည်းဌာနအသီးသီးအပြင် ရပ်မိရပ်ဖနှင့်ဒေသခံများ၊ ဆက်စပ်ပတ်သက်သူများကလည်း သူတို့သိချင်သည်များမေးမြန်းကြရာမှာ သစ်တောဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းဥပဒေတို့နှင့်အညီ ဖြေကြားရသလို ဘေးမဲ့တောဖွဲ့စည်းရေးနှင့်မသက်ဆိုင်သော တရားမဝင်သစ်ဖမ်းဆီးသည့် ကိစ္စရပ်များပါ,ပါလာသဖြင့် စိတ်ရှည်လက်ရှည်ဖြေကြားပေးရသည်။ ကြာတော့ မေးစရာ၊ ဖြေစရာတွေလည်း ကုန်သလောက်ရှိပေပြီ။

ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူးက–

''ကဲ–အားလုံး ဘာမှထပ်ပြောမနေကြနဲ့တော့...နာဂစ်ဖြစ်တုန်းက သိန်းနဲ့ချီပြီး လူတွေသေခဲ့တာ၊ ဟောဒီ ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာကလူတွေ လက်တွေ့ခံခဲ့ရပြီးပြီ။ အထူးသဖြင့် ပင်လယ်နားနီးတဲ့သူတွေ၊ မြစ်နား၊ချောင်းနားနီးတဲ့သူတွေက အများဆုံးခံရတာ။ ဒီရေတောရှိတဲ့နေရာတွေမှာပဲ လူတွေအသက်ကယ်နိုင်ခဲ့တာ။ အဲဒီတုန်းက နာဂစ်ဖြစ်တော့ မိန်းမလှကျွန်းဒီရေတောမှာက သစ်ပင်တွေပေါ်မှာ တင်ကျန်ရစ်တဲ့လူတွေ ထောင်ချီပြီး အသက်ရှင်ကြတယ်၊ ဒီရေတောမရှိတဲ့နေရာက ရွာတွေအကုန်ပြောင်၊ လူတွေအကုန်ပျောက်၊ အကုန်သေကြတာ အားလုံးအသိဘဲ၊ ဒါကြောင့်မို့လို့ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(တိုးချဲ့)က မဖြစ်မနေဖွဲ့ကိုဖွဲ့ရမယ်လို့သာ အားလုံးမှတ်ထားလိုက်ကြတော့''

အုပ်ချုပ်ရေးမှူးက ထိုသို့ပြောလိုက်တော့ တိတ်သွားကြသည်။ အုပ်ချုပ်သူတို့သည် အတွေးအမြင်၊ ဗဟုသုတ များဖို့လိုသည်။ ဒါမှလည်း မှန်ကန်သောဆုံးဖြတ်ချက်တို့ရမည်။ ဒေသဆိုင်ရာ အုပ်ချုပ်သူတစ်ဦးကိုယ်တိုင် သစ်တောမြေဖွဲ့စည်းရန် လိုအပ်သည့်အကြောင်းရင်းကိုသိရှိလက်ခံသည့်အတွက် တက်ရောက်လာသူများအတွင်း စောဒကတက်သူ ထပ်မံထွက်မလာတော့ပေ။

မျက်တောင်တဖျားမကြည့်ဘဲ မျက်စေ့တဆုံးကြည့်ကြရမည်မှန်း သဘောပေါက်ကြဖို့ လိုပါသည်။ ဒေသဆိုင်ရာ အုပ်ချုပ်သူအဆင့်တိုင်းသည်လည်းကောင်း၊ ဒေသနှင့်သက်ဆိုင်သူတို့သည်လည်းကောင်း၊ သစ်တောနယ်မြေဖွဲ့စည်းရခြင်း၏အရေးပါပုံကို သိရှိသင့်သည်။ ဤသို့ဖွဲ့စည်းရခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အနာဂတ်ကောင်းကျိုးအတွက် မျှော်ရည်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနားလည်မှသာ လုပ်ငန်းစဉ်အဆင့်ဆင့် အဆင်ပြေချောမွေ့စွာပြီးမြောက်နိုင်လိမ့်မည်။ ယခုတော့ ပဏာမစိစစ်ရေးအဖွဲ့ပြင်ဆင်အတည်ပြုချက်ထွက်လာလျှင် ကြေးတိုင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်သာ ရှိပေတော့သည်။

PDF Compressor Free Version



# ကျား .. ကျား ဘာကျားလဲ

စိန်လှိုင်

ကျွန်တော် ဦးစီးအရာရှိဖြစ်စ CFDTC တွင် တာဝန်ကျစဉ်ကဖြစ်သည်။ အဲဒီအချိန်က တောကြပ်အကြို လုပ်ငန်းခွင်သင်တန်းစတင်ဖွင့်လှစ်ပြီး သစ်တောသို့ တောကြပ်ရာထူးဖြင့် စတင်ဝင်ရောက်မည့်သူများကို သင်တန်းပေးရလေသည်။ သင်တန်းထုံးစံအတိုင်း ကျန်းမာရေးလေ့ကျင့်ခန်း၊ စစ်ရေးပြပြုလုပ်ခြင်း၊ သင်တန်းပို့ချခြင်းအပြင် လက်တွေ့ကွင်းဆင်းခြင်း (၂)ပတ် ပါဝင်လေသည်။ ထိုအချိန်က မိုးရာသီအချိန်ဖြစ်သဖြင့် တိုက်ကြီးမြို့နယ်၊ စီးပွားရေး(ကျွန်း) စိုက်ခင်းသို့ သင်တန်းသားများ၊ သင်တန်းဆရာ (၂)ဦးနှင့်အတူ သင်တန်းကြီးကြပ်သူအဖြစ် သွားရောက်ရလေသည်။ ကျွန်းစိုက်ခင်းလုပ်ငန်းများဖြစ်သည့် ပန္နက်ရိုက်၊ အပင်စိုက်ခြင်းလုပ်ငန်းများ သင်တန်းသားများ လက်တွေ့ဆောင်ရွက်ခြင်းကို ကြီးကြပ်ဆောင်ရွက်ရပြီး သက်ဆိုင်ရာ နယ်မြေတာဝန်ခံ တာဝန်ကျဝန်ထမ်းများလည်း မိမိတို့နှင့်အတူပါဝင်ကူညီဆောင်ရွက်ပေးလေသည်။ ထိုအထဲတွင် သက်ဆိုင်ရာမြို့နယ်မှ တောအုပ်ဦးအောင်ဆန်းလည်းပါဝင်လေသည်။ တောအုပ် ဦးအောင်ဆန်းသည် ရခိုင်သားဖြစ်ပြီး စတွေ့စဉ်က ၎င်းပြောသည့်စကားများသည် ရခိုင်လေသံဖြစ်သောကြောင့် အတော်နားစိုက်ထောင်ရသည်။ မိုးတွင်းကာလ အပင်စိုက်ချိန်ဖြစ်သဖြင့် မိုးရွာထဲ၌ပင် မိမိအပါအဝင် အခြားသင်တန်းကြီးကြပ်ဆရာများက သင်တန်းသားများလုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရလေသည်။

တစ်နေ့သင်တန်းသားများ ပန္နက်ရိုက်၊ အပင်စိုက်ခြင်းဆောင်ရွက်မှုကို ကြီးကြပ်ပြီး နေ့လယ် ထမင်းစားချိန်တန်းဖြုတ်၍ စိုက်ကွက်ထဲရှိတောင်ယာတဲသို့ နေ့လယ်ထမင်းစားနားရန် လာခဲ့လေသည်။ ထိုအချိန် တောင်ယာတဲပေါ်၌ တောအုပ် ဦးအောင်ဆန်းက ကြိုတင်ရောက်နှင့်ပြီးဖြစ်လေသည်။ မိမိအနေဖြင့် တောင်ယာတဲပေါ်သို့ တက်ရန် တောစီးဖိနပ်ချွတ်နေစဉ် တောအုပ် ဦးအောင်ဆန်းက တောင်ယာတဲပေါ်မှနေ၍ ကျွန်တော့်ကို–

''ဆရာ နေ့လယ်စာစားဖို့ ပြန်လာပြီလား၊ ကျွန်တော် ဆရာ့အတွက် တောကျားဖမ်းထားတယ်'' လို့ ပြောဆိုရာ ကျွန်တော်အနေဖြင့် ဖိနပ်ချွတ်ပြီးတဲပေါ်တက်ရန်ပြင်စဉ်အနည်းငယ် တွန့်သွားလေသည်။ ထို့နောက် သေချာစေရန် ဦးအောင်ဆန်းကို ''ဘာပြောတာလဲ''ဟု ထပ်မေးရာ ၎င်းက–

''ကျွန်တော် ဆရာ့အတွက် တောကျားဖမ်းထားတယ်''လို့ထပ်ဖြေလေသည်။ ကျွန်တော်တို့ Field ဆင်းသည့် တိုက်ကြီးမြို့နယ်၊ ကျွန်းစိုက်ခင်းတည်ထောင်သည့်နေရာသည် တောဆင်ရိုင်းပေါသည့်နေရာများဖြစ်ပြီး မိမိတို့လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာတွင် အချို့နေရာများ၌ သစ်ပင်ပေါ်တွင် လင့်စင်များထိုးထားသည်ကိုတွေ့ရသဖြင့် ဒေသခံနှင့် ဝန်ထမ်းများကိုမေးရာ တောဆင်ရိုင်းလာလျှင် ရှောင်တိမ်းရန် လင့်စင်များထိုးထားခြင်းဖြစ်ကြောင်း သိရှိရပြီး သင်တန်းသားများ ကြီးကြပ်ခြင်းဆောင်ရွက်ရာ၌ တစ်ယောက်တည်း သွားလာသည့်အချိန်များတွင် သတိထားသွားလာရလေသည်။ ယခု တောအုပ် ဦးအောင်ဆန်းက တောကျား ဖမ်းထားကြောင်း ပြောဆိုသဖြင့် မိမိစိတ်တွင် သေးငယ်သည့်တောင်ယာတဲပေါ်တွင် တောကျားဖမ်းထားသဖြင့် အကယ်၍တောကျားလွတ်၍ အန္တရာယ်ပြုပါကမိမိမှာ မည်သို့ကာကွယ်ရမည်ကို စဉ်းစား၍မရသဖြင့်သေချာစေရန် တောင်ယာတဲပေါ်သို့ မတက်သေးဘဲ တောအုပ်ဦးအောင်ဆန်းကို မည်သည့်အရာကို ဖမ်းထားကြောင်း ထပ်မံမေးမြန်းလေသည်။

ထိုအခါ တောအုပ်ဦးအောင်ဆန်းက ထလာပြီး ခြင်းထဲတွင် ထည့်ထားသည့်အကောင်ကိုဆွဲကာ ပြလိုက်မှ မိမိမှာ စိတ်ကိုဒုံးဒုံးချနိုင်ပြီး တောင်ယာတဲပေါ်သို့ တက်လေတော့သည်။ တောအုပ် ဦးအောင်ဆန်းဖမ်း၍ ခြင်းထဲတွင် ထည့်ထားသည့်အကောင်မှာမိမိထင်သလို တောကျားမဟုတ်ဘဲ တောကြောင်ဖြစ်နေပြီး ၎င်းကိုင်းထောင်၍ တောကြောင်ကိုဖမ်းမိသဖြင့် ယာတဲပေါ်သို့ ယူဆောင်လာခြင်းဖြစ်ပြီး မိမိမှာ ရခိုင်သံကြောင့် ''တောကြောင်''ကို ''တောကျား'' ဟု ကြားပြီး ကြောက်စိတ်ဝင်လာခြင်းဖြစ်ကြောင်း တွေး၍ ပြုံးမိလေသည်။ ။

PDF Compressor Free Version



# ရေဆင်းမြေမှာ လေးနှစ်ကြာ (၆)

အောင်ခင်(သစ်တော)

**သာလေစွသုတေသနစခန်း**

မိုးစွေစခန်းမှာ တောင်ကုန်းလေးပေါ်တည်ထားတဲ့ အိပ်ခန်းလေးခန်းပါတဲ့၊ လှပတဲ့ ဘန်ဂလိုညှော်ရိပ်သာလေး တစ်လုံးရှိပါတယ်။ သစ်သားတွေနဲ့ဆောက်ထားတာပါ။ ရေချိုးခန်းတွေကတော့အုတ်စီထားတာပါ။ ကျယ်ပြန့်တဲ့ လသာဆောင်လေးလည်းပါတယ်။ ထမင်းစား စားပွဲကြီးနဲ့ ရှင်းလင်းဆောင်ခန်းမလည်းပါတယ်။ တောင်ကုန်းပေါ်ကို ခပ်ပြေပြေလှေခါးထစ်လေးတွေနဲ့တက်လို့ရသလို ပတ်လမ်းကနေ ကားနဲ့လည်းတက်လို့ရပါတယ်။ နောက်ပိုင်းမှာ ဓာတ်ခွဲခန်းလုပ်ဖို့အဆောင်တစ်ခုထပ်ဆောက်ပါသေးတယ်။ ရေ၊ မီးအစုံနဲ့ပါပဲ။ ရေစုပ်စက်၊ မီးစက်အင်ဂျင်လည်း ရှိပါတယ်။ စိုက်ခင်းသုတေသနတွေအတွက် ပျိုးဥယျာဉ် တစ်ခုရှိပါတယ်။ အကိုညာဏ်ရဲ့သစ်မျိုးကောင်းမျိုးသန့် သုတေသနအတွက် လိုအပ်တဲ့ကျွန်းကိုင်းဆက်လုပ်ငန်း အတွက်လည်း ပျိုးဥယျာဉ်ရှိပါသေးတယ်။

**ပုလဲစိုးဝင်း**

ကိုစိုးဝင်းကတော့ အစ်ကိုညာဏ်ရဲ့ လက်ထောက်ပါ။ အလွှန်စနစ်ဇယားကောင်းလှပါတယ်။ အေးအေးဆေးဆေးနဲ့ သန့်သန့်ပြန့်ပြန့်လုပ်ကိုင်နေထိုင်တတ်ပါတယ်။ တချိန်က ဧည့်သည်တွေ၊ လူကြီးတွေလာမယ်ဆိုလို့ သစ်ပင်တွေ၊ ပင်စည်တွေထုံးသုတ်ကြပါတယ်။ တစ်ညီတည်းဖြစ်အောင် ထုံးသုတ်မဲ့တပည့်နှစ်ယောက်ကို ဝါးခြမ်းပြားကို သုံးပေဖြတ်ပြီး အတိုင်းတုတ်လုပ်ပေးလိုက်တာ။ ကောင်လေးတွေက အပင်တွေကိုလိုက်ပြီး သုတ်ကြတာပေါ့။ ကိုစိုးဝင်းနဲ့ကျွန်တော်တို့နေကြတဲ့အိမ်ကလေး ရှေ့လမ်းလေးရောက်တော့ သဘော်ာပင်အောက်ခြေကို ထုံးသုတ်ထားကြတာ သုံးပေအမြင့်ထဲပါတဲ့ သဘော်ာသီးတွေပါ ဖွေးနေအောင် သုတ်ထားတာတွေ့တော့ ငိုအားထက် ရယ်အားသန် ဖြစ်ရတယ်။ ကိုစိုးဝင်းကတော့ ပြောရှာတယ်။ ပြုံးပြုံး ပြုံးပြုံးနဲ့။

"အစ်ကိုရေကျွန်တော်တို့သာ ဒီနားမှာရပ်နေခဲ့ရင် ကျွန်တော်တို့ခြေထောက်တွေ၊ ပေါင်ကြားကဟာတွေပါ မကျန်အောင် ဒီကောင်တွေက ထုံးသုတ်မဲ့ပုံပဲဗျ" တဲ့။ နောက်ပြီး ကိုစိုးဝင်းဇယားစွဲပုံလေးတစ်ခုသတိရလို့ပါ။ အဲဒီအချိန်အခါက ဆီကိုနာရီခေတ်စားတယ်။ သားရေလက်ပတ်ကြိုးလေးတွေနဲ့ပတ်ကြတာ။ သားရေလက်ပတ်ကြိုးကိုချွတ်လိုက်၊ ပြန်ပတ်လိုက်လုပ်ကြတယ်။ အဲ့ဒီ ကြိုးနဲ့ နာရီကိုင်းနဲ့ချိတ်တဲ့နေရာ အောက်ဘက်မှာပဲ အက်ကြောင်းလေးတစ်ခုပါလေ့ရှိတယ်။ နာရီကိုချွတ်လိုက်၊ ဝတ်လိုက်လုပ်ရင် အ,အက်ရာလေးကပြတ်ကရော။ တမင် အက်ကြောင်းပေးထားတာ။ ကြိုးအသစ်တွေ ထပ်ရောင်းရအောင်လို့၊ ဒါကိုပဲ ကိုစိုးဝင်းက အက်ရာလေးကို အပ်ချည်နဲ့ ကင်းခြေထိုးထားတယ်။ သားရေစက ပြတ်ချင်ဦးတော့ အပ်ချည်ကထိန်းထားတော့ ပတ္တာလိုဖြစ်ပြီး သားရေကြိုးကမပြတ်တော့ဘူး။ကျွန်တော်က ကိုစိုးဝင်းကိုနောက်တယ်။

"ခင်ဗျားကို ဆီကိုလက်ပတ်ကြိုးထုတ်တဲ့ကုမ္ပဏီက ဂုဏ်ပြုလက်မှတ်နဲ့ဆုငွေချီးမြှင့်သင့်တယ်။ ဘာပြုလို့လဲဆိုရင်သူတို့ကပြတ်အောင်လုပ်ထားတာကိုပဲ ခင်ဗျားက မပြတ်အောင်လုပ်နိုင်တာ သူတို့ထက်ညာဏ်သာတာကြောင့်ပဲဗျ" လို့။

နောက်တစ်ခါကတော့ အစ်ကိုညာဏ်နဲ့ ကျွန်တော်တို့နှစ်ယောက်ထမင်းအတူစားကြတယ်။ အစ်ကို့ကို ဘဲဥ တစ်လုံး (နှစ်ခြမ်း)ဦးချပြီး ကျွန်တော်တို့က တစ်ယောက် တစ်ခြမ်းစီနဲ့စားကြတာ။ တခြားအရွက်ကြော်တို့၊ ဘာတို့ တော့ပါတာပေါ့။ အဲ့ဒါကို အစ်ကိုက မြင်တော့–

"ခင်ဗျားတို့ဗျာ ဘဲဥဟင်းနဲ့စားတာတောင် တစ်ယောက်တစ်ခြမ်းလုပ်မနေပါနဲ့ဗျာ။ တစ်ယောက် တစ်လုံးတော့ စားကြစမ်းပါလို့" ဂရုဏာဒေါသောပြောပါလေရော။ ပိုက်ဆံမရှိဘူးဆိုရင်လည်း ကျွန်တော့်ဆီကလာယူရောပေါ့ဗျာ" လို့ဆက်ပြောသေးတာ။

PDF Compressor Free Version

အဲ့ဒီတစ်ခါနဲ့ အစ်ကိုညဏ်ရဲ့စေတနာကို တစ်သက်လုံးမမေ့တော့ပါ။ ကျွန်တော်တစ်သက်လုံးမမေ့တဲ့ ကိုစိုးဝင်းရဲ့စကားတစ်ခွန်းလည်းရှိသေးတယ်။ တစ်ခါက သူငှက်ဖျားရောဂါထတော့ ပျဉ်းမနားရှမ်းကန်နားမှာ ဆေးခန်းသွားပြကြတယ်။ ဆရာဝန်ကိုစောင့်ရင်း ဆရာဝန်ရဲ့အိမ်နဲ့ အိမ်ဝိုင်းကိုကြည့်ပြီး ကိုစိုးဝင်းကို ကျွန်တော်က ပြောမိတယ်။

''ကျွန်တော်တို့တစ်သက်တော့ ဒီလိုတိုက်နဲ့ တစ်ဝိုင်းလုံးကွန်ကရစ်ခင်းထားတဲ့ဝိုင်းနဲ့ နေနိုင်ဖို့မလွယ်ဘူးနော်''လို့၊ ကိုစိုးဝင်းက ငှက်ဖျားတက်နေရင်းက–

''ဘာလို့မလွယ်ရမှာလဲအစ်ကိုရာ။ ကျွန်တော်တို့လည်း ကြိုးစားရင်ဖြစ်နိုင်တယ်''လို့ အားပေးတယ်။ အဲ့ဒီစကားကို ကျွန်တော်ဘယ်တော့မှမမေ့ဘူး။

ရေဆင်းက ပုံဆွဲစာရေး ကိုမြင့်အောင်ကတော့ ကျွန်တော့လက္ခဏာကိုကြည့်ပြီး

'အနည်းဆုံး နံကပ်တိုက်အိမ်နဲ့နေရမယ်'လို့ ဟောဖူးတယ်။ အဲဒီလိုအားပေးကြတော့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အားရှိတာပေါ့ဗျာ။

**အစ်ကိုညဏ်**

အစ်ကိုက ထူးခြားတဲ့အချက်ခပ်များများပိုင်ဆိုင်တယ်။ နေ့တိုင်းအရက်သောက်တယ်။ တနင်္ဂနွေနေ့ကလွဲလို့၊ နေ့လယ်၁၂ နာရီကျော်မှ သောက်တယ်။ ဘာလာလာအကုန်လုံး သောက်တာ။ အမြည်းချေးမများဘူး။ ဝီစကီမှ၊ ရမ်မှ၊ ဘာမှညာမှ မရွေးဘူး။ အဖြူလည်းသောက်တယ်။ အဖြူတိုက်ရင်တော့ ရေမရောဘူး။ ဘာလို့လဲဆိုတော့ ဆိုင်က ရောပြီးသားမို့ပါတဲ့။ ဘီယာတော့လုံးဝမသောက်ဘူး။ ဒါကိုပဲ အစ်ကိုကြီး ဦးစိန်ဝင်းက–''ကိုညဏ်ရာ တနင်္ဂနွေနေ့တွေဘာတွေ ရှောင်မနေပါနဲ့။ ခင်ဗျားက အဝီစိသွားမှာပဲ။ ဖြောင့်ဖြောင့်တန်းတန်းသွားရအောင် နေ့တိုင်းသာသောက်ဗျာ''လို့ နောက်သေးတာ။

အစ်ကိုက အစ်ကိုကြီးပြောတုန်းတော့ပြုံးပြီး နားထောင်နေတယ်။ နောက်ရက်မှ အစ်ကိုက တနင်္ဂနွေနေ့မသောက်တာက သူ့အဖေက ခရစ်ယာန်တရားဟောဆရာမို့ အဖေကို လေးစားမှုနဲ့မသောက်တာပါတဲ့။ သူသောက်ပြီး အလွန်အကျူးမူးနေတာလည်း မတွေ့ဖူးဘူး။ စကားလေးပြောလိုက်၊ အမြည်းလေးဝါးလိုက်နဲ့ ဖြည်းဖြည်းချင်းဖိမ်ကျကျသောက်တာကိုး။

**မင်းကြီးကတော်နဲ့ဧည့်သည်တော်များ**

တစ်ခါသားကျတော့ FRI က မင်းကြီးကတော် ဒေါ်ခင်လှလှက အရာရှိကတော်တွေ စိုက်ပျိုးရေးက ဆရာမအပျိုကြီးတွေနဲ့ပျော်ပွဲစားလာကြပါတယ်။ ကျွန်တော်လူရည်မလည်ပုံ၊ ထူပုံ၊ အ,ပုံလေးပြောပြချင်တာပါ။ သူတို့က စားစရာ၊ သောက်စရာ ပြည့်ပြည့်စုံစုံနဲ့လာကြတာပါ။ ကျွန်တော်တို့က ကာလသားချက်ဟင်းရည်သောက်လေး လောက်ချက်ပေးရတာပါ။ စားသောက်ပြီးတော့ အချို့ပွဲလေးတည်းကြရင်းနဲ့မမလှကစပြောတယ်ထင်ပါရဲ့။

''ပိုကာဆွဲကြရအောင်တဲ့၊ ကိုအောင်ခင် မီးစက်ရှိတယ်မဟုတ်လား''လို့မေးပြော,ပြောပါတယ်။

''ဟုတ်ကဲ့ရှိပါတယ် အစ်မကြီး''လို့ပြောပြီး မီးစက်မောင်းပေးထားလိုက်ရမှာကို

''စက်မောင်းဆီကနည်းနေတယ်''လို့ပြောပြီး မီးစက်မမောင်းပေးဘူး။ တကယ်ဆို ဆီမရှိလည်း ရှိတဲ့နေရာက ချေးငှါးပြီးဖြစ်အောင်လုပ်ပေးပြီး မျက်နှာလိုအားရ လုပ်ပေးရမှာ၊ အဲဒီအချိန်တုန်းက တကယ်တုံးတဲ့၊ အ,တဲ့ ကျွန်တော်ပါကလား။ နောက်မှ အစ်ကိုတွေကပြောတယ်။

''ကိုအောင်ခင်ရယ်... FRI က အာဏာအရှိဆုံး ပုဂ္ဂိုလ်ကိုတောင် အရေးတယူလုပ်ပြီး မဖားတတ်ပါကလားပေါ့။ အဲ့ဒီအစ်မကြီးကလည်း ကျွန်တော်လူရည်မလည်ပုံကို နားလည်မှုပေးခဲ့တာကြောင့် ဘယ်လိုအညှိုးအတေးမှ မထားဘဲ ဘယ်လိုအရေးယူတာမျိုးမှမခံခဲ့ရပါဘူး။ အခင်မင်လည်း မပျက်ခဲ့ပါဘူး။

**EPP project နဲ့ကျွန်တော်**

အဲဒီအချိန်တုန်းက အရှေ့ပဲခူးရိုးမသစ်တောစိုက်ခင်းစီမံကိန်း (East Pegu yoma Plantation project) လုပ်နေကြတယ်။ အဲ့ဒီစီမံကိန်းရဲ့ Research compoment ကို FRI က ဆောင်ရွက်ပေးရတယ်။ ဆရာဦးမင်းကိုကိုကြီးနဲ့ကျွန်တော်တို့က EPP ကအစ်ကိုကြီးဦးစိုးမြင့်နဲ့ လက်တွဲလုပ်ခဲ့ရပါတယ်။ EPP စိုက်ခင်းတွေမှာ စိုက်ခင်းAD တွေက ဦးသောင်းတင်၊ ဦးညဏ်လင်း၊ ဦးထွန်းညို၊ ဦးလှမြင့် စတဲ့ အစ်ကိုတွေဖြစ်ပြီး ဦးစိုးမြင့်ကတော့ ဖုန်နယ်မှူးDDပေါ့။ Project Director က ညွှန်မှူးဦးခင်လှိုင်ပါ။ ဆရာပီသတဲ့ ဆရာပါ။ စာမသင်ခဲ့ရပေမဲ့ သူ့ကိုယ်သူဆရာလို့ နာမ်စားသုံးပြီးပြောတတ်တာရယ်၊ ဆရာပီပီ လက်အောက်ဝန်ထမ်းတွေရှေ့ကမားမားမတ်မတ်ရပ်ပြီး တာဝန်ယူတတ်တာတွေကြောင့်ကျွန်တော်အနေနဲ့ သူ့ကိုဆရာလို့ပဲခေါ်ပါတယ်။ EPP က အဓိကစိုက်တာကတော့ ကျွန်းစိုက်ခင်းတွေပါပဲ။ Don Cole ဆိုတဲ့နိုင်ငံခြားသား expert တစ်ဦးလည်း မိုးစွေကို မကြာခဏလာလေ့ရှိတယ်။ နောက်တော့ သူများတွေပြောတာကြားရတယ်။ Don Cole က ထိုင်းကိုသွားပြီး ထိုင်းမှာ ကျွန်းစိုက်ပျိုးနေတာတွေကြည့်ရှုပြီး မြန်မာပြည်ပြန်လာပြီး ဆရာလုပ်တာဆိုပဲ။ သူနေပုံထိုင်ပုံကတော့

အထင်ကြီးချင်စရာမရှိပါဘူး။ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝယ်မသောက်ဘဲ အလကားရတဲ့ ရေနွေးကြမ်း ပဲသောက်တယ်တဲ့။ ရေနွေးကြမ်းကို ဗမာလို ပြောတတ်တယ်တဲ့။ အခြောက်ခံထားတဲ့ နံပြားပဲစားတယ်တဲ့။ သူများတွေက ဝယ်ကျွေးတာကြတော့ အကုန်စားသတဲ့။ ပြန်ကြားရတာပါ။

PDF Compressor Free Version

**မိုးစွေ နဲ့ မိုးမခ**

စိုက်ခင်းမှာ အလုပ်သမားတွေလိုလို့ ပျော်ဘွယ်မြို့နယ်ထဲက မိုးခေါင်လို့ ဒုက္ခရောက်နေတဲ့ရွာတွေက လူတွေကိုခေါ်လာပြီး သုတေသနစခန်းအနားမှာရွာကလေး တည်ထားပေးတယ်။ အဲ့ဒီရွာပေါက်စက လူကြီးမင်းများက ရွှေဉာဏ်တော်စူးရောက်ပြီး သူတို့ရွာအမည်ကို 'မိုးမခ' လို့ကင်ပွန်းတပ်ကြတယ်။ မိုးစွေရွာထဲက တစ်ချို့ကလည်း မိုးစွေရွာနားလာပြီး 'မိုးမခ'အမည်ပေးတာ သူတို့ရွာ 'မိုးစွေကိုမလေးစားဘူးမခဘူး' ဆိုတဲ့ အဓိပ္ပါယ်ပဲလို့ကောက်ချက်ချပြီးရန်စောင်လာကြတယ်။ ဒါနဲ့ကျွန်တော်လည်း မိုးစွေက ရွာလူကြီး ဦးအောင်ကိုလေးကိုခေါ်ရတော့တယ်။ ဦးအောင်ကိုလေးကိုရှင်းပြပြီးသူ့ရွာသားတွေကိုထိန်းခိုင်းရတာ။

**ဦးအောင်ကိုလေးအကြောင်း**

'မိုးမခ'ဆိုတာ သူတို့ပျော်ဘွယ်ဘက်ကရွာမှာ မိုးခေါင်လို့ 'မိုးမခ'လို့ လွမ်းသောအားဖြင့် အဲ့ဒီအမည်ပေးတာဖြစ်ကြောင်း၊ မိုးစွေကို မခ,တာမဟုတ်ကြောင်း၊ ချစ်ချစ်ခင်ခင်နေကြစေလိုကြောင်း၊ ရှေ့ပြည်အေးတရားဟောရတာပေါ့ဗျာ။ ဦးအောင်ကိုလေးကလည်း ခေသူမဟုတ်ဘူး။ သူ့မိန်းမကသင်ပေးထားလို့ သူ့လက်မှတ် 'အောင်ကိုလေး'လို့ ရေးတတ်တာကလွဲပြီးစာတလုံးမှမတတ်ဘူး။ ဒါပေမဲ့ အပြောကတော့ ကျောက်ဆင်းတုကို ခေါင်းငြိမ့်အောင်ပြောနိုင်တဲ့ ကွန်မြူနစ်လူထွက်ပေပဲ။ တစ်ချိန်တုန်းကတော့ သခင်သန်းထွန်းရဲ့ အနီးကပ်ကိုယ်ရံတော်တပ်မှူးလုပ်ခဲ့တာတဲ့။ အလုပ်သမားလိုရင်၊ထင်း ဝါးလိုရင်၊တောလုပ်ငန်းလုပ်ချင်ရင် သူ့ကိုပဲအားကိုးနေရတာ။ သူကလည်း ကျွန်တော်တို့ကိုဝန်ထောက်မင်း၊ အစ်ကိုဉာဏ်ကျတော့ ဝန်မင်းဒီလိုမျိုးခေါ်တာ။ ရွာအပေါ်မှာလည်း တော်တော်ဩဇာညောင်းပါတယ်။ နောက်ဆုံးကျတော့ 'မိုးမခ'အမည်ဖျောက်ပြီး ရိုးရိုးရှင်းရှင်းပဲ 'သုတေသနစိုက်ခင်း'ရွာလို့ အမည်ပြောင်းပေးခဲ့ရပါတယ်။

**ကျွန်တော့်အရင်က စခန်းတာဝန်ခံ**

ကျွန်တော် မိုးစွေစခန်းတာဝန်ခံမဖြစ်ခင်က ရခိုင်လူမျိုးဦးကြွယ်သန်းဆိုတဲ့ တောအုပ်ကြီးတစ်ယောက်က တာဝန်ခံဖြစ်ခဲ့ပါတယ်။ သူက အစ်ကိုဦးထွန်းညိုနဲ့ သောက်ဖော်သောက်ဘက်။ ဦးထွန်းညိုကို ယောက်ဖကြီးလို့ခေါ်တတ်တယ်။ ဦးထွန်းညိုကလည်း သူ့ကို ယောက္ခမကြီးလို့ ပြန်ခေါ်လေ့ရှိတယ်။ အလွန်ခင်ကြတယ်။ သူ့သားလူပျိုပေါက်နှစ်ယောက်က စခန်းလာလည်တတ်တယ်။ သူတို့အဖေက ''ပျင်းလိုက်တာ...သားတို့ရာ''လို့ ပြောရင် သားတွေက ''ပြင်းရင်ရေရောပေါ့အဖေရာ''လို့ ပြောတတ်တဲ့ ကောင်လေးတွေ။

**FRI ၏ ရှေ့ရေး ၊ မျှော်ကာတွေး**

ကျွန်တော် FRI, Yezin တွင် နေခဲ့ရတုန်းက မြင်မိ၊ ကြားမိသည်များကို စိတ်အစဉ်မှာပေါ်လာသလို ရေးဖွဲ့ခဲ့ပါတယ်။ နှောင်းလူများ ဗဟုသုတရရှိစေဖို့နဲ့ လုပ်ဖော်ကိုင်ဖက်တွေ အလွမ်းပြေသတိရစေဖို့ရည်ရွယ်ခဲ့ပါတယ်။ အခုဆက်လက်ပြီး နောင်အနာဂတ် မျိုးဆက်သစ်တို့ တိုးတက်သည်ထက် တိုးတက်စေဖို့ဝေဖန်အကြံပြုချင်ပါတယ်။ ကျွန်တော်တို့ ပထမဆုံးအသုတ် FRI new blood များအဖြစ်ရောက်ခဲ့စဉ်က ကာယကံရှင်များက စိတ်ဝင်စားလို့လျှောက်ထားခဲ့ကြတာပါ။ မလာချင်သူများကို အတင်းအဓမ္မခေါ်ခဲ့တာ မဟုတ်ပါဘူး။ အမိန့်နဲ့ပို့ခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့စိတ်ကူးအိပ်မက်တွေက ကိုယ်စိတ်ဝင်စားရာ သုတေသနအလုပ်များလုပ်ရင်းနဲ့ အခွင့်သာတဲ့အခါ နိုင်ငံခြားဘွဲ့လွန်လေးယူ၊ အေးချမ်းတည်ငြိမ်စွာ ဘဝကို ဖြတ်သန်းဖို့ပါ။

ဆရာများ၊ အုပ်ချုပ်သူများက မြေတောင်မြှောက်ပေးကြမယ်လို့ မျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ ဆန္ဒနဲ့ဘဝတစ်ထပ်တည်းမကျခဲ့ကြပါဘူး။ ကျွန်တော်တို့ကို FRI မျိုးဆက်သစ်များအဖြစ် အလုပ်ခွင်ပျော်တဲ့သုတေသနဝန်ထမ်းကောင်းများဖြစ်အောင် ထိန်းကျောင်း ပျိုးထောင်ပေးဖို့ရာ တစ်ချို့ အုပ်ချုပ်သူလူကြီးများက သိပ်စိတ်မဝင်စားခဲ့ကြပါဘူး။

လုပ်ချင်ရင်နည်းလမ်းများရှိပါရက်နဲ့ တာဝန်ယူဆောင်ရွက်မပေးတာကြောင့် ကျွန်တော်တို့ဘယ်နိုင်ငံခြားကိုမှမရောက်ဖူးခဲ့ပါ။ ကျွန်တော်တို့အနေနဲ့ မိမိတို့စွမ်းနိုင်သလောက်ကြိုးပမ်းခဲ့ကြပါတယ်။ ကျွန်တော်တို့အပေါ် ဘာကိုသဘောမကျသလဲတော့မသိခဲ့ပါ။ ကျွန်တော်တို့နဲ့အဆင့်တူ တခြားဘွဲ့ရဝန်ထမ်းများ နိုင်ငံခြားသွားကြရပေမဲ့ ကျွန်တော်တို့က အမြဲတမ်းဝန်ထမ်းမဟုတ်လို့တဲ့။ မသွားရဘူး။ တစ်ဌာနထဲက ကျွန်တော်တို့ နောင်တော်တစ်ဦးကျတော့ အမြဲတမ်းရာထူးတစ်ခုကိုခန့်ထားပြီး နိုင်ငံခြား ခရီးလွှတ်တာကြားသိရပါတယ်။ သူ့အထက်လူကြီးက တာဝန်ယူ၊ နည်းလမ်းရှာဆောင်ရွက်ခဲ့တာပါ။ လူကြီးချင်း မတူတာပါ။ လေးနှစ်ကြာ သည်းခံခဲ့ပေမဲ့ ဘာမှအကြောင်းမထူးပါဘူး။ တခြားဘွဲ့ရများနဲ့ ရုံးစာရေးများရဲ့ နောက်

ပြောင်၊ စော်ကားတာတွေကြောင့် ကျွန်တော်တို့အားလုံး FRI က [illegible]ခဲ့ကြပါတယ်။ [illegible] တွေမဖြစ်ခင် ရှောင်ထွက်ခဲ့တာပါ။

PDF Compressor Free Version

သစ်တောသုတေသနလုပ်ငန်းအများစုက နှစ်ရှည်ဆောင်ရွက်ရတဲ့သဘာဝရှိပါတယ်။ တာဝန်ခံသုတေသီတစ်ယောက်ဟာ သူ့လုပ်ငန်းမှာ ငါးနှစ်လောက်၊ ဆယ်နှစ်လောက် အနည်းဆုံး စွဲစွဲမြဲမြဲနေထိုင်လုပ်ကိုင်ပြီး သူ့မိသားစုစားဝတ်နေရေးအတွက်စိတ်အေးရမှသာ လုပ်ငန်းခွင်ပျော်ရွှင်နိုင်ပါမယ်။ အမြဲတမ်းသုတေသီများအဖြစ်နဲ့ မက်လုံးများပေး၊ စည်းရုံးရေးလည်းလုပ်သင့်ပါတယ်။ အခါအခွင့်သင့်သလို နိုင်ငံခြားလေ့လာရေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းစတာတွေလည်း စေလွှတ်သင့်ပါတယ်။ ပညာလည်းရ၊ ဒေါ်လာလည်းရပေါ့ခင်ဗျာ။ သုတေသီများသာမက တွဲဘက်လုပ်ကိုင်ကြရတဲ့ဝန်ထမ်းငယ်များကိုလည်း လေ့ကျင့်ပေးပြီး လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက် စီစဉ်ပေးသင့်ပါတယ်။

အလိုလောဘမတရားကြီးမားခြင်းမရှိတဲ့ ဝန်ထမ်းများကို စိစစ်ရွေးချယ်ကာ စားဝတ်နေရေးပြည့်စုံအောင် သက်သာချောင်ချိရေးလုပ်ငန်းများလည်း ထူထောင်ပေးသင့်ပါတယ်။ FRI,Yezin ရဲ့ ဖွဲ့စည်းပုံကို ARI (Agriculture Research Institute) ကနေ DAR (Department of Agricultural Research) ကို တိုးချဲ့ဖွဲ့စည်းသလို မျိုးဖြစ်အောင် ကြိုးစားသင့်ပါတယ်။ နည်းလမ်းရှာကြရမှာပါ။

သစ်တောတက္ကသိုလ်ရယ်လို့ သီးခြားမဖြစ်ခင်က စိုက်ပျိုးရေးတက္ကသိုလ်နဲ့တွဲခဲ့ရတာပါပဲ။ နည်းလမ်းရှာ၊ အားထုတ်ခဲ့တဲ့ဆရာကြီးများ ကျေးဇူးကြောင့် သစ်တောတက္ကသိုလ်ဖြစ်ပေါ်လာခဲ့တဲ့ သာဓကလည်းရှိပြီးသားပါ။ သစ်တောသုတေသနဦးစီးဌာနကြီးအဖြစ်မြင်လိုလှပါတယ်။ နိုင်ငံတကာအတွေ့အကြုံ ဗဟုသုတတွေများများရစေဖို့ FRI ဝန်ထမ်းအဆင့်ဆင့်ကို နိုင်ငံခြားစေလွှတ်သင့်ပါတယ်။ အခုက အင်တာနက်ခေတ်ဖြစ်လို့ အင်တာနက်ကနေ သတင်းများ၊ နည်းပညာများရှာနိုင်ပေမဲ့ လူကိုယ်တိုင်ရောက်ဖူး၊ မြင်ဖူး၊ ကြားဖူးတာက ပိုမိုပြည့်စုံကောင်းမွန်ပါတယ်။ သံဃာယနာတင်တာကို online ကနေလုပ်ရင်မရဘူးလား။ ကုန်ကျစရိတ်တွေလည်းအများကြီးသက်သာသွားမယ်လို့ဆိုပြီး ရဟန်းငယ်တစ်ပါးက မေးလျှောက်တော့ နာမည်ကြီးဆရာတော်ကြီးတစ်ပါးက ပြန်ပြောတာကြားဖူးတယ်။ သံဃာတော်အရှင်သူမြတ်တို့အား တစ်စုတစ်ဝေးတည်းဖူးမျှော်ရတဲ့ကုသိုလ်၊ တရားနာရတဲ့ကုသိုလ်၊ ဆွမ်းနဲ့ လှူဖွယ်ပစ္စည်းများလှူဒါန်းရတဲ့ကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်စတဲ့အကျိုးများကို ဒကာများခံစားနိုင်သလို သံဃာတော်များအနေနဲ့လည်း သံဃာတော်အချင်းချင်းတွေ့ဆုံဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်ခြင်း၊ သက်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ငယ်ရွယ်သူဆရာတော်များက ဂါရဝပြုနိုင်ခြင်း စတဲ့အကျိုးများကိုရရှိနိုင်မှာဖြစ်လို့ online conference လုပ်တာထက် ရှေးရိုးနည်းက ပိုကောင်းတယ်လို့ ဆရာတော်ကြီးက မိန့်ကြားတာမှတ်သားဖူးပါတယ်။

FRI ဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ကြရာမှာ ရုပ်ဝတ္ထုတွေ တိုးတက်ရေးသာမက စိတ်ဓာတ်ရေးရာမြင့်မားမွန်မြတ်ရေးကိုပါ အလေးထားဆောင်ရွက်ကြရပါမယ်။ အတ္တဟိတနဲ့ ပရဟိတမျှတတဲ့သုတေသီများ၊ ဝန်ထမ်းများကို မွေးမြူလေ့ကျင့်ပေးရင်း ထူးချွန်ထက်မြက်သူများကိုလည်း မြှောက်စားရပါမယ်။ မြှောက်စားရာမှာလည်း နွားထီး ငါးကျပ်၊ နွားမ ငါးကျပ်ဆိုတာလိုမဟုတ်ဘဲ ကြိုးစားအားထုတ်မှုထူးချွန်ထက်မြက်မှုများအလျောက် သူတို့ရဲ့စွမ်းရည်နဲ့လျော်ညီအောင် အသိအမှတ်ပြုချီးမြှင့်သင့်ပါတယ်။

FRI ၏သန္ဓေဝန်ထမ်းအဖြစ် နေထိုင်လိုသူများကို အရည်အချင်းပြည့်မီပါက တစ်ဆင့်မြင့်ရာထူးတိုးပေးခြင်း၊ ရှားပါးစားရိတ်၊ ချီးမြှင့်ငွေထောက်ပံ့ခြင်းများလည်း ပြုလုပ်ပေးသင့်ပါတယ်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောတက္ကသိုလ်တို့တွင် သန္ဓေဝန်ထမ်းများမွေးမြူသလိုဆောင်ရွက်သင့်ပါတယ်။ သုတေသနလုပ်ငန်းများကို ဆက်စပ်ဦးစီးဌာနများ၊ လုပ်ငန်းများသာမကဆက်စပ်ဝန်ကြီးဌာနများအထိ လက်တွဲဆောင်ရွက်နိုင်ရေး ကြိုးပမ်းသင့်ကြပါတယ်။ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ဘယ်လိုပဲပြင်ဆင်ခေါ်ဝေါ်ဖွဲ့စည်းကြပါစေ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေမဲ့ သုတေသနလုပ်ငန်းများကိုတော့ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်သင့်ကြပါတယ်။

၁၉၇၈ ခုနှစ်မှစတင်မွေးဖွားခဲ့တဲ့ FRI,Yezin ဟာ ၂၀၂၈ မှာ နှစ် ၅၀ တင်းတင်းပြည့်ပါမယ်။ လေးနှစ်သာလိုပါတော့တယ်။ အဲဒီအချိန်မှာ နှစ်ငါးဆယ် ရွှေရတုသဘင်ပွဲတွေလည်း ပျော်ပျော်ကြီးကျင်းပဆင်နွှဲကြပါ။ ဒါ့တင်မက ပြည်တွင်း၊ပြည်ပရှိအဖွဲ့အစည်းများက လေးစားရတဲ့အဖွဲ့အစည်းတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်နေနိုင်ရေးအတွက်လည်း လျှောက်လှမ်းကြပါလို့ တိုက်တွန်းချင်ပါတယ်။

စိတ်အချမ်းသာဆုံးနိုင်ငံများအဖြစ် ဥရောပနိုင်ငံတစ်ချို့ကို သတ်မှတ်ထားပါတယ်။ နော်ဝေ၊ဆွီဒင်၊ဖင်လန်နိုင်ငံတွေပါတယ်လို့ ထင်ပါတယ်။

စာမျက်နှာ (၃၇)သို့ ⇒

PDF Compressor Free Version

# သစ်တောဝိုက်ခြင်းသမား တစ်ယောက်ရဲ့ ဘဝအစိတ်အပိုင်းများ (၉)

အောင်ကျော်စိုး(ဓ၃)



တောင်ညိုကြိုးဝိုင်းကအထွက်....လက်ဝါးကြီး၊ ရှာဖိုးနဲ့ မိုလ်တဲပေါင်း သဲလွန်စရှာဖွေတွေ့ရှိခြင်း

၁၉၈၄ နှစ်ဆန်းကစလို့ ပထမဆုံး အလုပ်တာဝန်ကျရာမြေ တောင်ညိုကြိုးဝိုင်းထဲက စိုက်ခင်းအတွေ့အကြုံများရေးမဝ.. အချို့စာလေးမှာစိုး၍ ချန်ခဲ့ရပေမဲ့ မမေ့မလျော့....အကြောင်းလေးများတော့ဖော်ပြလိုပါတယ်....

တစ်ခုက သစ်ထုတ်ရေးစခန်းကလည်း ကိုယ့်နဲ့မနီးမဝေးမှာရှိခဲ့တာမို့ ဆင်စခန်းလည်းနီးတော့ ညနေခင်းအချို့ ၂ မိုင်ကျော်ခန့်ဝေးတဲ့စိုက်ခင်းကနေ စခန်းကိုအပြန်ဆင်ခလောက်သံကြားရင် သံကြိုးသံကြားရင် သဲထိတ်ရင်ဖို၊ လွှတ်ထားတဲ့ဆင် ငါ့နောက်လိုက်ရင်ခက်ပါ့ပြီဟု ခြေလမ်းသွက်ရတာတွေရှိသလို....အားကိုးပြုရတာတွေလည်းရှိပါတယ်၊

သစ်အုပ်ဦးစောဘီလူးနဲ့ခင်မင်မှု၊ အစ်ကိုဦးသန်းဝင်းနဲ့သစ်ထုတ်က Senior အစ်ကိုများနဲ့ခင်မင်မှုတွေကြောင့် ပျဉ်းကတိုးစိုက်ခင်းက ပျိုးပင်အချို့စိုက်ခင်းကို သယ်တာတွေ၊ အပင်ဖာဖို့ ကျွန်းငုတ်တက်အိတ်လိုက်သယ်တာတွေစတဲ့လုပ်ငန်းနဲ့ အခြားလိုအပ်သလို ဆင်နဲ့သယ်ဆောင်လုပ်ငန်းတွေကူညီပေးတဲ့ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးညီအစ်ကိုများကိုလည်း ကျေးဇူးတင်ရပါတယ်၊

တတိယအချက်က ထိုအချိန်က တောင်ညိုဒေသရဲ့ဈေးနှုန်းသတ်မှတ်ချက်ပါ၊ အသားမှန်ရင် ၁ ပိဿာ ၁၂ ကျပ်ဈေး သတ်မှတ်ထားတာပါ။ ငါးသလဲထိုး ၁၂ကျပ်၊ မြို့မှာ ၆၀ ကျပ် ဈေးပေါက်တော့ ရရင်ပိဿာလိုက်ဝယ်ကြော် အမြည်းပေါပေါလည်းရပါတယ်၊ ဒါပေမဲ့မြို့မှာ ၅ ကျပ်လောက်သာဈေးပေါက်တဲ့ ငါးဘဲလည်း ၁၂ ကျပ်ပါပဲ။ ရွာမှာ ဝက်သားပေါ် အမဲသားပေါ်ရင်လည်း ၁၂ကျပ်ပါပဲ....တောကောင်သား ဂျီ၊ ဆတ်၊ တောဝက်ရလည်း ၁၂ ကျပ်ပါပဲ၊ တောကောင်သားအတော်များများလည်းကြုံဖူးစားဖူးပေမဲ့ တောဝက်၊ တောကြောင်၊ မျောက်၊ မြွေပွေးစတာတွေတော့ မစားရဲခဲ့၊ မစားခဲ့ပါ။ ဝက်ကတော့ ငယ်ငယ်ကတည်းကမစားခဲ့ပါ။




စတုတ္ထအချက်က ညံ့လယ်ရွာက ကရင်ယာလုပ်သားတွေအမှတ်တရပါ။ ညံ့လယ်က ရွာသားတွေက အစိုးရတောင်ယာမလုပ်ပါ၊ တရားမဝင်သစ်လုပ်သူအချို့ လယ်နှင့်ကျူးကျော်တောင်ယာသာလုပ်ကြပါတယ်။ ကရင်တွေသာ ကိုယ့်ယာမှာလာလုပ်ပြီး သူတို့ဓလေ့တွေသိရပါတယ်။ ဝါးရုံဝါးကို ဓားနဲ့ဘယ်ပြန်ညာပြန်ခုတ် အကန်ထွက်လာတဲ့ဝါးတွေကိုရှောင်ပေးရင်းခုတ်တာကြည့်လို့ လှသေးတော့၊ သစ်ပင်ခုတ်ရင် လူတစ်ရပ်ကျော်အောင် မျှော်တိုင်လှေခါးလေးလုပ် တက်ခုတ်တာတွေကလုပ်ငန်းသဘောအရတော့ ကျွန်တော်တို့အတွက် အဆင်မပြေပါ၊ မိုးတွင်း ပေါင်းထူစေလို့ပါ။

ဝါးရုံခုတ်ထားတာဖရိုဖရဲ၊ တစ်ဖက်တည်း လဲအောင်ခုတ်မှ တောင်ယာမီးရှို့ရင် မီးနာမှာပါ၊ အပင်ကိုလည်း ငုတ်ရင်းတိုတို .... ၁ တောင်လောက်သာကျန်အောင် လှဲမှကောင်းတာပါ။ ငုတ်ရှည်ကြီးတွေ အတက်ပြန်တာကတော့ အဆင်မပြေပါ၊

သူတို့ပြောတာက ဘိုးဘွားတွေက ဒီလိုခုတ်ဖို့သင်ပေးခဲ့တာ၊ ငုတ်တွေမီးမနာကျန်မှ ဒီနှစ်တောင်ယာပြီးရင် သစ်တက်တွေပြန်တက်မယ်၊ တောင်ယာခုတ်ပြီး ရနှစ်ကြာရင်အဲဒီနေရာကို တစ်ခါတောင်ယာပြန်ခုတ်ပြန်လုပ်လို့ ရပြီ၊

PDF Compressor Free Version

အဲဒီအချိန်မြေပုံပေါ်မှာ colony ခေတ်ကတည်းက Karen area လို့ [illegible] တွေ့ရပြီး [illegible]လူမျိုးကို ပဲခူးရိုးမပေါ် တောင်ယာလုပ်စားခွင့်ရေယာပေးထားလေတော့ သူတို့ပြောတဲ့ Rotate system taungya felling က အံကိုက်ပါ၊

ကျွန်တော်တို့စိုက်ခင်းလုပ်ငန်းနဲ့တော့ match မဖြစ်ပါ။ ဒါပေမဲ့ ဒါနဲ့ပတ်သက်လို့ DD ဘဝ Workshops တွေတက်တဲ့အခါ၊ တိုင်းရင်းသားတောင်ယာအဖွဲ့တွေက တောင်ယာခုတ်လို့တော မပျက်ပါလို့ complaints တက်တာတွေ တွေ့ရတော့၊ သူတို့ပြောပြခဲ့တဲ့ ဘိုးဘွားစနစ်ကို သတိရမိပါတယ်၊ တောပျက်ခြင်း မပျက်ခြင်းကတော့ controversial ဖြစ်ပါတယ်။

ဒါပေမဲ့ သူတို့က ရိုးသားမှုတော့အပြည့်ပါ၊ အချို့ကခေတ်မီတယ် ဗမာယာသမားတွေနဲ့ ခင်အောင်နေတယ်၊ ကျွန်တော်တို့အဖွဲ့ကို ကျွေးမွေးချင်လို့ ယာနတ်တင်တော့ မြို့ကအရက်မှာထားတယ်၊ ဆရာတို့သောက်ဖို့လို့.. လောကွတ်ပြုတဲ့ စီတေ ဆိုတဲ့ သူကိုသတိရမိပါတယ်၊ ဒါပေမဲ့ သူညှော်ခံတာ Mandalay Beer တစ်လုံးမို့ ၁၅ ယောက်လောက်ရှိတဲ့ကျွန်တော်တို့အဖွဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ပြုံးစိစိဖြစ်ရပါတယ်၊

အမှန်တော့ အရက်ပြင်းမှန်းမသိ၊ ပျော့မှန်းမသိ ရိုးသားတာပါ၊ သူ့ကရင်နာမည်က စီတေ ပေမဲ့....ဗမာယာသမားတွေ အခေါ်ကောင်းလို့ *စိန်တင်* ဖြစ်သွားလေရဲ့။

ဒီလိုနဲ့ကျွန်တော်တို့အဖွဲ့ နောက်နှစ်ယာအတွက် ပြင်ဆင်ကြဖို့ ယာသမားတွေအတွက် လုပ်ငန်းသုံးပစ္စည်းတွေဝယ်ပေးဖို့၊ ပျိုကညာတွေအတွက် အလှပြင်ပစ္စည်းတွေလည်း ဖြည့်ဆည်းပေးဖို့ မြို့ပြန် ဈေးဝယ်လုပ်ငန်းကြီးနဲ့ မြေပုံပြုစုတာ သံလိုက်အိမ်မြှောင်ကောင်းကောင်းရှာတာ၊ တောင်ယာရိက္ခာဆန်ထုတ်တာတွေ စီစစ်တာဝန်ခွဲလုပ်ကြရပါတော့တယ်။

၁၉၈၄ December ဒုတိယအပတ် အစရက်ပိုင်းမှာ ဆန်တွေတင်လာတဲ့ TE ကားကြီးက ည ၉ နာရီလောက် ဖောင်အိုင်ရွာထဲကို ဟီးကနဲထိုးဆိုက် ဦးရွှေဖျိုင်းတို့အိမ်ရှေ့ရပ်.. တစ်ရွာလုံးနီးပါး တောင်ယာသမားတွေ ညကြီးဖြစ်သော်လည်းကားသံကြားတော့ ဦးရွှေဖျိုင်းအိမ်ရောက်လာစကားပြောကြ၊ ကြက်နှစ်ကောင်လောက်ကတော့ ကံဆိုးသွားပေါ့၊ ကျွန်တော်နဲ့ အစ်ကိုဦးသန်းဝင်းလည်းပါလာတဲ့ Rum ပုလင်းလေးထောင်....မှာတဲ့ပစ္စည်း မနက်မှ အထုပ်ဖောက်မယ် ပြောရတယ်။ ပစ္စည်းထက် ကျွန်တော် တို့အဖွဲ့ ရောက်တယ်ကြားရင် လာကြတာက ဖောင်အိုင်ရွာဓလေ့ပါပဲ။

နောက်နေ့ အားလုံးကို ဝေခြမ်းရေးလုပ်၊ ဆန်ဖြန့်ဝေပေးနဲ့ အချိန်ကုန်ရပြန်ပါတယ်။

အစောပိုင်းတွေမှာ ရေးပြခဲ့သလို၊ ၁၉၈၄ မှာ တောင်ညို ၅၅၀ ကေ၊ ရဲမြင့်သိန်းတို့ကွင်းစမ်းဖက် ၄၅၀ ကေထင်ပါတယ်၊ စိုက်ခင်းဖွင့်ခဲ့တာပါ၊ ဒါပေမဲ့ ၁၉၈၅ မိုးအတွက် နတ္တလင်းမြို့နယ်အတွင်း စုစုပေါင်း ကေ ၈၀၀ သာစိုက်ခင်းတည်ထောင်ဖို့ လျှော့ချသတ်မှတ်ပြီး သဖန်းတိုးချဲ့ကြိုးဝိုင်းမှာပဲ တပေါင်းတည်း တည်ထောင်မယ်ဆိုတော့ ကွင်းစမ်းဖက်ကယာသမားတွေ ထိုမိုးအတွက် စိုက်ပျိုးရေးမြေထိခိုက်သလို ဒီဖက်မှာလည်း ဝန်ထုပ်ဝန်ပိုးတော့များသွားပါတယ်။

မူလ စိုက်ခင်းနေရာကနေ ၁၀ မိုင်ကျော်ဝေးတဲ့ နေရာကိုရွှေ့တာမို့ သူတို့နေထိုင်ရာရွာနဲ့ အလွန်ဝေးသွားတော့ ကရင်ယာသမားတွေ မလိုက်တော့ပါဘူး၊ အချို့ရွာသူ/ရွာသားတွေလည်း မလိုက်တော့ပေမဲ့ ကျွန်တော့်ဇာတ်လိုက်ကြီး ဦးရွှေဖျိုင်းမိသားစုအပါအဝင် ဖောင်အိုင်ရွာသားအများစုကတော့ လိုက်ပါလာကြပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့လိုအပ်တဲ့ ယာသမားစုဆောင်းရပြီး ယခင်ကမပါတဲ့ ကျောက်စောင်းရွာနဲ့ ဝန်ထမ်းကိုသတ်ဖူးတယ် နာမည်ကြီးတဲ့ စဉ့်ကလေး ဆိုတဲ့ ရွာကရွာသားအချို့ကိုပါ အစိုးရတောင်ယာလုပ်ဖို့ ဖိတ်ခေါ်ခဲ့ရပါတော့တယ်။ December လလယ်ရောက်ခါနီးတစ်ရက်မှာတော့ တောင်ယာခွဲဝေခြင်းလုပ်ကိုင်ပေးဖို့ သဖန်းတိုးချဲ့ကြိုးဝိုင်းအစပ်နဲ့ ၃ မိုင်ခန့်ဝေးတဲ့ ရွာတစ်ခုကိုကျွန်တော်တို့အဖွဲ့ နေရာယာယီရွှေ့ကြပါတယ်။ (ရွာနာမည်မမှတ်မိတော့ပါ၊)

နောက်နေ့မှာ သစ်တောလုပ်ငန်းတစ်ခုမလုပ်မီ လုပ်ရတဲ့ထုံးစံအတိုင်း နယ်နိမိတ်စစ်ဆေးခြင်းနဲ့ ရေယာအတွင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်တဲ့အခါ အံ့သြဖွယ်အမှတ်တရတွေ တွေ့ရပါတော့တယ်။

ကွင်းဆင်းစစ်ဆေးစဉ် အရပ်အခေါ် လက်ဝါးကြီးဆိုတဲ့နေရာကို မြေပုံနဲ့လမ်းပြအရရှာပါတယ်၊ အဲဒီနေရာက ချောင်းတစ်ခုစီးလာပြီး ၁၀ ပေလောက်မြင့်တဲ့ ကျောက်နံရံ fall တစ်ခုထဲရေကျဆက်စီးသွားတာပါ၊ ရေကျတဲ့ fall အောက် မှာ ၁၀ ပေ လောက်နက်တဲ့ ရေအိုင်ကြီးဖြစ်နေပါတယ်။

ပါးစပ်ရာဇဝင်အရတော့ ရေချိုးနေတဲ့ ကရင်မကို ရေအိုင်ထဲက လက်ဝါးကြီးထွက်လာပြီး ထောင်ပြလို့ လက်ဝါးကြီးလို့အမည်တွင်သွားပြီး၊ ဌာနအခေါ် သဖန်းတိုးချဲ့ကြိုးဝိုင်းကို လက်ဝါးကြီးကြိုးဝိုင်းလို့ အရပ်ခေါ်ခေါ်ကြပါတယ်။ ရေအိုင်ကြီး မလှမ်းမကမ်းမှာ ကိုလိုနီခေတ်က Forest Rest House ရှိတယ် မြေပုံမှာပါတာမို့ ရှာတဲ့အခါ၊

PDF Compressor Free Version

အပေါ်ကိုက် ၁၀၀ ခန့်အကွာမှာ ထိုစဉ် ဗိုလ်တဲဆောက်စဉ်ကတူးခဲ့တဲ့ ချောင်းနံရံအတက်အချို့ကိုတွေ့တာမို့ ၈၀၀ ကေ စိုက်ခင်းတည်ထောင်မဲ့နေရာရဲ့ ဗဟိုလောက်လည်း ကျတာမို့ စခန်းဆောက်ဖို့ လျာထားလိုက်ပါတယ်။

ဗိုလ်တဲဟောင်းနေရာကနေ ချောင်းအတိုင်းစုန်ဆင်းပြီး ၂ ဖာလုံလောက်အကွာ သစ်မျိုးစုံပေါက်ရောက်ဝန်းရံနေတဲ့ တောအလယ် ကုလားကုက္ကိုပင်တန်းကြီးကို တွေ့လိုက်ရတော့အံ့သြမင်သက်မိပါတယ်။ အင်္ဂလိပ်ခေတ်က သူတို့ဗိုလ်တဲနားတောင်ယာသမားတွေ၊ သစ်တောလုပ်သားတွေအတွက် ရွာတည်ထောင်ပေးခဲ့ဟန်တူပါတယ်၊ ရွာထဲကုက္ကိုလ်ပင်တန်းကြီးစိုက်ပေးခဲ့တာပါ၊ သူက exotic species ဖြစ်ပါတယ်။

လူနေတဲ့ရွာအကောင်း အကြောင်းကြောင်းကြောင့် ပျက်သွားလို့ လူမနေပဲထားခဲ့ရင် ရွာဖိုးလို့ခေါ်ကြပါတယ်၊ ဒါကြောင့် ဒသသ နာမည်ကြီး လက်ဝါးကြီးဆိုတဲ့နေရာ ... ကိုလိုနီခေတ်ဗိုလ်တဲဟောင်းနဲ့ ရွာဖိုးကြီးကိုတွေ့ရှိခဲ့ရနေ့ တစ်နေ့ပါပဲ၊ အင်္ဂလိပ်ခေတ် သရဲလား တောထဲမို့လား တော့မသိ... ထူးဆန်းမှု ကပ်ငြိနေတဲ့နေရာမှန်း နောက်ပိုင်း တွေ့ကြုံကြရပါတော့တယ်။

၁၉၈၄ ရဲ့ December နံနက်ခင်း.... အစ်ကို ဦးသန်းဝင်းနဲ့ ဝန်ထမ်း ၁၀ ဦး ဝန်းကျင်ပါ၊ ကိုယ်တွေရွာကနေ လက်ဝါးကြီးတောဆီသွားချိန် နှင်းတွေကဝေလို့ အချို့နေရာ လှည်းလမ်းကြောင်းပေါ် လူးလွန့်ထားတဲ့အစင်းရာရှည်တွေတွေ့ရတော့....ဘာလဲမေးကြည့်တော့ မြွေမိတ်လိုက်ထားတာတွေ....၃ မိုင်ကျော်ကို ၁ နာရီနီးပါးလျှောက်တော့ တောစပ်ဘောင်ဒရီ ယာဝေမဲ့နေရာရောက်ပါတယ်။ ယာဝေတဲ့အခါ တောင်ယာသမားတွေက မြေအကောင်းအညံ့ မြေအနေအထား မြေပြန့်တောင်စောင်း တောင်ထိပ်စသည်ဖြင့်ကို သူသာတယ် ငါသာတယ် ရွေးချင်ကြလို့ ပါဝင်တဲ့ရွာတွေကို ဘယ်ရွာက အစဆုံးနေ့....နံပတ် ၁၊ နံပတ် ၂ ကဘယ်ရွာစတာကို ယာခေါင်းဆောင်တွေခေါ် မဲနှိုက်ထားရပါတယ်... အစဉ်လိုက်ချိန်းရပါတယ်။

ဝေတဲ့နေ့လည်း ဘယ်သူပြီးရင် ဘယ်သူဆိုတာ၊ ဥပမာ– ဒီရွာက ယာသမား ၄၀ ဆိုရင် ၁ မှ ၄၀ နံပတ်စဉ်မဲနှိုက်ရပါတယ်။ ပြီးမှအစဉ်လိုက်ဝေ၊ ကိုယ်ကျတာယူပါပဲ၊ အငြင်းလည်းမပွားကြတော့ပါဘူး။

မြေရဲ့သဘောက ရွံ့စေးမြေကနေ ဂဝံဆန်မြေ၊ သဲဆန်မြေ၊ ဖွတ်ချေးမြေ၊ သဲနုန်းမြေစသဖြင့် မြေကောင်း မြေညံ့ပြောင်းလဲသွားတတ်တဲ့ သဘောရှိတာကြောင့် စိုက်မဲ့ သီးနှံအပေါ် သက်ရောက်မှုရှိပေမဲ့ ထိုစဉ်က သစ်တောမြေအများစုကတော့ သီးနှံရော သစ်ပင်စိုက်ဖို့ပါ ကောင်းတဲ့မြေကများပါတယ်။

သစ်တောစိုက်ခင်းလုပ်ငန်းစဉ်တွေ ကျောင်းသားဘဝ Field ဆင်းစဉ်လေ့လာရတာတွေ၊ ကိုယ်တိုင်လုပ်ရတာတွေရှိခဲ့ပေမဲ့ ကိုယ်တိုင်ကွင်းထဲကြီးကြပ်လုပ်ရတာမှာ အခြားလုပ်ငန်းတွေ ကြုံပြီးပေမယ့် ၁၉၈၄ အလုပ်ဝင်ချိန်က ယာဝေပြီးပြီမို့ အတွေ့အကြုံလိုနေသေးပြီး၊ ယခု ၁၉၈၅ ယာဝေလုပ်ပြီးရင်တော့ စိုက်ခင်းလုပ်ငန်းစဉ်တစ်ပတ်လည်လို့အတွေ့အကြုံစုံပါပြီ။ ရှေ့ကလည်းရေးပြဖူးသလို အစ်ကို ဦးသန်းဝင်းက ကျွန်တော်ရဲ့အလုပ်လက်ဦးဆရာပါ၊ သူ့ယာဝေစနစ်က အခြားသိနေကြစနစ်နဲ့ အနည်းငယ်တော့ ကွဲပေမဲ့ တစ်ခါတည်းယာသမားကို နေရာချပြီးစနစ်မို့....ကိုယ်တိုင်ဦးစီးရတဲ့ စိုက်ခင်းလုပ်သက်တစ်လျှောက်တော့ ထိုယာဝေနည်းပဲသုံးဖြစ်ပါတယ်။

သစ်တောသမားများတော့ ဘယ်လိုကွဲတယ် ဖတ်ရင်းသိမှာပါ၊ သူက 5 chain စီခြားတဲ့ base line တစ်ခုကို မြေပြင်နဲ့ မြေပုံပေါ်ကိုက်ညီရာ အနောက်ဖက် စမှတ်တစ်ခုကနေစပြီး အရှေ့ဖက် boundary ထိတဲ့ထိ ဆွဲလိုက်ပါတယ်၊ နောက်တော့ မြောက်ဖက်ကို ထောင် 5chain ဆွဲ ထိပ်ပိတ်လိုက်ပါတယ်။

အရှေ့ကနေ အနောက်ပြန် chain ပြန်စဆွဲကတည်းက ယာစဝေပါပြီ၊ 5 chain ထိပ်ပိတ်ထားတာမို့ ပထမဆုံးယာသမား 2 acre ဆိုရင် 4 chain; 3 acre ဆိုရင် 6 chain (5x4=20 sq ch =2 ac ; 5×6=30sq ch=3 ac)စသည်ဖြင့် တိုင်းငုတ်ရိုက် အဲဒီကနေ ပြန်ပြီး Base line နေရာထိ ထောင့်မှန်ဓားလမ်းပေးစနစ်ပါ။ ဒီလိုနဲ့ တစ်ဖက်ဆုံး boundary ထိရင် 5 chain ထပ်ပိတ်နဲ့ zig zag တိုင်းပေးသွားတာပါ၊ ယာသမားတွေကလည်း ၁၉၈၁ စိုက်ခင်းကတည်းက စခဲ့တဲ့စနစ်မို့ နားလည်အသားကျနေပါပြီ၊ မကျွမ်းကျင်သေးတဲ့ယာသမားအတွက်တော့ ကိုယ့်ယာမှတ်တဲ့ ဓားလမ်းပေးတာကို ဝန်ထမ်းအကူ လိုက်ပြပေးရပါတယ်။

တောင်ဖက်ခြမ်းကိုလည်း 5 chain ထိတ်ပိတ် ထိုနည်းအတိုင်းသွားပါတယ်။ boundary ထိ နေရာတွေ tep chain နဲ့သွားပါတယ်။ ယာတိုင်းချိန် သံလိုက်အိမ်မြှောင်ကြည့်ပေး....3 pole system နဲ့မျဉ်းဖြောင့် ကြိုးဖြောင့်အောင် ချိန်ပေးရသူက ဆရာကြီးပါပဲ။

တစ်နေ့တာ ယာဝေပြီးလို့ တည်းတဲ့ရွာ အိမ်ပြန်ရောက်ချိန် ညစာစားပြီးမနားနိုင်ပါဘူး၊ ဝေခဲ့တဲ့ယာကွက်တွေကို ယာသမားနာမည်နဲ့တကွ မြေပုံပေါ်တင်ရေးဆွဲရပါတယ်။ အဲဒါကိုကိုယ်တိုင်လုပ်တာစိတ်ချရပါတယ်။ တစ်

PDF Compressor Free Version

လက်မ ဆယ်လီစိပ်လေးတွေပါတဲ့ graph စာရွက်ပေါ်မှာ 8 inches = 1 mile scale map ကိုတစ်ရွက်ဆွဲထားရင်၊ မြေပြင်ပေါ် 1 chain က၊ ဆယ်စိပ်ကလေး ၁ စိပ်နဲ့ ကွက်တိပါ၊ တစ်ပါတည်း ယာတိုင်းမြေပုံထည့်ကိုက်ပြီး နောက် ယာဝေပြီးကေကိုလည်း နေ့စဉ်စာရင်းချုပ် ပြုစုထားရပါတယ်၊

ဒါကြောင့် မြေပြင်ယာဝေပြီးချိန် ယာတိုင်းမြေပုံလည်း ယာသမားနာမည်နှင့်တကွ ပြုစုပြီးဖြစ်ပါတယ်။ ည ၉ နာရီလောက် လက်စသပ် radio သီချင်းလေးပိတ် အိပ် ကွက်တိပါပဲ။ မနက် ၅ နာရီပြန်ထရမှာလေ၊ အလုပ်ပင်ပန်းဖြေ စိမ်ရေလေး Rum လေးသောက်ဖို့ကို စိတ်မကူးမိပဲ၊ ယာဝေချိန် ၂ ပတ်ကျော် ၃ ပတ်အတွင်း ဒီလိုပဲ နေ့စဉ်လည်ပတ်လာတာ ၈၀၀ ကေ ဝေရမှာကို ၇၀၀ ကျော်လောက်ပြီးချိန် December လကုန်ရက် ကပ်ပြီမို့ အစ်ကို ဦးသန်းဝင်းက ငွေစာရင်းကိစ္စအတွက် မဖြစ်မနေ မြို့ပြန်ဖို့ဖြစ်လာပါတယ်။ နဂိုမူလက ယာအပြီးဝေပြီး ဝန်ထမ်းအကုန်အတူပြန်နားကြဖို့ ဖြစ်ပေမဲ့ ယာဝေရင်း အင်္ဂလိပ်ခေတ်ကျန် စိုက်ခင်းဟောင်းအချို့ မမျှော်လင့်ပဲတွေ့နေရတော့ ကျွန်းစိုက်ခင်းတွေကိုရှောင်တိုင်းနေရလို့ ယာဝေလုပ်ငန်းမှန်းထားသလို မပြီးရခြင်းဖြစ်တော့ ကျွန်တော်က နောက်ချန်နေခဲ့ပြီးတောင်ယာဆက်တိုင်းပေးရပါတော့မယ်။

နောက်နေ့ ဦးသန်းဝင်း မြို့မပြန်ခင်ည ကျွန်တော်က ပထမဆုံး အစ်ကိုမပါပဲ ဦးဆောင်လုပ်ရမှာစိုးရိမ်စိတ်ကြောင့် မျက်နှာညှိုးလေတော့ အစ်ကိုဦးသန်းဝင်းက ချော့ပြီး အားပေးစကားပြောပါတယ်၊ ပြန်တွေးရင် ကြည်နူးစရာ လွမ်းစရာ ညီအစ်ကိုဆက်ဆံရေးပါ။

ဒါနဲ့ နောက်နေ့မနက်မှာတော့ ယာတိုင်းတဲ့တောထိအတူတူသွား၊ အစ်ကိုဦးသန်းဝင်းက တောကားကြီးထွက်တဲ့ ကြို့ပင်အိုင်ကားဂိတ်ကို တပည့်အချို့နဲ့ ဆက်ခရီးနှင်သွားပါတော့တယ်။ ကျွန်တော်က ယာဆက်ဝေပေါ့။ နှစ်ပတ်ခန့် အတွေ့အကြုံရှိပြီးမို့ ယာဝေအလုပ်ကို အဆင်ပြေချောမွေ့စွာဆက်နိုင်ခဲ့ပါတယ်။ နောက်တစ်နေ့ တောထဲ ယာတိုင်းနေတုန်း သတင်းဆိုးတစ်ခုရောက်လာခဲ့ပါတယ်။ တပည့်တစ်ယောက်ရေးကြီးသုတ်ပြာရောက်လာပြီး ဆရာ.. မနေ့က ဆရာဦးသန်းဝင်း မြို့အပြန် ကားမှာ accident ဖြစ်သွားတယ်....ခေါင်းထဲ မိုက်ကနဲဖြစ်သွားမိပါတယ်။

''ဟာ...ဘာဖြစ်သွားလဲ....စိုးရိမ်ရလား''

''ခြေထောက်ကျိုးသွားတယ် ဆရာ... မြို့ဆက်သယ်သွားဖို့ ကျန်တဲ့သူတွေစီစဉ်ပြီး၊ ကျွန်တော်က သတင်းပြန်ပို့တာ....ညက မိုးချုပ်သွားလို့ ကြို့ပင်အိုင်မှာ အိပ်လိုက်ရလို့ ဆရာ''

ခြေထောက်လောက် ထိခိုက်တယ်ဆိုလို့ စိတ်အနည်းငယ်အေးသွားရပါတယ်။ ယာတိုင်းအလုပ် လက်စသပ်ရဦးမှာမို့ ချက်ချင်းမလိုက်နိုင် အလုပ်လက်စသိမ်းလုပ်ရပါတယ်။

ဖြစ်ပုံက အစ်ကို ဦးသန်းဝင်းစီးတဲ့ကားက ထုံးစံအတိုင်း ဝါးတွေတင်ထားတော့ အပေါ်ကထိုင်လိုက်ရ ခပ်မြင့်မြင့်ပေါ့....တစ်နေရာအကွေ့မှာ အရှိန်လွန်ချောက်ထဲကျမလိုအဖြစ်မှာ အစ်ကိုက ခုန်ချလိုက်ပါတယ်....အခြားသူတွေက ကြောင်နေပြီး ဒီတိုင်းနေပေမဲ့ driver က အချိန်မီထိန်းလိုက်နိုင်လို့ ကားက ချောက်မေးတင် ရပ်သွားတော့ ကျန်လူတွေ ဘာမှမဖြစ်ပဲ ခုန်ချတဲ့အစ်ကိုက ထောက်မိတဲ့ ညာခြေ ankle လည်ထွက်သွားတာ သိရပါတယ်။

ဒါနဲ့ ကားရှေ့ခန်း သယ်တင် တပည့်တွေထိန်းခေါ်ပြီး မြို့ဆေးရုံအရောက် ခေါ်သွားကြရကြောင်းသိရပါတယ်၊ အလုပ်ပြီးမှ လိုက်နိုင်မှာမို့ ကျန်ဝန်ထမ်းများနဲ့ ယာတိုင်း၊ ယာဝေလုပ်ငန်း ၈၀၀ ကေပြည့်အောင်လုပ်တဲ့အခါ၊ ပြည့်ခါနီး ၄၀ ကေလောက်မှာ ကျွန်းစိုက်ခင်းဟောင်းတွေနဲ့ တိုးနေတာရှောင်နေရလို့ January ပထမပတ်ထဲမှာမှ အပြီးသတ်နိုင်ခဲ့ပါတယ်။ ကျွန်းစိုက်ခင်းဟောင်းတွေက မိုးရာသီမှာတော့ အပင်ဖာဖို့ မြေလုံးပါတူးပြီး ပျိုးပင်စုစည်းရာအဖြစ် အကျိုးများစွာပြုခဲ့ပါတယ်။

ရှေ့ခတ်က ဗြိတိသျှလူကြီးမင်းများ တောအုပ်ချုပ်စဉ်က ကျွန်းစိုက်ခင်း ၁၀ ကေ၊၂၀ ကေ စသည်လောက်သာ မြေနေရာရွေးလို့ တည်ထောင်စိုက်ပျိုးပြီး ဝေထားတဲ့ ယာမြေပေါ် သီးနှံနဲ့အတူ စိုက်ပျိုးစေရာမှာ ကျွန်းစိုက်တဲ့ ပန္နက်တိုင်မှာ ကျွန်းစေ့စိုက်တာလည်းမဟုတ်၊ ပျိုးအိတ်၊ ပျိုးပင်နဲ့ စိုက်တာလည်းမဟုတ်၊ ရှေ့အပိုင်းတွေမှာ ရေးပြခဲ့သလို မြေဘောင်ပေါ် ကျွန်းစေ့ထည့် (သဲကြမ်း မဟုတ်) ကျွန်းပင်ပေါက် ၄ ရွက်ဆိုင်ထွက်လောက်ကို မြေလုံးလိုက်ယူလို့ ပန္နက်တိုင်စေ့ စိုက်ပျိုးစေခဲ့တယ်လို့ ရှေးစာအုပ်တစ်ခုမှာ ဖတ်ရှုသိရှိ သိရပါတယ်။

ဒါကြောင့် တွေ့သမျှ စိုက်ခင်းဟောင်းတွေက အောင်မြင်ကြီးထွားနေကြတာ တွေ့ကြရပါတယ်။

ယာဝေအလုပ်ပြီးတော့ မြို့ကို အမြန်တက်လိုက်လာတော့ ဇီးကုန်းအိမ်မှာ အစ်ကိုဦးသန်းဝင်းရဲ့ဇနီး၊ အမေနဲ့ယောက္ခမဖြစ်သူတို့ ရောက်နေကြပါပြီ။ အစ်ကိုကတော့ ကျောက်ပတ်တီးနဲ့ပေါ့။ အစ်ကိုရဲ့ဇနီးက Regional first batch ကနေ Agriculture တက် ကျောင်းဆင်းတာမို့ ကျွန်တော်နဲ့ ရွယ်တူ same batch မို့ (အစ်ကို့ဇနီးမို့ ဝါကြီးသော်ငြား) ရင်းရင်းနှီးနှီးပဲ ခေါ်ပြောဖြစ်ပါတယ်။

PDF Compressor Free Version

မွန်လူမျိုးများဖြစ်ပြီး အမေနဲ့ယောကျ်ားတို့ကလည်း သဘောကောင်းမွန် ကြပါတယ်။ အစ်ကို့ဇာတ်ရာက အလုပ်ဝင်နိုင်သည်ထိ အနည်းဆုံး ၃ လခန့်ကြာမယ် ခန့်မှန်းတာမို့ ယာဝေခြင်းလုပ်ခဲ့တဲ့ ၈၀၀ ကေ ယာခုတ်ပြီးစီးဖို့ တောင်ညိုနယ်က စိုက်ခင်းဟောင်းတွေ မီးကာကွယ်ခြင်းလုပ်ငန်းတို့က ကျွန်တော်ရဲ့ ပခုံးပေါ်ကျလာခဲ့ပါတယ်။

အဲဒီမှာ တွေ့တော့တာပဲ ဆိုသလို....အရင်က လက်ထောက်အနေနဲ့နေရပေမဲ့ စိုက်ကွက်တစ်ခု ဦးဆောင်လုပ်ရချိန်မှာ စိုက်ခင်းဒေသခွဲ(၁–၅)ရဲ့ ဒုတိယညွှန်မှူး အစ်ကိုကြီးဦးသန်းလွင်နဲ့ တိုက်ရိုက်ဆုံဖို့ ဖြစ်လာရပါတော့တယ်၊ အစ်ကိုကြီး ဦးသန်းလွင်က ဝါရင့် DFO ကြီးကလာတာမို့ လုပ်ငန်းကျွမ်းကျင်လှသလို၊ ကြုံသလို သင်ပြရှင်းလင်းပေးပေမဲ့ တစ်ခါတရံ ဒေါသကြီးပါတယ်။ အဲ့ဒီအခါ ရှောင်ပေတော့ပဲ၊ တုတ်ဆက်တယ်ခေါ်ကြတာပေါ့။ ဆက်ရေးရင်း အစ်ကိုကြီးဦးသန်းလွင် အမှတ်တရလေးတွေလည်း ထည့်ရေးသွားပါမယ်။

ထိုစဉ်က သာယာဝတီခရိုင်က စိုက်ခင်းဒေသခွဲ (၁–၄)အဖြစ်အစ်ကိုကြီး ဦးမောင်မောင်ထွေးက အုပ်ချုပ်ပြီး၊ ပြည်ခရိုင်ကို စိုက်ခင်းဒေသခွဲ(၁–၅)အဖြစ် အစ်ကိုကြီး ဦးသန်းလွင်က အုပ်ချုပ်ပါတယ်၊ နတ္တလင်းက သာယာဝတီခရိုင်ထဲ(ယခုလည်း)ပါသော်လည်း ထိုစဉ်က စိုက်ခင်းအမှတ် ၁–၅–၁ အဖြစ် ပြည် ဖုန်ထဲပါခဲ့ပါတယ်။ ပြည်ဖုန်မှာ စိုက်ကွက်ပေါင်း ၁၁ ကွက်ရှိပြီး ပေါင်းတည်မြို့နယ်က စိုက်ကွက် ၃ ကွက်ပါဝင်ခဲ့ပါတယ်။ စိုက်ခင်းခေတ်မှာ ဖုန်အလိုက် လစဉ် လဆန်းရက်တစ်ခါ နောက်ဆုံးပတ်တစ်ခါ၊ မြို့နယ်အလိုက် စိုက်ကွက်မှူးတွေက (DD) ရုံးကိုလာရ လုပ်ငန်းအစည်းအဝေးထိုင်ရ၊ လုပ်ငန်း Order cheque ယူ၊ လပိတ်ခါနီးလစာ cheque ယူလုပ်ကြရင် (DD)နဲ့ တွေ့ရပါတယ်။

မှတ်မိသလောက် ပေါင်းတည်က ရဲမြင့်သိန်း အစ်ကို ဦးကျင်သိန်း 80၊ ကိုလှမြင့်အောင် 82၊ ရွှေတောင်က အစ်ကို ဦးထွန်းမြင့် 79၊ ပြည် ဦးလင်းမြင့်လှိုင် 81 ၊ ကို ထွန်းမင်း 83၊ ပန်းတောင်း ဦးတင်မောင်ကြည် 75၊ ပေါက်ခေါင်း 78 က အစ်ကိုဦးတင်အောင်နဲ့ ဦးသန်းလတ်ရှိန် တို့ ပါပါတယ်။ အစ်ကိုကြီး ဦးသန်းလွင်နဲ့ ကျွန်တော်တို့က ကြောင်နဲ့ကြွက်လိုပါ။ အစည်းအဝေးမှာ အစ်ကိုကြီးစိတ်တိုလို့ဆူရင် ပုနေကြ၊ ကွယ်ရာကြ အချင်းချင်း ဟားကြ၊ အစ်ကိုကြီးနဲ့ တစ်ခါတလေ ညနေခင်း ဝိုင်းဖြစ်ကြရင် liquor သုံးချိန် လုံးဝ အလုပ်အကြောင်းမပြောပါ။ မည်သူ့ကိုမှလည်း မဆူ၊ မကြိမ်းပါ၊ ရှေးဟောင်းနှောင်းဖြစ် မှတ်သားစရာ၊ ရီစရာဟာသများသာ ပြောလေ့ရှိပါတယ်။ ဖဲရိုက်တာတော့ အလွန်မုန်းပေမဲ့ ကျွန်တော်တို့ကလည်း အစ်ကိုကြီး အလစ်ဆိုရင် ရုံးနားက ပြည်တော်သာ တိုက်ခန်းမှာ အိမ်ခန်းရတဲ့ အစ်ကိုဦးတင်အောင်ရဲ့အခန်းမှာ ဖဲဝိုင်းဖွဲ့ လေ့ရှိပါတယ်၊ ကြိုက်တတ်သူတွေ ဖန်ခွက်လေး ဘေးချရင်းပေါ့၊ အစ်ကို ဦးတင်အောင်ကတော် အစ်မကလည်း လွန်စွာသဘောကောင်းသူပါ။

တစ်ခါသားတော့ ကျွန်တော်တို့ လဆန်း အစည်းအဝေးလုပ်ကြပါတယ်။ ၁၂ နာရီထိုးတော့ ထမင်းစားဖြုတ်ပါတယ်၊ ကျွန်တော်တို့တွေ နေ့လယ်စာ တရုတ်ဆိုင်ထိုင်ဖြစ်တော့ ဟင်းစောင့်ရင်း ရေဆာပြေလေးလုပ်ကြမလား တစ်ယောက်ကစလိုက်တော့ စရင်း စရင်း....၂ နာရီကျော်ထိ စိုက်ကွက်မှူးတွေ ရုံးပြန်မလာသေးတော့၊ အစ်ကိုကြီး ဦးသန်းလွင်က အထာသိတဲ့ ကိုအေးကိုဆိုတဲ့ရုံး driver ကို လိုက်ရှာခိုင်းတော့ သုတ်သုတ်ထမင်းစားပြီး ရုံးပြန် ပြေးကြရပါတယ်။

အစည်းအဝေးခန်းထဲက white board ပေါ်မှာတော့ အစ်ကိုကြီး ဦးသန်းလွင်ရေးထားတဲ့စာကိုတွေ့ရတော့ အချင်းချင်း လက်ကုတ်ပြပြီး အသာလေးခေါင်းပု သူဝင်အလာစောင့်ကြရပါတယ်။ ရေးထားတာက ''စိုက်ကွက်မှူးများ.... ရေဆာ beer သောက် လမ်းပျောက်ပြန်မရောက်'' ဝင်လာတော့ ဘာမှမပြော....အလုပ်အကြောင်းဆက်ဆွေးနွေးကြပါတယ်။ ဖော်ပြလိုရင်းက ကြောက်ရပုံ၊ ဒါပေမဲ့ ဆိုးကြပုံ အစ်ကိုကြီးကလည်း ထိန်းပုံနဲ့ အလုပ်မှုရင်း သွားကြပုံပါ။

ဆက်လက်ဖော်ပြပါမည်



PDF Compressor Free Version

# စိမ်းလန်းသာယာ ပြည်မြန်မာ



မောင် (၂၀၀၁)

မြန်မာနိုင်ငံသည် သစ်တောသယံဇာတ အလွန်ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ပြည့်နှစ်အစီရင်ခံစာတွင် နိုင်ငံ့ဧရိယာ၏ ၄၂.၁၉% မှာ သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိကာ မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောအမျိုးအစားစုံလင်စွာ ပေါက်ရောက်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒတွင်ပါရှိသော အောက်ပါပင်မတန်ဖိုးများကို အခြေပြုရေးဆွဲထားပါသည်။

(က)နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ ပြည်သူများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများပင်ဖြစ်သည်။

(ခ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးငှါ သဘာဝသယံဇာတပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ပတ်ဝန်းကျင် ရေးရာကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသောရည်မှန်းချက် အဖြစ်ထာဝစဉ်ထားရှိရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံသူ/နိုင်ငံသားများ လက်တွေ့ခံစားနေရကာ စီးပွားရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံများအပေါ်တွင် ပြင်းထန်စွာ သက်ရောက်နေသည်ကို အလေးအနက်ထားပြီး ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးကာကွယ် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

လူသားများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ရန်လိုအပ်ပါသည်။



သစ်တောများအား စည်းကမ်းမဲ့စွာ ခုတ်ထွင်ခြင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ အစီအစဉ်မဲ့စွာဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေများအလွန်အကျွံချဲ့ထွင်လာခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ သစ်တောများအပေါ်တွင် အလွန်အမင်းမှီခိုလာခြင်းစသည်တို့ကြောင့် သစ်တောများပြုန်းတီးလာကာ သဘာဝပတ်ဝန်းကျင်တစ်နေ့ထက်တစ်နေ့ ပျက်စီးလာသည်ကိုထင်ထင်ရှားရှား မြင်တွေ့လာရပါသည်။

နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာကာ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံး

PDF Compressor Free Version

နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာကာ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံး ပျောက်ကွယ်မှုများနှင့်ရင်ဆိုင်လာခဲ့ရပါသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြင်းထန်လွန်ကဲသော မိုးလေဝသအခြေအနေများကြောင့် သဘာဝဘေးအန္တရာယ်များ နေရာအနှံ့ကြုံတွေ့ခဲ့ရမှုနှင့် အနာဂတ်တွင်လည်း ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။ နှစ်စဉ် သစ်တောပြုန်းတီးမှုကြောင့် ပျက်စီးဆုံးရှုံးသည့် ဧရိယာ ဟက်တာ(၁၀)သန်း၊ တောမီးကြောင့် ထိခိုက်ခံရသည့် သစ်တောဧရိယာဟက်တာ သန်း(၇၀) ရှိကြောင်း လေ့လာ သိရှိရပါသည်။ ကမ္ဘာပေါ်တွင် သိရှိမှတ်တမ်းတင်ထားပြီးသား ကုန်းနေရေနေသတ္တဝါမျိုးစိတ်အားလုံး၏ ၈၀% သည် သစ်တောများကို အမှီပြုပြီးရှင်သန်နေထိုင်ကြပါသည်။

၁၉၆၀ ခုနှစ်ကတည်းကနေ မှတ်တမ်းတင်ထားသော ရောဂါအသစ်များ၏ ၃၀% ကျော်သည် သစ်တောပြုန်းတီးမှုအပါအဝင် မြေအသုံးချမှု ပြောင်းလဲခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ သစ်တောပြုန်းတီးမှုကြောင့် နှစ်စဉ် ဘောလုံးကွင်းပေါင်း (၁၄)သန်းနဲ့ညီမျှသည့် ဧရိယာကို ဆုံးရှုံးနေရပါသည်။ အင်းဆက်ဖျက်ပိုးများသည် နှစ်စဉ်သစ်တောဧရိယာ (၃၅) သန်းခန့်ကို ထိခိုက်လျက်ရှိပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)နှင့် အမျိုးသားသစ်တောပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁) ရည်မှန်းချက်များအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၃၀%အထိ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀% အထိ တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါသည်။ အဖိုးတန် မြန်မာ့သဘာဝတောများ ထာဝစဉ်တည်တံ့စေရေးနှင့် ပျက်စီးပြုန်းတီးသွားသောတောများကို ပြန်လည် ကောင်းမွန်လာစေရန်(၂၀၁၇-၁၈ မှ ၂၀၂၆-၂၇) ခုနှစ်အထိ ၁၀ နှစ်စီမံကိန်းရေးဆွဲပြီး မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသများအား ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းနှင့် အပူပိုင်းဒေသများအား စိမ်းလန်းစိုပြည်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သလို ပြည်သူလူထုအကူအညီဖြင့် မိမိရပ်ရွာစိမ်းလန်းစိုပြည်လာစေရန် ပညာပေးစည်းရုံး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြည်သူများအကြား သစ်ပင်သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ သစ်တောများ၏ အရေးပါသော အခန်းကဏ္ဍကိုပိုမိုနားလည်လာစေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့် သစ်ပင်သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန် ရည်ရွယ်ပြီးနည်းပညာများဖြန့်ဝေပေးခြင်း၊ စည်းရုံးခြင်းများကို ဆောင်ရွက်ကြရမည်။ သို့မှသာ ပြည်သူများအကြား နိုးကြားသည့် အသိစိတ်ဓာတ်ဖြင့် သစ်တောထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်လာနိုင်မည်ဖြစ်သည်။

သစ်တောများကို စနစ်တကျထိန်းသိမ်းထုတ်ယူသုံးစွဲခြင်းမရှိပါက သစ်တောသယံဇာတများ အချိန်တိုအတွင်း ပျက်စီးပျောက်ကွယ်သွားမည်ဖြစ်သည်။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများမှသစ်တောသစ်ပင်များသာ အရေးကြီးသည်မဟုတ်ဘဲ သစ်တောနယ်မြေပြင်ပမှ သစ်ပင်များ၏ အခန်းကဏ္ဍကိုလည်း အထူးအလေးထားထိန်းသိမ်းကြရမည်ဖြစ်သည်။ သစ်တောဦးစီးဌာနသည် နှစ်စဉ်နိုင်ငံအဝန်းတွင် နိုင်ငံပိုင်စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲစိုက်ခင်းများနှင့် အခြားစိုက်ခင်းများကို စိုက်ပျိုးပေးနေသလိုအခြားတစ်ဖက်တွင်လည်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများသို့ ပျိုးပင်များနှစ်စဉ် သန်းနဲ့ချီ ပျိုးထောင်ပြီး အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ သစ်ပင်စိုက်ပွဲတော်များကို အားပေးကူညီခြင်း၊ နည်းပညာများ မျှဝေပေးခြင်းနှင့် ပြုစုထိန်းသိမ်းသည့်နည်းပညာများလည်း ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး လမ်းဘေး ဝဲ/ယာ စိုက်ခင်း၊ တစ်အုပ်တစ်မစိုက်ခင်း၊ တစ်ရွာနှစ်ဧကစိုက်ခင်း၊ ကျေးလက်ထင်းစိုက်ခင်းများကိုလည်း စိုက်ပျိုးဆောင်ရွက်လျက်ရှိပါသည်။ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ်မိုးရာသီတွင်လည်း တစ်နိုင်ငံလုံး အရင်နှစ်များနည်းတူ သစ်ပင်များစိုက်ပျိုးသွားမည်ဖြစ်သည်။ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ မြေယာရှုခင်း ပြန်လည်စိုက်ပျိုးတည်ထောင်ခြင်း၊ ဒီရေတောများနှင့် ရွှံ့နွံတောများကဲ့သို့ မျိုးစုံသောသစ်တောများအတွက် ဂေဟဗေဒစနစ်ဆိုင်ရာ အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများလည်း ဆက်

လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း [illegible] PDF Compressor Free Version နေထိုင်သော ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍကိုလည်း အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့နိုင်ရေးအတွက် သစ်တောသယံဇာတများ ထိန်းသိမ်းရေးနှင့် ထာဝစဉ်တည်တံ့ရေးသည် အလွန်ပင်အရေးကြီးပါသည်။ စိမ်းလန်းသာယာသော ကမ္ဘာကြီးဖြစ်လာစေရန် သစ်တောသစ်ပင် ထိန်းသိမ်းစိုက်ပျိုးရေးလုပ်ငန်းများသည် အခြေခံကျသောလုပ်ငန်းဖြစ်သည်။

ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းပြဿနာကို ကုစားရန်နှင့် စိမ်းလန်းစိုပြည်လာစေရန်အတွက် သစ်ပင်များအား စိုက်ပျိုးပေးရမည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာနှင့် ၂၀၂၀ ပြည့်နှစ်အစီရင်ခံစာကိုလေ့လာကြည့်လျှင် သစ်တောဖုံးလွှမ်းမှုသိသိသာသာကျဆင်းလာသည်ကိုတွေ့ရမည်ဖြစ်ပြီးသစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများအားတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သလို ထုတ်ယူသုံးစွဲမှုကိုလည်း ပိုမိုလျှော့ချရမည်ဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

ထိုမှသာ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအနေဖြင့် သစ်တောများက ပေးစွမ်းနေသောဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်အသုံးပြုနိုင်မှာဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်၊ သာယာလှပလာစေရန်၊ ရာသီဥတု ညီညွတ်မျှတစေရန် ကမ္ဘာသူ/ကမ္ဘာသားများအားလုံး၊ နိုင်ငံများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် မိမိတစ်ဦးတစ်ယောက်မှသည် ပြည်သူအားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်လာစေပြီး စိမ်းလန်းသာယာလှပလာစေရန်အတွက် သစ်ပင်များစိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



စာမျက်နှာ (၂၉)မှ အဆက် ⇒

အဲဒီကနိုင်ငံသားများလိုပဲ စားဝတ်နေရေး မပူပင်ရဘဲ မိမိအလုပ်ကို ဂုဏ်သိက္ခာရှိရှိ လုပ်နေနိုင်တဲ့ နိုင်ငံ့ဝန်ထမ်းများအဖြစ် ရပ်တည်နိုင်အောင် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။

အမှန်တော့ FRI ကို ရွှေ့ပြောင်းစီမံချက်အနေနဲ့ စံပြဖြစ်အောင်လုပ်ပြီးရင် သစ်တောဌာနတစ်ခုလုံးအတွက် ဆက်လက်ဆောင်ရွက်သင့်ပါတယ်။ FRI ညွှန်မှူးများဟာ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့တွင် ညွှန်ချုပ်များအဖြစ်ရာထူးတိုးတက်ခဲ့ကြပါတယ်။ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ပြည်ထောင်စုဝန်ကြီးစတဲ့ ရာထူးကြီးများအထိလည်း တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။

ကျွန်တော်မျှော်မှန်းတာက ညွှန်မှူးအဆင့်တွေသာ ထူးချွန်ထက်မြက်ခြင်းမဟုတ်ဘဲ FRI အသိုက်အမြုံတစ်ခုလုံးတိုးတက်စေချင်တာပါ။ အရင်က M.Sc ဝန်ထမ်းများသာရှိခဲ့ရာမှ အခုအခါမှာတော့ Ph.D ဝန်ထမ်းများလည်းရှိလာပါပြီ။ စွမ်းဆောင်ရည်မြင့်မားကြပါတယ်။ ကောင်းသည်ထက်ကောင်းအောင်၊ တိုးတက်သည်ထက်တိုးတက်အောင် နှိုးဆော်တိုက်တွန်းလိုက်ပါတယ်။ လုပ်ပေးချင်တဲ့စေတနာရှိသူ၊ လုပ်နိုင်တဲ့စွမ်းဆောင်ရည်ရှိသူ လူကြီးမင်းများမြင်ပါစေ၊ ကြားပါစေသတည်း။

အောက်ကပုံလေးကတော့ ကျွန်တော် FRI က ပြန်ပြောင်းခါနီးမှာ ကျွန်တော့်ဆရာ ဦးမင်းကိုကိုကြီးက ကျွန်တော့်ကိုအမှတ်တရပေးလိုက်တဲ့ လက်ဆောင်လေးပါ။ "u aung khin ..with the compliments of forest management & silviculture division ,FRI" ဆိုတဲ့ စာတမ်းလေးနဲ့ပါ။



*********



PDF Compressor Free Version

# ပြုံးမိတယ် ...

အုန်းလွင်လေး

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ နွေရာသီကား အလွန်ပူပြင်းလှပါဘိ၊ နိုင်ငံအလိုက် အပူချိန်မြင့်မားသည့်မြို့များတွင် မြန်မာနိုင်ငံ၊ မကွေးတိုင်းဒေသကြီး ချောက်မြို့က ၂၈-၄-၂၀၂၄ ရက်မှာဆို ၄၈.၂ ဒီဂရီဆဲလ်စီးယပ်ထိရှိပြီး ကမ္ဘာ့အပူဆုံးမြို့အဖြစ် စံချိန်တင်ဖော်ပြခဲ့ပါပကော။

အဲ့ကာလ ကျွန်တော်ရှိတဲ့ အရပ်ဒေသလည်း အပူချိန်ကိုအများနည်းတူခံစားရတာပါပဲ။ အိမ်ရှိ လျှပ်စစ်ပစ္စည်းများကား အမြဲသုံးမရ၊ သုံးရပြန်တော့ ဗို့အားမပြည့်၊ ရေကိုချွေတာသုံးရင်း ယပ်တောင်'တဖျပ်ဖျပ်'နဲ့ အရိပ်ရှိရာ နေ,နေရတာ နွေကာလတစ်လျှောက်လုံး၊ မေလဆန်းရက် တစ်ရက် တစ်ညနေမှာတော့ မြန်မာနိုင်ငံ၏ မိုးကြိုရာသီသဘာဝအရ ကျွန်တော်နေတဲ့နေရာမှာ လေပြင်းနှင့်အတူ မိုးရွာလာပါရော၊ ပတ်ဝန်းကျင်မှာလည်းအပူချိန်လျော့လာပါပြီ။

မိုးရွာပြီး နောက်နေ့ နေ့လယ်မှာပေါ့၊ ယခင့် ယခင်ရက်များလို အပူချိန် မမြင့်မားတော့တာရယ်၊ အားလပ်ရက်ဖြစ်တာရယ်၊ ရာသီစာအသီးအရွက်ပါတဲ့ နေ့လယ်စာ စားကောင်းကောင်းနဲ့စားအပြီး လျှပ်စစ်မီးလာနေခိုက် ပန်ကာဖွင့်၊ အိပ်ရာမှာ လဲလျောင်းလျက် မကြည့်ဖြစ်တာကြာပြီဖြစ်တဲ့ ဖေ့စ်ဘုတ်ဖွင့်ကာ သူငယ်ချင်းများတင်ထားတဲ့ ဒီနှစ်နွေရာသီရဲ့ အပူအကြောင်း၊ လူတိုင်း သစ်ပင်စိုက်ဖို့အကြောင်း စာတွေဖတ်၊ဓာတ်ပုံတွေကြည့်မိတယ်၊ နောက်ကျွန်တော်လည်း ကိုယ့်ဖေ့စ်ဘုတ်မှာကိုယ်တိုင် ရေးတင်ထားတဲ့စာတွေ၊ ဓာတ်ပုံတွေ ပြန်ကြည့်ရင်း သစ်တောကြေးမုံမှာ ဖော်ပြခဲ့တဲ့ စာမူလေးတွေလည်း ပြန်ဖတ်နေမိတယ်၊ ဒီအပြင် viber, messenger တွေမှာ သူငယ်ချင်းများပေးပို့ထားတဲ့ စာတွေ ပြန်စာရေးပို့မိတယ်၊ ပြန်စာတွေအနက် viber မှာ ထူးထူးခြားခြား မူလတန်းကျောင်းသားဘဝ အတူကျောင်းတက်ခဲ့တဲ့ သူငယ်ချင်းက နောက်တစ်ပတ်ရုံးပိတ်ရက် ကျွန်တော်ရှိရာမှာ လာရောက်တွေ့ဆုံလိုကြောင်း လွန်ခဲ့တဲ့နှစ်ရက်က ရေးပို့ထားလို့ 'OK' ပါလို့ စာပြန်ပေးရင်းငယ်သူငယ်ချင်းအကြောင်း တွေးမိကာ ဒီကနေ့ ဗိုက်ကားအောင်စားထားတဲ့ နေ့လယ်စာ ထမင်းလုံးစီရင်းနဲ့ ပန်ကာလေ'တဖြူးဖြူး'ခံစားကာ အိပ်ရာပေါ်မှာ ဖုန်းပွတ်နေရခြင်းသည် အရသာရှိပါဘိတောင်း–

+++++++++++++

''သူငယ်ချင်းနဲ့မတွေ့တာ နှစ်လေးဆယ်နီးပါးရှိပြီ၊ မင်းက သစ်တောမှာ အလုပ်လုပ်တယ် ဆိုတာတော့သိတယ်၊ဘယ်လိုလဲ...အခြေအနေကောင်းရဲ့လား''

''ငါ့အကြောင်းက အထွေအထူး အများကြီး ပြောစရာမရှိပါဘူး၊ ဆယ်တန်းအောင်၊ သစ်တောတက္ကသိုလ်တက်(ယခု သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်)နောက် သစ်တောဝန်ထမ်းဘဝနဲ့ နယ်တကာ ပြောင်းရွှေ့ရင်း အခုဒီနေရာပြန်ရောက်၊ မင်းနဲ့အခုလိုတွေ့တာပါပဲ၊ ငါ့အခြေအနေက ဒီလိုပါပဲ...သူငယ်ချင်း''

ကျွန်တော့်အကြောင်း မေးလာသူတိုင်းကို ပြန်ပြောနေကျ'ဒီလိုပါပဲ'နဲ့ အတိုဆုံးပြောမိတယ်၊သူငယ်ချင်းဖြစ်သူက ကျွန်တော်နဲ့ ကွဲကွာနေစဉ်ကာလတစ်လျှောက် သူလည်း စီးပွားရေးလောကမှာ မြန်မာနိုင်ငံရဲ့ ထိပ်သီးခရိုနီတွေနဲ့အတူ စီးပွားရေးအလုပ်တွေအတူလုပ်ခဲ့ကြောင်း၊ ဌာနပေါင်းစုံက ထိပ်တန်းအရာရှိ ကြီးကြီးတွေနဲ့ ဆက်ဆံရကြောင်း၊ သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေ ဘယ်နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံထားကြောင်း ပြောအပြီး–

''သူငယ်ချင်း....ငါလေ မင်းနဲ့တွေ့ချင်ရတဲ့အကြောင်းက မင်းဖေ့စ်ဘုတ်မှာတင်ထားတဲ့ သစ်တော၊ ပတ်ဝန်းကျင်ဆိုင်ရာ မင်းကိုယ်တိုင်ရေးထားတဲ့စာတွေကို စာရွက်အကောင်းစားသုံး၊ အလှဆုံးပန်းချီ၊ ဓာတ်ပုံတွေနဲ့ သေသပ်ခန့်ငြားခိုင်ခံ့တဲ့စာအုပ် ထုတ်မယ်၊ နိုင်ငံအလိုက် ဘာသာစကားနဲ့ ဘာသာပြန်မယ်၊ ကမ္ဘာကိုလည်းဖြန့်မယ်၊ ငါက ငွေကြေး၊ လုပ်အားကုန်ကျသမျှ အရင်းအနှီးထုတ်မယ်၊ နိုင်ငံတကာက ငါ့အဆက်အသွယ်တွေဆီ ဖြန့်ဝေမယ်၊ အကျိုးအမြတ်တွက် မင်းနဲ့လည်း စာချုပ်စာတမ်းလုပ်မယ်၊ မင်းသဘော ဘယ်လိုရှိလဲ''

''ငါရေးတဲ့စာက ပါချီပါချဲ့ပါကွာ၊ ဖေ့စ်ဘုတ်မှာက ရုပ်မလှလို့ပေါက်ကရ စာရေးတင်တာ၊ သစ်တောကြေးမုံမှာ မတောက်တခေါက်၊ စာတိုပေစရေးမိတာပါ''

'မင်းဘဝအဲ့တာကြောင့် ဒီလိုပါပဲ ဖြစ်နေတာ၊ မှတ်ထား....သူငယ်ချင်း တန်ဖိုးရှိတဲ့ ရွှေစင်ရွှေသား အတုံးအခဲတွေဆိုတာ ရွှေမှုန်လေးတွေစုပြီးမှဖြစ်တည်လာရတာပါ၊ မင်းရေးတဲ့ တောတောင်ရေမြေ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုဆိုင်ရာ စာတိုပေစ

PDF Compressor Free Version

တွေက လက်ရှိတို့လူသားအပါအဝင် သက်ရှိတိုင်းနဲ့ နောင်မျိုးဆက်တွေအထိ အကျိုးရှိတဲ့စာတွေကို၊ သစ်တောကြေးမုံစာစောင်ဆိုတာက ငါလေ့လာသိရသလောက် လစဉ်ထုတ်တဲ့အရေအတွက်က နည်းတယ်။ နယ်ပယ်စုံ ပျံ့နှံ့ချင်မှ ပျံ့နှံ့မယ်၊ မင်းစာရေးတယ်ဆိုတာကို မင်းဖေ့စ်ဘုတ်ဝင်မွှေကြည့်လို့ ငါသိရတာ''

သူ့စကားကြားပြီး ကျွန်တော့် အဖြစ်က 'တုံဏှိဘာဝေ' နှုတ်ဆိတ်နေမိတယ်၊ ပုံမှန်ဆို–

''လုပ်ချလိုက်ပါပြီ၊ မြှောက်လှချည်ရဲ့''လို့ ပြန်ပြောချင်လည်း သူက စီးပွားရေးမှာ နိုင်ငံတကာထိအောင် မြင်နေတဲ့ သူငယ်ချင်းမို့ သူ့စကားကို ပျက်ရယ်မပြုရဲခဲ့။ အော်–စီးပွားရေးသမားများ အကွက်ကျော် မြင်တတ်တာက ကမ္ဘာကြည့်၊ကြည့်မြင်တတ်သည်သာမက စကြဝဠာထိ တိုးလျှိုပေါက်မြင်တတ်ကြပါဘိ။

ကျွန်တော်ရေးတဲ့စာတွေက သစ်တောမူဝါဒ (၆)ချက် အကောင်အထည်ဖော်နိုင်ရေးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ကျရေးနဲ့ ဂေဟစနစ်တည်ငြိမ်ရေး၊ သစ်တောများရေရှည်တည်တံ့ရေး ပြည်သူတို့တွက် အခြေခံစားဝတ်နေရေးစဉ်ဆက်မပြတ်အဆင်ပြေရေးတို့ကိုအကျိုးဖြစ်ထွန်းစေမည့် သုတရသဆိုင်ရာ အခြေခံအဆင့်မျှသာ၊ ကျွန်တော်ရဲ့ဘဝအခြေအနေကိုသိနေလို့ ချီးမြှောက်ချင်တာလား၊ ကျွန်တော်ရေးတဲ့စာကိုတန်ဖိုးသိလို့ ဂုဏ်ပြုချင်တာလားဆိုတာက သူငယ်ချင်းဖြစ်သူကိုယ်တိုင်သာသိပါလိမ့်မည်။ သူနဲ့ဆွေးနွေးပြောဆိုပြီး ကျွန်တော်ရေးခဲ့သည့်စာတွေ သူ့လက်ဝကွက်, အပ်ရင်း လိုအပ်တဲ့ စာချုပ်စာတမ်းတွေလုပ်လိုက်ပါပြီ၊ သူသည်ကား စီပွားရေးသမားပေကိုး။

ဆင်သွားလမ်းဖြစ်ဆိုသလိုပါပဲ၊ ငွေကြေးအင်အားလည်း တောင့်တင်း၊ နိုင်ငံတကာနဲ့အဆက်အသွယ်လည်း ကောင်း၊ နည်းပညာခေတ်မှာ ဗလငါးတန်ပြည့်စုံသူ သူငယ်ချင်းကောင်းမှုကြောင့် ကျွန်တော်ရေးတဲ့စာတွေ နိုင်ငံတကာမှာဘာသာပြန်ထုတ်ဝေခြင်း၊ စာအုပ်ဈေးကွက်မှာ အရောင်းရဆုံးစာအုပ် Top one အဖြစ်စံချိန်တင်ရပ်တည်ရခြင်း၊ စူပါပါဝါ မီဂါပါဝါနိုင်ငံကြီးတွေရဲ့ ကျောင်းသုံးစာအုပ်တွေမှာ ပြဋ္ဌာန်းပါရှိခြင်း၊ ကုလသမဂ္ဂကစာကြည့်တိုက်မှာ စာအုပ်အရေအတွက်များများထားရခြင်း၊ အွန်လိုင်းစာကြည့်တိုက်တွေက စာမူများထပ်မံရေးဖို့ အမှာစာရေးမေတ္တာရပ်ခံကြခြင်းစသည်ဖြင့် ကမ္ဘာ့စာပေလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ပြီ၊

အောင်မြင်မှုနဲ့အတူ ပြည်တွင်းပြည်ပနိုင်ငံက အစိုးရနဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေ၊ တက္ကသိုလ်တွေ၊ စီးပွားရေးလောက၊ စာပေလောက အဖွဲ့အစည်းတွေရဲ့ စာပေဆိုင်ရာဂုဏ်ပြုဆုတွေ ချီးမြှင့်တာ၊ ဟောပြောပို့ချဖို့ ဖိတ်ကြားတာတွေများလွန်းလို့ ကျွန်တော့်အနေနဲ့ ငြင်းပယ်နေရသလို မလွဲသာရင် သူငယ်ချင်းကို ကိုယ်စားလွှတ်ရတယ်၊ သူကစတဲ့ဇာတ်လမ်းလေ၊

တစ်ရက်မှာ ကျွန်တော့်ဆီ ဆွီဒင်နိုင်ငံက အီးလ်မေးတစ်စောင်ပို့လာတာလက်ခံရရှိတယ်၊ အခုနှစ်ဆွီဒင်အကယ်ဒမီက ကျွန်တော့်စာအုပ်က စာပေနယ်ပယ်တွင် အကောင်းဆုံးလမ်းပြ၍ အပြောင်မြောက်ဆုံးလက်ရာဖြစ်တာကြောင့် ယခုနှစ်တွက် ရွေးချယ်တဲ့ စာပေဆိုင်ရာနိုဘယ်ဆုကို လက်ခံပေးဖို့နဲ့ အခမ်းအနားကိုတက်ရောက်ပေးဖို့ တလေးတစားဖိတ်ကြားပါကြောင်း အကြောင်းကြားတဲ့အီးလ်မေးပါ၊ အီးလ်မေးလက်ခံပြီးနောက် ဇနီးနဲ့အတူ မြန်မာဝတ်စုံပဲဝတ်ပြီး အခမ်းအနားတက်တာ လက်ခံရင် လာမယ်၊ လက်မခံရင် မလာဘူး 'No'ပဲလို့ အကြောင်းပြန်လိုက်တယ်၊ သွားရေး၊ လာရေး၊ နေရေး၊ စားရေး၊ ဝတ်စုံစရိတ်၊ လည်ပတ်စရိတ်တွေအားလုံးသူတို့ကျခံမယ်၊ စိတ်ကြိုက်ဝတ်စုံဝတ်ပါတဲ့၊ လူကြီးမင်းလာမှာကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်းနဲ့ ဂုဏ်ယူနေပါကြောင်း သူတို့ကချက်ချင်းအကြောင်းပြန်လာတယ်၊

သူငယ်ချင်းဖြစ်သူကလည်း ကျွန်တော်တို့ လင်မယား နိုဘယ်ဆုယူမည့် ပြည်ပခရီးတွက် အစစအရာရာစီစဉ်ပေးသလို သူ၏ကိုယ်ပိုင်လေယာဉ်မှာ စားသောက်ရေးတွက် ငါးပိရည်ကောင်းကောင်း ချက်တတ်တဲ့ စားဖိုမှူးနဲ့ ရာသီပေါ်အသီးအရွက်အတို့အမြှုပ်စုံတွေ၊ မြန်မာအကြောပြင်ဆရာများနဲ့ လေမျိုးရှစ်ဆယ်လျက်စားဖော်စပ်တဲ့တိုင်းရင်းဆေးဆရာတွေ၊ နိုင်ငံပေါင်းစုံနဲ့ ဆက်ဆံပြောနိုင်တဲ့ဘာသာပြန်တွေ၊ သတင်းသမားတွေ လေယာဉ်အပြည့်ထည့်ပေးတယ်၊

နိုဘယ်ဆုပေးပွဲ အခမ်းအနားသို့ ကျွန်တော်တို့လင်မယားက လွန်းရာကျော် မြန်မာအော်ဂဲနစ်ပိုးလုံချည်ဆင်တူဝတ်ကာ ကျွန်တော်က တိုက်ပုံဝတ်၊ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ ဇနီးဖြစ်သူကလည်း တဘက်ပုဝါဘယ်ညာချ၊ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထုံးဖွဲ့လို့ အခမ်းအနားတက်တယ်။

နိုဘယ်ဆုပေးတဲ့ခန်းမကြီးက ခန့်ညားထည်ဝါလှပါဘိ၊ ခန်းမကြီးအတွင်း သင်းပျံ့မွှေးကြိုင်နေတဲ့ရနံ့၊ နူးညံ့ချောမွတ်နေတဲ့အခင်း၊ ကြည်နူးဖွယ်လှပတဲ့ မီးအလင်းအမှောင်၊ ကြည်လင် ပြတ်သား ငြိမ့်ညောင်းတဲ့ ကြေညာသံ၊ သက်တောင့်သက်သာရှိတဲ့ထိုင်ခုံတွေနဲ့ အအေးဓာတ်ကလည်း ညင်သာစွာ အေးစိမ့်လို့–

PDF Compressor Free Version

ဆုပေးပွဲစပါပြီ၊ နိုဘယ်ဆုရသူတွေရဲ့ ဂုဏ်ပုဒ်တွေဖော်ရှိ သက်ဆိုင်ရာ နိုဘယ်ဆုတွေပေးနေပါပြီ၊ စာပေနိုဘယ်ဆုယူရမည့် ကျွန်တော့်အလှည့်ကားမရောက်သေး၊ အခမ်းအနားမတိုင်မီ စားခဲ့တဲ့ နေ့လယ်စာမှာ ဝက်သား၊ ငါးသလောက်ပေါင်းနဲ့ ငါးပိရည်၊ ဒညင်းသီးပြုတ်၊ တမာရွက်ပြုတ်၊ ပဲပုပ်ချက်၊ ကြက်ဟင်းခါးသီးကြော်၊ ဆူးပုတ်ရွက်ပဲကြီးဟင်းတွေ တနင့်တပိုးစားခဲ့တာရယ်၊ နိုင်ငံတကာက စာပေသမားတွေနဲ့ တွေ့ဆုံရတာရယ်၊ သတင်းထောက်တွေတပြုံကြီးရဲ့မေးခွန်းမေးလို့ဖြေရတာရယ်၊ ကိုယ်တွေဆီကနေ ဆွီဒင်ကိုတိုက်ရိုက်လေယာဉ်စီးခဲ့ရတာရယ်၊ အခမ်းအနားအစည်းအဝေးဆို ကိုယ်နဲ့မဆိုင်ရင်၊ စိတ်မဝင်စားရင်ငိုက်တတ်တဲ့အကျင့်ရှိတာရယ်တွေကြောင့် ခန်းမအတွင်းကျွန်တော်ငိုက်နေမိတယ်–

‘‘ကိုကို….ကိုကို’’အနီးက ဇနီးသည်၏အသံ၊ ကိုကို့ဖုန်းလာနေတယ်များပြောမှာလား၊ ဆုယူဖို့အလှည့်ကျပြီ၊ ကြေညာနေပြီ ပြောလေမလားရယ် လို့ အိပ်ငိုက်ရင်းက–

‘‘အင်…အင်း…ဘာလဲကွာ ’’

‘‘ဘာလဲကွာမနေနဲ့ ယောက်ျား၊ ထတော့၊ ဘယ်နှယ်…ကျွန်မလျှော်ထားတဲ့ စောင်ပေါ်ခြေထောက်တင်၊ ပန်ကာအသကုန်ဖွင့်၊ နေ့လယ်စား, စားပြီးကတည်းကအိပ်လိုက်တာ အိပ်ရာခေါင်းရင်း ခဏတင်ထားတဲ့ ရေမွှေးပုလင်းလည်း အိပ်ရင်း ‘ဂယောင် ကတမ်း’နဲ့ ခိုက်မိတာ ကျကွဲသွားပြီ၊ ကဲ…ထတော့ ညနေစောင်းရော့မယ်’’

‘ဟင်…ငါ….ငါအိပ်မက်မက်တာပါလား၊’

မတောက်တခေါက် စာရေးခြင်းနဲ့ပတ်သက်ပြီး စိတ်ကြီးဝင်လိုက်မိရာက အိပ်မက်ထဲမှာ ဂုဏ်ပြုထောပနာပြုပွဲခံနေတဲ့ ကျွန်တော့်အဖြစ်နှယ်–

လက်တွေ့ဘဝမှာ စာအုပ်ထုတ်ဝေနိုင်သည် အဆင့်ထိ စာလည်းမရေးပါ၊ ရေးနိုင်သည့်အဆင့်လည်းမရှိပါ၊ ကိုယ့်အပေါ်အသိအမှတ်ပြု၊ တန်ဖိုးထားနေရာပေးချီးမြှောက်တယ်ဆိုတာ မောင်ရင်လောင်းဘဝတုန်းကသာ–

ကိုယ်တိုင်က ဘာလုပ်လုပ် နေရာရယူလိုမှုဖြင့် လုပ်မပြတတ်၊ လုပ်လည်း မလုပ်ခဲ့၊ လုပ်လည်းမလုပ်ပါ။

ကျွန်တော့်၏ မေလအတွင်း တစ်ခုသော နေ့လယ်အိပ်မက်က နိုးထပြီးနောက် ကျွန်တော် ပြုံးမိပါတယ်။

ကျွန်တော့်အပြုံးက ခပ်ယဲ့ယဲ့သာ–

အိပ်ပျော်နေတုန်း ငယ်သူငယ်ချင်း ထပ်မံစာရေးပို့ထားတဲ့ viber က စာကြည့်မိတော့–

သူက နောက်အပတ် ကျွန်တော့်ဆီ မလာဖြစ်တော့ကြောင်း၊ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကစ နယ်စပ်မှာ လက်ခစား အလုပ်ကြမ်းသွားလုပ်တာ အဆင်မပြေလို့ လွန်ခဲ့တဲ့ ခြောက်လကျော်မှာ ရွာပြန်လာရကြောင်း၊ ရွာမှာလည်း ကျန်းမာရေးမကောင်းတဲ့အပြင် ဟိုဟိုဒီဒီတွေနဲ့ စားဝတ်နေရေး အခက်အခဲမျိုးစုံ ကြုံနေတာကြောင့် ငယ်သူငယ်ချင်း ကျွန်တော့်ဆီ အားမနာတမ်း အကူအညီတောင်းပါကြောင်းနဲ့ K pay ဖြင့် တတ်အားသရွေ့ ငွေပို့ပေးစေလိုကြောင်းပါတဲ့ခင်ဗျာ။

သူငယ်ချင်းစာဖတ်မိမှ သတိတရဖြစ်တော့တယ်၊ ဒီနှစ်သစ်ကူး ရွာဦးကျောင်းဆရာတော်ကို နဝကမ္မဝတ္တုငွေမလှူဖြစ်သေးပါလား၊ ဆရာတော်ထံ ငွေလှူရင်း သူငယ်ချင်းကိုလည်း တတ်အားသရွေ့ ထောက်ပံ့ဖို့ ငွေပို့မှပါလေ၊ ‘ဉာတကာနဉ္စ သင်္ဂဟောပေ့ါ’၊

ဝါမဝင်မီတော့ လူကိုယ်တိုင် ရွာအရောက်ပြန်၊ ဆရာတော်ကျောင်းဝန်း၊ ရွာစာသင်ကျောင်းဝန်း၊ ရွာလမ်းတစ်လျှောက် သစ်ပင်စိုက်ရတဲ့ကွက်လပ်တွေမှာ ကိုယ်တိုင်ဦးဆောင်ကာ ရွာက လူငယ်တွေနဲ့ ကုန်ကျစရိတ်နည်းနည်းအဆောင်အယောင်၊ ပကာသနမပါ အကျိုးများများဖြစ်မည့် သစ်ပင်တွေစိုက်မယ်….၊ ဆရာတော်ကျောင်းမှာ ကုသိုလ်ပြုအလှူလုပ်မယ်….၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်းတွေဖိတ်မန္တကပြု၊ နွမ်းပါးသူများကို ဆန်၊ ဆီ ငွေကြေးတတ်နိုင်သလောက် ထောက်ပံ့မယ်…၊ ရွာစာသင်ကျောင်းက ချို့တဲ့သည့်ကျောင်းသားလေးများကို စာအုပ်၊ စာရေးကိရိယာတွေဖြန့်ဝေမယ်…. ကိုယ့်အတွေးနဲ့ ကြည်နူးမိပါရဲ့။

ကျွန်တော်ပြုံးမိပြန်တယ်။

ဒီတစ်ခါ ကျွန်တော်အပြုံးက ‘*အားပါးတရခပ်လွှင်လွှင်အပြုံး*’ ပါ။ ။



PDF Compressor Free Version

# Some Miscellaneous Notes of Myint Swe

**Myint Swe (1975)**

## A Visit to The University of Auckland




I strongly believe that the main duty of knowledgeable and skilled people is to tell and teach those who are not. Similarly, one of my desires is to share all my general knowledge about the places I have ever visited with my friends and relatives who have never been there before.

Now, kindly allow me to share my experiences and knowledge of a university with you all. On the 26th of March 2024, my wife, our elder son, and I visited the University of Auckland. I chose to explore this renowned university because of my deep respect for its significance and global reputation as one of the premier universities in the world. My elder son received his Master of Engineering degree, specializing in Project Management, from this university. Additionally, he graduated with first-class honors. If someone wants to study at a university in New Zealand, it is essential to understand the key factors in choosing a suitable university. There are eight factors to consider when choosing a university: location, course content, specialist status, societies and clubs, student support, cost, sustainability, and previous and current student experiences. Consequently, one can decide which university is the best fit for them.

As far as I know, New Zealand has eight universities altogether. The highest-ranking university in New Zealand is the University of Auckland. All these universities play a prominent role in the New Zealand research environment. According to the World University Rankings for 2023, the University of Oxford in the United Kingdom held the first ranking, followed by Harvard University in the United States at second, Cambridge University in the United Kingdom at third, and the University of Auckland in New Zealand stood at 138th rank.

When I was a university student, Rangoon Arts and Science University (RASU) used to be one of the best universities in Southeast Asia. Due to this, I was highly proud of RASU. According to the list of Forestry graduates from Rangoon Arts and Science University, some graduates from the 1925 to 1952 batches are citizens of Thailand, Malaysia, and Nepal, while the remaining graduates are citizens of Myanmar. As far as I know, RASU was the only university that offered a Forestry degree in Southeast Asia during the period from 1925 to 1952. Needless to say, RASU used to be one of the prominent universities in Southeast Asia. Now, let us look at the ranking of Yangon University. To my knowledge, Yangon University is one of the top universities in Yangon, Myanmar. However, it is ranked 81 in the Asian University Rankings as per the 2024 report on Southeast Asia.

# An Old Forester Looks Back. (25) – Forest Fire Management in Myanmar

PDF Compressor Free Version

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA.

Director (Retired), Ex-Chairman, FREDA.

The Republic of the Union of Myanmar with the Capital Nay Pyi Taw, is the largest country in South East Asia Peninsula sharing borders with Bangladesh, India, China, Laos and Thailand with a total land area of 676,577 $km^2$. Myanmar lies between latitude 9Ú32´ and 28Ú31´ North and Longitude 92Ú10´E and 100Ú11´E and the total length from North to South is about 2090 Km and the largest width from East to West is about 925 Km. Myanmar is composed of seven states and seven regions. The seven states are Kachin, Kayah, Kayin, Chin, Mon, Rakhine and Shan states. The seven regions are Sagaing, Tanintharyi, Bago, Magwe, Mandalay, Yangon and Ayeyarwaddy regions. The names of the states are also the names of the major ethnic groups in Myanmar except the of Bamar ethnic group. Four of the regions out of seven regions have the capital city of the region with the same name. The exceptions are Tanintharyi, Sagaing and Ayeyarwaddy regions. In order to manage the states and regions effectively, Bago region is divided into two parts Bago (East) and Bago (West) and Shan state into three parts Shan (East), Shan (North), Shan (South).

Fire management is the process of planning, preventing and fighting fires to protect people, property and the forest resource. It encompasses both the traditional efforts of fire prevention and fire suppression as well as the use of prescribed fire as a tool to attain forestry, wildlife and land-use objectives, community involvement, and forest law enforcement.

Wildfires are a serious problem in Myanmar with local and wide-reaching regional impacts. Myanmar has highest burn rate in Southeast Asia and ranks 11$^{th}$ globally in terms of forest fires. Between 2003 and 2012, more than 17.732 million hectares burned in Myanmar. This includes over 6 million hectares of forests. Forest fires in Myanmar in represented 55.8% of all forest areas burned in Southeast Asia.

The estimated population of Myanmar is 51.48 million in (2013-2014) as of 29 March 2014. Approximately 70 percent of the population reside in rural areas. The population density is 76 per $km^2$ in March 2014 and its ranges from 716 persons per $km^2$ in Yangon Region to 13 per $km^2$ in Chin State. The number of males per 100 females is 93.11. The population above 65 years is 2.89 million which is 5.61 percent of the total population, while children below 14 years number 14.40 million, which is 27.97 percent. (Statistical Year Book, 2015)

Majority of the rural population engages in agriculture, mainly crop production and farm related activities. The total farm population living in agriculture holdings was estimated at 17.464 million in 2003. (Myanmar census of agriculture, 2003). One-third or more rural households engaged in agriculture have neither land nor livestock. By far the largest number of the poorest households relied on agriculture casual labour as their most important income source. The poorest households relied on a wide variety of other primary sources of income. Since 70% of the population is depending on the agricultural production, livestock and fishery industries, their livelihood is determined by favorable weather and climate conditions. As a result, the Myanmar economy is very susceptible and vulnerable to weather variability, weather extremes, the influence of climate change and natural disasters.

Myanmar has tropical monsoon weather with three distinct seasons; hot, rainy and cool seasons. Rainfall is influenced by monsoons and also by the geography. Annual rainfall of the coastal regions has about 5000 mm while the central dry zone areas have less than 750 mm. Myanmar has a temperature range from 10ÚC to 32ÚC with an average mean value 21ÚC in the Northern low lands, sometimes dropping to 1ÚC or 0ÚC in the high lands and 32ÚC in the coastal area. Myanmar's land surface slopes gradually with undulating mountain ranges, hills and valleys from North to South. Khakabo-razi, the highest mountain in South East Asia, with its peak of 5881 m is found Northern Myanmar. The composition and distribution

PDF Compressor Free Version

of Myanmar's land resources in 2012 were described as reserved forests (24.9%) and other forests (24.1%), fallow land (0.4%), cultivate areas (17.6%), cultivatable wasteland (8.3%) and others (24.7%). The environmental condition of Myanmar sea waters is still in pristine condition together with abundant aquatic resources.

The application of fire in land-use systems and wildfires in forests and other vegetation in Myanmar and neighbouring countries within the South East Asian region have reached high levels and have been contributing to severe environmental problems and impacts on society. Traditional slash-and-burn systems in the shifting agriculture mode are increasingly replaced modern large-scale conversion of forest into permanent agricultural systems which are partially maintained by fire, and into forest plantation. Wildfires escaping from land-use fires are becoming more regular. In Myanmar and within the South East Asian / ASEAN region a joint, concerted approach is needed to cope with the problem of transboundary pollution caused by vegetation burning. However, since fire is a common and, in many cases, an essential or the only tool in land use in the tropics a response strategy must be developed in which the benefits from fire use would be encourage, at the same time the negative impacts of fire be reduced. National and regional fire management plans and policies must take into consideration the complexity and diversity of fire uses in different vegetation types and land-use systems.

Myanmar is rich in forest resources and biodiversity and at least 40% of the total area of the country is still forested. Foret resources provide many social, economic, and environmental benefits. Sustainably managed forests provide essential goods and services and thus play a vital part in sustainable development of Myanmar. For about 70% of 52 million people who live at rural areas, forests are their only home. They provide fuel and construction wood, animal products, fruits, nuts, honey and species, organic fertilizers, fodder for animals, traditional medicines and many raw materials for industry such as oils, resins, gums, rubbers, waxed, fibers, rattan and bamboo.

The Permanent Forest Estate (PFE) is composed of: Reserved Forests and Protected Pubic Forest and covers, 19.78 million hectares. The PFE is under the management of the Ministry of Natural Resources and Environmental Conservation (MONREC). Other lands with forests are un-classified and cover 16 million hectares. Unclassified forests are primarily under the authority of Department of Agricultural Land Management and Statistics within the Ministry of Agriculture, Livestock and Irrigation (MoALI).

In the Emergency Response Preparedness Plan for Myanmar (2014) a risk assessment was elaborated ranking the hazards by their foreseen impact and likelihood of occurrence. The highest risks identified were cyclone, followed by conflict/civil unrest, floods and earthquakes. Notably fire hazard is "Moderate" and "Moderately Likely", reflecting that building and structure fire hazard is the most frequent and accounts for approximately 70 percent of incidents. The number of fire cases is decreasing while the losses due to fire have an increasing trend. The high incidences of fire cases are concentrated mainly in Yangon, Mandalay, Ayeyarwady, Sagaing and Bago. These regions account for 63 percent of the total fire cases of the country, while the financial loss is approximately 38 percent of the cases. The period from January to May is the high season for fires. The average annual fire cases run to 900, and the loss of properties is to the tune of 1 billion kyats or 0.91 million USD9 (ECD,2020).

The most common types of wildfire-affected landscape in Myanmar includes dry forest, mixed deciduous forests and hills and temperate evergreen forests. Fires occur most frequently during the dry season from December to May. Ninety-nine percent of fires in Myanmar occur between February and April, in the hot and dry season before the monsoon season.

The forest fires in Myanmar are normally surface fires, most frequent during the dry season, starting around December until May. They occur in almost all States and Divisions sporadically, but are more common in upland regions, namely, Bago, Chin, Kayah, Kachin, Mandalay, Rakhine and Shan. They cause haze problems and have negative impact on the community.

The review of a country report (*Update on National action Plan for Haze Control in the Dry Season in Myanmar*, Environmental Conservation Department (ECD)) pointed out that about 95% of vegetation fires in Myanmar are due to anthropogenic

actions. The main drivers of these fires are identified to be: PDF Compressor Free Version

1. Burning for shifting cultivation;
2. Burning of agricultural residues;
3. Burning for hunting; and
4. Burning for honey collection

It is indicated that most vegetation fires in Myanmar are from shifting practices in mountainous region. In that case, especially with regard to forest fires, shifting (slash and burn) cultivation, prolonged drought, deliberate burning of the forest for hunting purposes, careless use of fire (smoking or cooking) in the forest, intentional blazing of tree trunk for collection of lacquer and purposeful burning of fodder on the ground to make room for the growth of new grass (grazing) are identified as major sources of ignition. With regard to other wooded land, shifting cultivation practices, land clearance for large scale industrial plantation (e.g., oil palm, rubber), expansion of agricultural land and infrastructure developments are indicated as the main drivers for vegetation fires. On crop land, the two main drivers are reported to include the removal of crop residues via open burning to clear the land for a next cycle of production and for soil fertilization.

Based on land use types, in the case of forest fire, the states and regions of Shan, Chin, Rakhine, Kachin and Magway were identified as the priority areas for fire control land the main drivers identified to include: (1) burning for land clearance (mainly for plantations, shifting cultivation practices, and fire prevention in the forest areas), (2) burning for collection of wood and non-wood forest products (3) burning for hunting, and (4) careless and accidental fires. For fire in other wooded land, the states and regions of Shan, Chin, Sagaing, Magway and Kayin were identified as the priority areas for fire control and the main drivers identified to include: (1) burning for land clearance (mainly for agricultural expansion, shifting cultivation practices and grazing), (2) careless and accidental fires (smoking and cooking), (3) burning for hunting. For crop land, the states and regions of Shan, Sagaing, Magway, Chin and Kayah were identified as the key areas for fire control and the main drivers to include: (1) agricultural residues burning, (2) land clearance and preparation for crops cultivation, and (3) shifting cultivation practices.

Under Myanmar's Intended Nationally Determined Contribution to UNFCC, the Government of Myanmar implemented the National Forestry Master Plan in 2001. The 30 Year National Forestry Master Plan (2001-2030) is being imple- mented for the effective and efficient conservation of forest resource. The plan's objectives are develop- ing rural communities, alleviating poverty and conser-ving the environment. This is to be accomplished through the creation of job opportunities, affording permission to use forest lands and extraction of non-wood forest products (NWFPs) such as bamboo and rattan, which provide the main source of income for poor and landless rural households, and diversification of cooking energy sources an income. The plan includes the establishment of forest plantations and community forests, promotion of bio-energy and NWFPs, human resource development and forestry extension services.

The Forest Law (2018) was passed in 2018 and replaced the old Forest Law (1992). The Law includes certain objectives to ensure long-lasting forest management and sustainable development. This Law stipulates some of the principles related to fire management which is to prevent the dangers of destruction of forest and bio-diversity, the outbreak of fires, the infestation of insects and the occurrence of plant diseases. There are penalties and punishments to whoever commits the following acts:

- Kindling, keeping and carrying any fire or leaving any fire burning which may set fire to the forests in a reserved forest;
- Felling, cutting, girdling, marking, lopping, tapping or injuring by fire or otherwise any tree in a reserved forest.

To investigate the causes of vegetation fires in Myanmar, representatives from governmental organizations in the country-which are involved in vegetation fire control activities, including the Environmental Conservation Department, the Forest Department and the Department of Agriculture in seven states and regions out of nine priority areas, i.e., Shan, Chin, Rakhine, Kayin, Kayah, Magway and Bago, were interviewed. Based on these interviews, the main drivers of vegetation fires in Myanmar were reported to include: (1) burning for land clearance (agricultural expansion, shifting practices, plantation, urban development, fire prevention in the forest area and grazing), (2) burning for collection of wood and non-wood forest products, (3) careless and accidental fires (camping, logging and illegal logging), (4) burning for hunting and (5) burning for the removal of

agricultural residues. Fire due to prolonged drought was not reported as a major issue in Myanmar.

PDF Compressor Free Version

Fire and Resource Management Planning (FRMP) includes a series of decisions, actions and activities that will result in achieving the objectives of the (FRMP). In order to manage effectively and efficiently, planning is required. What are the tasks that need to carried out as part of the management process, what resources need to allocated to carrying out these tasks, by whom will they be carried out, how and when? All of these questions will be addressed in the management plan.

The functions of management planning are:

1. To ensure compliance with local, national and international policies.
2. To identify the objectives of site management
3. To identify the factors that affect, or may affect, the features
4. To resolve any conflicts
5. To define the monitoring requirements
6. To identify and describe the management required to achieve the objectives
7. To maintain continuity of effective management
8. To obtain resources
9. To enable communication within and between sits, organizations and stakeholders
10. To demonstrate that management is effective an efficient
11. To learn from other fire management experiences

The National Forest Policy formalizes the commitment of the Government of Myanmar in ensuring sustainable development of the forest resource both for environmental conservation and economic purposes. The document identifies six imperatives, namely Protection, Sustainability, Basic Needs, Efficiency, Participation, and Public Awareness. The Forest Policy emphasizes the protection of soils, water catchment, ecosystems, biodiversity, genetic resources, scenic reserves, and national heritage sites. The policy aims to increase reserved forest to 30% and protected area to 10% of the total land area. Fire protection is emphasized in paragraph 6.2.2 under the forest protection and management "Protect Forest from fire, disease, insects, and human impacts".

20. In Myanmar, especially at Remote Townships, School going age varies from area to area. Some (5-10) years, some (5-13) years and some (5-15) years of age. Children age (5-12) years are generally considered primary level students in Myanmar. According to Myanmar Statistical Year Book (2015) the official entry age for primary education in Myanmar is 5 years. In 2014, for every 100 young students of the same age-group, about 87 went in Primary School, 52 in Middle and 28 in High School. Nay Pyi Taw, Bago and Tanintharyi were the areas with the highest net enrollment rate in Primary 99.05%, 98.98% and 96.03% respectively in 2014.

The spirit of self-reliance resides in all human beings no matter who they are, what financial status they possess, what ethnic group they belong to, and what religion they may believe in. This spirit, if not revealed in a people's current behavior, can be awakened by appropriate stimulation. Self-reliance spirit usually can serve as drive in a community to be well organized for their own development. Organization and collective management are key elements for people's self-reliance. Raising the level of know ledge and promoting skills among the people is an important task for enhancing people's self-reliance.

In rural societies in Myanmar, different organizations traditionally exist and play an important role in the community life. These are:

- The group of religious persons,
- The group of the elderly,
- The group of the bachelors,
- The group of the spinsters, and
- The group of the married.

These traditional groups are all informally formed among like-minded villagers by themselves. They pursue specific and well-defined objectives. They are often well organized and their unwritten rules are simple but strictly enforced. Every adult in the village, regardless of age, sex, wealth, and occupation, participates for the development of their community. The organizations are on a voluntary basis. All members take an active part in all works, The members provide not only labor but also cash and material contribution in emergency. Mutual assistance is given for some onerous activities among the members. Social cohesiveness is greatly reinforced by the traditional groups. The self-help spirit is passed from one generation to another. The elder people usually hand down invaluable experience and knowledge to younger generations via the traditional organizations.

နောက်ကျောဖုံးမှအဆက်

PDF Compressor Free Version

## ပုံသဏ္ဍာန်

အရွက်များသည် ရွက်ရိုးရွက်လွှဲထွက်ပြီးကြီးမားသည်။ ရွက်ညှာများမှာလည်းရှည်သည်။ ကရမက်ပင်၏အမြစ်များသည် မြေကြီးအတွင်းသို့ နက်ရှိုင်းစွာ ထိုးမဝင်ဘဲ အပေါ်ယံ၌သာ မြေကြီးအတွင်းသို့ ထိုးဝင်ပြီး ဖျာထွက်လျက် ပေါက်ရောက်ကြသည်။ သဲမြေပွ တောင်မြင့်တောများ၌ ပေါက်ရောက်ကြသဖြင့် အပင်အိုလာသည့်အခါ လေပြင်းတိုက်ခတ်သည့်ဒဏ်ကြောင့် လဲလွယ် သေလွယ်ကြသည်။

ကရမက်ပင်ကို အစိမ်းလိုက် လတ်လတ်ဆတ်ဆတ် ခုတ်ယူရသည် မဟုတ်ဘဲ အလိုအလျောက် သေနေသော နတ်သတ်ပင်၊ လဲသေပြီး အကာသားများ ဆွေးနေသောအပင်များမှသာရရှိနိုင်ပါသည်။ မြိတ်မြို့နယ်တွင် အချို့သော ဥယျာဉ်ခြံမြေများထဲ၌လည်း စိုက်ပျိုးထားတတ်ကြသည်။

အပွင့်များသည် အဝါရောင်ပွင့်၍ အနံ့မွှေးကြိုင်သည်။ ကရမက် ရှာဖွေသူများသည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ တနင်္သာရီမြို့နယ် နယ်စပ်တစ်လျှောက်တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ ရှေးအခါက ကရမက် ရှာဖွေစုဆောင်းလိုသူတို့သည် လမ်းပန်းခရီး မလွယ်ကူကြဘဲ ကုန်းတစ်တန် ရေတစ်တန် ခက်ခဲပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းကြရသည်။ ရှာဖွေရရှိသောကရမက်များကိုလည်း လူကိုယ် တိုင်ထမ်းပိုးပြီး တစ်စခန်းမှတစ်စခန်း သို့ အထောက်ထောက် စခန်းချပြီး မြစ်ဆိပ်ရောက်သည်အထိ သယ်ယူကြရသည်။

ရှေးအခါက ကရမက်ပင်များကို အစိမ်းလိုက်ခုတ်လှဲခြင်း မပြုလုပ်ဝံ့ကြပေ။ ခုတ်လှဲမိပါက နတ်ဖမ်းစား၍အိမ်သို့ပြန်မရောက်၊ ပြန်လမ်းမရှိဟု အယူရှိကြသည်။ ကရမက် စုဆောင်းလိုသူများမှာလည်း ၂ လ မှ ၃ လခန့်အိုးအိမ်များကိုစွန့်ခွာပြီး သွားကြရသည့်အတွက် မိမိတို့၏သားမယားကို ခေတ္တကွာရှင်းပြီးမှသာ သွားလာလေ့ရှိကြသည်။

ကရမက်တောသို့ ရောက်ရှိသည့်အခါ၌လည်း ကြမ်းတမ်းယုတ်မာသော ပြောမှုဆိုမှု လုပ်ကိုင်မှုတို့ကို သတိထားပြီးရှောင်ကြဉ်ကြရသည်။ လဲပြီး သေနေသည့်ကရမက်ပင်များကို ကရမက် ဟုတ်မဟုတ် ဓားဖြင့် ခုတ်ထစ်ကြည့်သည့်အခါ ကရမက်ရရန် ကံမထိုက်သူအဖို့ အနံ့ပျောက်ကွယ်သွားပြီး ကရမက်များမရရှိဘဲ ဖြစ်တတ်ကြသည်ဟု ယုံကြည်ယူဆမှု ရှိကြသည်။

ယခုအချိန်၌ ကရမက်ထုတ်လုပ်ပုံမှာ ကရမက်ပင်များကို သင်းသတ်၍ဖြစ်စေ၊ အစိုကို ခုတ်လှဲ၍ဖြစ်စေ တောထဲ၌ ပစ်ထားပြီးနောက် ၂ နှစ်ကျော်ခန့်ကြာသည့် အချိန်ရောက်မှ အကာသားများ ဆွေးမြေ့သည့်အချိန်တွင် အရွယ်တော်ပိုင်းဖြတ်ပြီး ထုတ်ယူကြရသည်။ ထူးဆန်းသည်မှာ ကရမက်သား လတ်လတ်ဆတ်ဆတ်သည် လုံးဝ အနံ့မမွှေးကြိုင်ကြပေ။ အကာသားများ ဆွေးမှ အနံ့ထွက်လာပြီး မွှေးကြိုင်လာသည်။ အကာသား ဆွေးလာလေ အနံ့မွှေးကြိုင်လေဖြစ်သည်။

ကရမက်သည် နံ့သာဖြူ၊ နံ့သာနီ၊ အကျော်၊ စံပါ၊ ကရမက်ဆိုသော နံ့သာငါးမျိုး၌ပါဝင်သည်။ ကရမက် ဆိုသော ဝေါဟာရမှာ ပသျှူးစကား (မလေး) စကားဖြစ်သည်။ မိန်းမတို့အသက် ကရမက်ဟု ဆိုရိုးစကား ရှိသည့်အတိုင်း မြန်မာအမျိုးသမီးကြီးငယ် အပေါင်းတို့သည် ကရမက်ကိုသွေး၍ လိမ်းကျံကြသည့်အပြင် သွေး၍လည်း သောက်ကြသည်။

## သစ်သား

ညိုညစ်ညစ် အရောင်ရှိသော ကရမက်သားကို လိပ်သည်း ကရမက်ဟု ခေါ်ဆိုကြသည်။ ကရမက်အမျိုးအစားများမှာ ကတိုးကျနှင့် ရေချိုးခံဟူ၍ ၂ မျိုး ခွဲခြားထားကြသည်။ ကတိုးကျဆိုသည်မှာ အလွန်မွှေးကြိုင်ပြီး ကတိုးဆီအနံ့ကဲ့သို့မွှေးသည်။ ရေချိုးခံ ကရမက်မှာ သွေးလိမ်းထားပါက ရေပြန်ချိုးသည့်တိုင်အောင် အနံ့သင်းသင်းစွဲကျန်ရစ်တတ်သဖြင့် ရေချိုးခံ ကရမက်ဟုလည်း အမွှန်းတင်ကာ ခေါ်ကြသေးသည်။ ကရမက်သားကို စန္ဒကူးသားကဲ့သို့ပင် အလေးချိန်ဖြင့် ရောင်းဝယ်ကြသည်။ တစ်ကုဗပေလျှင် အလေးချိန် ၆၄ ပေါင်စီးသည်။

## အသုံးဝင်ပုံများ

ကရမက်သားကို အမျိုးသမီးများ လိမ်းကျံခြင်းနှင့်အမွှေးတိုင်များ ပြုလုပ်ရာ၌ အသုံးပြုကြသည်။ သွေးသောက်ခြင်းကိုလည်း ပြုလုပ်တတ်ကြသည်။ တရုတ်လူမျိုးများသည် ကရမက်ကို အမှုန့်ပြုလုပ်၍ အမွှေးတိုင်များ ပြုလုပ်ပြီး ရောင်းဝယ်ဖောက်ကားကြသည်။



အဓိကမှာ မြေကြီးဟာ
သားဆိုးမွေးမိတဲ့ မိခင်လို
ပူဆောင်မှုကို ခံစားနေရရှာတယ်။
*APK*

# မိခင်တစ်ယောက် အကြောင်း

PDF Compressor Free Version





တင်ဝင်း

၁၉၉၄-၉၅ ခုနှစ်များဆီကဖြစ်ပါသည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်းမကြီးကို ငမိုးရိပ်ဆည်တည်ဆောက်ရန် စီမံကိန်း 'စ' လေရာ-သစ်တောကဏ္ဍလည်းပါဝင်ရလေသည်။

ရေဝပ်ဧရိယာ (Basin Area)၊ ရေဝေရေလဲ (ရေထိန်း) Catchment Area ဟူ၍ ရှိပေရာ ရေဝပ်ဧရိယာသည် အပြောင်းရွှေ့ရမည်ဖြစ်ပြီး ရေဝေဧရိယာမှာ တောထိန်းသိမ်းရမည်ဖြစ်သည်။

ယင်းဧရိယာနှစ်ခုတွင်းရှိ ကျေးရွာများမှာလည်း ပြောင်းရွှေ့ရပေမည်။

ကျွန်တော်တင်ပြလိုသည်မှာ ပြောင်းရွှေ့ရမည့် 'ဆေးကိုင်းကျေးရွာ' အနီး တောင်ကြောပေါ်တွင် ကညင်ဖြူ တစ်ပင်ရှိပါသည်။ လုံးပါတ် ၂၂ ပေ ကျော် အမြင့် ၈၀ ပေ ကျော် (ဆင်းလုံးချော) မိခင်မျိုးပင် (Mother Tree) ဖြစ်ပါသည်။

သူမ၏မျိုးစေ့များနှင့် ပျိုးထောင်စိုက်ပျိုးခဲ့သော ရဲမွန်တပ်မြို့ ပျိုးဥယျာဉ်ဝင်းအတွင်းတွင် ယခုအခါ GBH 6 ပေ ဖြစ်နေခဲ့ပြီ။

ကျွန်တော့်ဘိနယ်အတွင်းဖြစ်ပါ၍ ထိုအပင်ကို သစ်သူခိုးရန်က ကင်းစေရန် အရိပ်တကြည့်ကြည့် စောင့်ကြည့်နေရပါသည်။

ဆည်မြောင်းဌာနက Basin /Catchment ခွဲခြားရန် contour ပိုင်းသောအခါ ကျွန်တော့်အပင်ကြီး basin ထဲမပါရေး ရင်ခုန်ရပါသည်။ Basin နှင့်လွတ်ပြီး Catah-ment မှာပါသွားပါ၍ မခုတ်လှဲရတော့ဘဲ 'ထိန်းသိမ်းပင်' အဖြစ်ကျန်ခဲ့လေသည်။

ကျွန်တော့်ဆုတောင်းပြည့်သည်ပေါ့။

အလုံးအဖန်က ကြီးကြီး၊အရပ်အမောင်းကမြင့်မြင့် အသားကဖွေးဖွေး ကြည့်လို့ ကောင်းလှသော အမျိုးသမီး ဖြစ်ပါသည်။ (Jannifer lopez) ပေါ့။

ကညင်ပင်များကို ကျွန်တော်ချစ်သည်။ ကညင်သီးသည် 'ဆီးဖြူသီး'ခန့်အရွယ်ရှိပြီး ယုန်နားရွက် ကလေးများကဲ့သို့ထောင်နေသော အပြား ၀.၅ လက်မ ၊အလျား ၆ လက်မခန့်ရှိသည့် အတောင်နှစ်ဖက်ပါရှိသည်။

လေတစ်ချက်ဝေ့လေတိုင်း မြင့်ခေါင်သော ကညင်ပင်ထိပ်ဖျားဆီက ကညင်သီးများကြွေ၍ လေတွင် ဝဲကာဝဲကာ့ပျံနေသည်ကို မြင်ရသည်မှာအနုပညာမြောက်လှသည်။

အတောင်နှစ်ဖက်ပါသော ကညင်သီးသည် 'ချာလည် ချာလည်' ဖြင့် လေဟုန်စီး၍ လေစုန်ကို သာသာယာယာပဲ လိုက်သွားလေသည်။ ဒါသည် မျိုးပြန့်ပွားခြင်းဖြစ်ပေသည်။(NR) (Natural Regeneration) ဖြစ်စဉ်ဖြစ်ပေသည်။

ကျွန်တော် DR တာဝန်ဖြင့် တိုက်ကြီး(ဥက္ကံကြိုးပိုင်း)တွင် သစ်မာပင်ထောင်ရိုက်မှတ်ရစဉ်က ကြွေကျလာသော ကညင်သီးများကို နောက်လိုက်တောခေါင်း ပေါက်စကိုပြ၍--

'အဲဒါ 'ဂမုန်းလိပ်ပြာ' လို့ခေါ်တယ်၊ ဆေးဖက်ဝင်သကွ၊ ဆောင်ထားရင် ပီယသဒ္ဒိ ကောင်းတယ် လူချစ် လူခင်များတယ် စော်ကြည်တယ်' -လို့ပြောတော့-သူ ကညင်သီးများကောက်လေသည်။ (ကညင်မျိုးစေ့များရခဲ့ပါသည်)

By the way... ကျွန်တော့်၏ ထိုးမြဲလက်မှတ်မှာ ကညင်သီး Design ဖြစ်ပါသည်။

PDF Compressor Free Version

သစ်တောဦးစီးဌာနဝန်ထမ်းများလည်း Basin Area ကို အပြောင်ရှင်းရန် ပင်ထောင်ရိုက်ကြပြီး မိုးအကုန်တွင် MTE က တာဝန်ယူထုတ်လေသည်။

ထိုအချိန်တွင် ကျွန်တော့်အပင်ကြီးကို မှားယွင်းခုတ်လှဲတာမျိုး ရောင်တော်ပြန်နှင့် ရောလွတ်တာမျိုး ဖြစ်မှာစိုးရိမ်ရပြန်သည်။

သို့ပါ၍ ကျွန်တော်သည် ဆေးကိုင်းကျေးရွာတွင် 'သတင်းလူယုံ' တစ်ယောက် လျှို့ဝှက်မွေးထားလိုက်သည်။ သူ့ကို တောစီးဖိနပ်၊ ဆန်၊ ဆီ စသည်ဖြင့် ကြုံသလိုထောက်ပံ့ပေးထားပါသည်။ (များများစားစားတော့ မဟုတ်ပါ။ ရံဖန်ရံခါသူချက်ကျွေးသော ကာလသားချက်/ပွေးချေးခါးချက်၊ စားပြီးပြန်ခဲ့သည်များလည်းရှိပါသည်)

တစ်နေ့တွင် ကျွန်တော်နေထိုင်ရာ ဖောင်ကြီးသို့ သူရောက်လာလေသည်။

'ဘာထူးလဲဟေ့' ... ဆိုတော့...

'ထူးတော့ထူးတယ်ဆရာ ဒါပေမဲ့ အေးဆေးပါ' ဆိုပြီး သူပြောပြသည်မှာ...

(သူပြောပြသည့်အတိုင်း တင်ပြပါမည်)

ကညင်ပင်ကြီးနှင့် အနီးဆုံး ဆေးကိုင်းရွာလည်း ပြောင်းရွှေ့ရန်အတွက် ရွာသားများအလုပ်ရှုပ်နေသည်ကို အခွင့်ကောင်းယူကာ ကညင်ပင်ကြီးကို ခိုးခုတ်ရန် သစ်သူခိုးသုံးယောက်ကြံစည်ကြလေသည်။

သို့ရာတွင်ထိုကညင်ပင်သည် အစောင့်အရှောက်ရှိသည်ဟု လူပြောသူပြောများပါ၍ ရုတ်တရက်မလှဲရဲပေ။ ဟိုး...ယခင်က သစ်ပင်ကြီးကိုခုတ်လှဲရန်သွားရောက်ခဲ့သော သစ်ခိုးသမားနှစ်ယောက်သည် သစ်ကိုင်းကြီးပေါ်တွင် သမင်တစ်ကောင် လမ်းလျှောက်နေသည်ကို မျက်ဝါးထင်ထင်တွေ့ရသော မယုံနိုင်စရာမြင်ကွင်းကြောင့်ကြောက်ရွံ့ခြင်းကြီးစွာ လှည့်ပြန်ခဲ့ရကြောင်း ဒဏ္ဍာရီဆန်ဆန် ရှိခဲ့ဖူးလေသည်။

(အနိမ့်ဆုံး ကိုင်းခွဲကြီးမှာ မြေပြင်မှပေ ၆၀ ကျော်မြင့်ပါသည်။)

တစ်နေ့တွင် ထိုသုံးယောက်က ဤသို့ ကြံစည်သည်။ ငါးပေ ငါးမန်းလွှကြီး နှစ်ချောင်းကိုဆက်၍ ထက်အောင်သွေးထားသည်။ (စက်လွှမသုံးရဲ၊ စက်သံက ကျယ်လွန်းသည်။)

သစ်လှဲရာတွင် အသုံးပြုမည့်ကိရိယာများနှင့်အတူ လွှကြီးကိုပါ သစ်ပင်တွင်ထောင်ထားသည်။

နှုတ်မှတိုင်တည်သည်။ 'ဒီသစ်ပင်မှာ အစောင့်အရှောက် တကယ်ရှိလျှင် ဒီပစ္စည်းတွေကို လှဲချထား။ လှဲမချလျှင်တော့ သစ်ပင်ကို ငါတို့လှဲမယ်'။

သစ်ပင်နှင့် မနီးမဝေးဝါးရုံရိပ်တွင် ပုလင်းထောင်၍ 'ရဲဆေး' တင်ကြသည်။

သူတို့ သစ်ပင်ကြီးအရိပ်ကို မခိုကြပါ။အပင်လှဲမည်ဆိုက အရိပ်မခိုရပါ။ 'အရိပ်နေနေ အခက်ချိုးချိုး မလုပ်ရ' သစ္စာထားကြတာ ထုံးစံဖြစ်ပါသည်။ မည်သို့ပင်သစ္စာထားပါစေ၊ သစ်ခုတ်သားဘဝသည် မကြီးပွားပါ။ မြန်မာအဆိုရှိပါသည်။

'သစ်ကြီးဝါးကြီးဖြုန်းတီးသူ ဘယ်တော့မှ မကြီးပွား။ သစ်ဖျားလည်းခြောက် ငွေလည်းပျောက်'။

ကုန်သည်ပွဲစားများသာ ချမ်းသာသွားကြပါသည်။

သူတို့အရက်သောက်လို့ တစ်ခွက်မကုန်သေး– သစ်ပင်တွင်ထောင်ထားသည့် လွှ၊ သံတူရွင်း၊ သံသတ်၊ ပုဆိန်၊ ရဲဒင်း၊ တူ စသည့်များသည် သူတို့အနီးသို့ တဝိုးဝိုးတဖုံးဖုံးကျလာလေသည်။ လူသူအရိပ်အယောင်လည်းမတွေ့ရပေ။ သူတို့လည်း ပုဆိုးကွင်းသိုင်း၍ ကြောက်လန့်တကြီးပြေးခဲ့ကြလေသည်။ ဘာပစ္စည်းမှတောင်ပြန်မယူနိုင်ကြ။

(သစ်သူခိုးကိုယ်တိုင်ပြန်ပြောပြသည်ဟု သိရပါသည်။)

သည့်နောက်ပိုင်း 'သူမ၏' လုံခြုံရေးကို စိတ်မပူရတော့ပါ။ လွန်ခဲ့သောရက်ပိုင်းက သူမထံသို့ အလွမ်းပြေရောက်ခဲ့ပါသည်။ ကျွန်တော်တို့မတွေ့ရသည်မှာ ၂၈ နှစ်တိုင်ခဲ့ချေပြီ။ သူမသည် နုပျိုလန်းဆန်းဆဲ၊ ငယ်သူငယ်ချင်းဟောင်းတစ်ယောက်ကို စိုပြည်လန်းဆန်းစွာပြန် တွေ့ရသလို ဝမ်းသာကျေနပ်ဖြစ်ရပါသည်။ GBH 27 ပေ 6 လက်မ အမြင့် ၁၂၀ ပေ ဝန်းကျင် ခန့်မှန်းပါသည်။ နှစ်ပေါင်း ၂၈ အတွင်း လုံးပတ် ၅ ပေကျော် ၊ အမြင့်ပေ ၃၀ ကျော် 'တက်'ခဲ့ပါသည်။ ကုဗတန် ၅၀ ခန့်မှန်းပါသည်။

ယခုအခါ ထိုကညင်ပင်ကိုကာကွယ်ရန် သတိပေးတားမြစ်ချက်စိုက်ထူခဲ့ပါသည်။ ကျွန်တော်လည်း အငြိမ်းစားယူရန်နီးကပ်ပြီဖြစ်ပါ၍ နှောင်းလူများ ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေကြောင်း။

**တည်နေရာ**–ရန်ကုန်တိုင်း၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ နယ်မြေ ၃၊ ချိုပူဘိနယ်၊ ငမိုးရိပ်ဆည် Catchment Area 17°24`56.661 N: 96°09`30.451. E ဖြစ်ပါသည်။

**********

# ကမ္ဘာမြေ ချစ်သူများ

PDF Compressor Free Version



**နိုင်ပြေ - ကော့မှူး**
**(မြန်မာနိုင်ငံသစ်တောကျောင်း အမှတ်စဉ်-၁၁၈)**

✧ မြေဆီစိုခိုက်
သစ်ပင်စိုက်ဖို့၊ မောဟိုက်မရှိ
ပြုံးပီတိနဲ့၊ သတ္တိခွန်အား
ဒို့အများက၊ စိတ်ထားဖြူစင်
ပြည်တစ်ခွင်မှ အားပေးသည်။

✧ အဒေါ်ဦးလေး
အကိုမြေးတို့
ပူနွေးကမ္ဘာ၊ မဖြစ်ရာရေး
ချိန်ခါတွေးဆ၊ ကြိုးစားကြကာ
ဆန္ဒစိတ်ထား တကယ်ရှားသည်။

✧ တောင်ဂတုံးတွေ
သျှောင်ထုံးနေရင်း
ရေမြေအလှ
ထိန်းသိမ်းကြကာ
လှုံ့လအင်အား၊ ရင်ဝယ်ထားလျက်
များပြားသစ်မျိုး
ဒို့စိုက်ပျိုးလို့ နေပါသည်။

✧ ပူနွေး ရေကြီး
မုန်တိုင်းပြီးလျှင်
မြည်ဟီးငလျင်
အစဉ်ကင်းပ
ကာကွယ်ရဖို့
စိုက်ကြသစ်ပင်
မြေသားပြင်လဲစိမ်းရမည်။

✧ သစ်ပင်စည်းရိုး
ငါတို့ထိုးရင်း
ထပ်တိုးကာကွယ်
အန္တရာယ်ကို
ရင်ဝယ်မွေးဖွား
စိတ်မယ်ထားကာ
အင်အားဖေးမ
ကမ္ဘာလှဖို့ ကြိုးစားမည်။



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ (၅)ရက်
World Environment Day
*သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူအများအလေးထားပါဝင်လာအောင် လှုံ့ဆော်တဲ့နေ့။*

သဘာဝပတ်ဝန်းကျင်
ဆုံးဖြတ်ချက်တွေ
ချတဲ့အခါ
အနာဂတ်မျိုးဆက်အပေါ်
တရားမျှတမှုရှိရမယ်။





သဘာဝပတ်ဝန်းကျင်
အသိတရားတွေ
ကျွန်တော်တို့ သိဖို့လိုနေပြီ။

ကျွန်ုပ်တို့ရဲ့ လူနေမှုပုံစံကို
မပြောင်းရင်
သဘာဝပတ်ဝန်းကျင်
ပြဿနာရဲ့
အဖြေကို ရှာတွေ့မှာမဟုတ်ဘူး။





ကျွန်တော်တို့ တစ်ဦးချင်းစီမှာ
ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီး
ဖြစ်လာအောင်
လုပ်နိုင်စွမ်း ရှိတယ်။



သဘာဝကိုလေးစားပါ။

APK



PDF Compressor Free Version

သစ်တောကြေးမုံ

# ကရမက်ပင်

## ဦးဟုတ်လင်း







**အင်္ဂလိပ်အမည်။** Bastard sandalwood.False sandalwood.

**သိပ္ပံအမည်။** *Mansonia gagai J.T. Drumm.*

**မျိုးရင်း။** Sterculiaceae.

**မျိုးစု။** Mansonia

**မျိုးစိတ်။** gagai စသည်တို့ ဖြစ်ကြသည်။

Sterculaceae မျိုးရင်းတွင်ပါဝင်သော သစ်မျိုးများမှာ ---

၁။ ကရမက် *False sandalwood, Mansonia gagai.*

၂။စောပြာပင် *Ebony tree, Pterocymbium tinctorea.*

၃။ တောင်ဖက်ဝန်းပင် *Kanak champa, Pterospermum acerifolium.*

၄။ ပင်လယ်ကနစိုပင် *Sundri, Heritiera formes.*

၅။ လက်ခုပ်ပင် *Buddha's coconut, Sterculia alata.*

၆။ ဝက်လျှော်ပင် *Bornfire tree, Farmiana colorama.* တို့ဖြစ်ကြသည်။

**ပေါက်ရောက်ခြင်း**

ကရမက်ပင်များသည် မြန်မာနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ ပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ တနင်္သာရီမြစ် အထက်ပိုင်း ဝဲယာရှိ တောနက်ကြီးများထဲ၌ သဘာဝ အတိုင်း အလေ့ကျပေါက်ရောက်ကြသည်။ ၎င်းအပင်များသည် သဲမြေပွနှင့် ကျောက်နီမြေမျိုးတွင် အခြားသောသစ်ပင်များနှင့် မရော နှောဘဲ ကွက်ကြားပေါက်ရောက်တတ်ကြသည်။

ကရမက်ပင်သည် အရိပ်အာဝါသအောက်၌ အမြင့်ဆုံးအပူချိန်မှာ ၉၈ မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ အရိပ်အာဝါသအောက်၌ ၄၅ - ၆၀ ဒီဂရီ ဖာရင်ဟိုက်အတွင်း ပေါက်ရောက်ကြသည်။ မိုးရေချိန်မှာ ၉၀ မှ ၂၀၀ လက်မ အတွင်းဖြစ်သည်။ ကရမက်ပင်သည် အမြဲစိမ်းလန်းသည့် အလတ်စားအပင်ကြီးမျိုးဖြစ်ပြီး အရွယ်ရောက်သည့်အပင်ကြီး များသည် ၃၀ မှ ၄၀ ပေအထိမြင့်သည်။ ရင်စို့လုံးပတ်မှာ ၄ ပေ ကျော်အထိ ကြီးမားအောင် ပေါက်နိုင်သည်။

စာမျက်နှာ [၄၆] သို့